# သလ္လေခသုတ္တန်

(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ ပါဠိတော်၊ မူလပရိယာယဝဂ်၊ ပါ-၄၈၊ ဠ-၁၈၅။)
(၂၀၂၂-ခုနှစ်၊ ဇူလိုင်လ ၇-ရက်၊ ကြာသပတေးနေ့)

ဟောကြားသူ။ မြတ်စွာဘုရား
မေးမြန်းသူ။ အရှင်မဟာစုန္ဒ
နေရာ။ ဇေတဝန်ကျောင်း၊ သာဝတ္ထိမြို့တော်
အချိန်။ ညနေချမ်းအခါ
အကြောင်းအရာ။ မိစ္ဆာဒိဋ္ဌိအယူ အမျိုးမျိုးတို့ ဖြစ်ပေါ်လာလျှင် မည်ကဲ့သို့ ခေါင်းပါးအောင်, အပြီးသတ်ငြိမ်းအောင် ပယ်နိုင်ပုံ နည်းလမ်းများကို ဟောထားသည်။

**အရှင်မဟာစုန္ဒ၏ အမေး။ မဟာစုန္ဒမထေရ်သည် ညနေချမ်းအချိန်တွင် ဖလသမာပတ် ဝင်စားရာမှ ထပြီး မြတ်စွာဘုရားကို အရိုအသေပြုကာ ဤသို့ မေးလျှောက်၏ "အတ္တဝါဒနှင့်ငင်း, လောကဝါဒနှင့်ငင်း စပ်ဆိုင်သော မိစ္ဆာအယူမှား အမျိုးမျိုးရှိပါ၏။ ၎င်းအယူမှားများကို နှလုံးသွင်းခါစ၌ပင် (တဒင်္ဂပဟာန်, သမုစ္ဆေဒပဟာန်တို့ဖြင့်) ပယ်စွန့်ခြင်း ဖြစ်နိုင်ပါသလော?"**

မှတ်ချက်။ ဘုရားမပွင့်ခင်ပင် သတ္တဝါကို 'အတ္တ'ဟုငင်း, 'လောက'ဟုငင်း ခေါ်ဆိုကြ၏။ သတ္တ-လောက, သင်္ခါရလောက, ဩကာသလောက ဟူသော လောကသုံးပါး၌ သတ္တလောက-ဟူသည် သတ္တဝါကို ခေါ်ဆိုခြင်းဖြစ်၏။ သတ္တဝါတစ်ယောက်ကို လောက-တစ်ခုဟု ဆိုလို၏။ ဤသတ္တဝါနှင့် အတ္တကောင်သည် အမည်သာကွဲ၏ အဓိပ္ပါယ်မှာ အတူတူသာ ဖြစ်၏။

**မေးခြင်း အကြောင်း ၂-ပါး။** ။အရှင်မဟာစုန္ဒ၌ကား ယုံမှားမှုများမရှိသော်လည်း ထိုကဲ့သို့ ယုံမှားမှု ဖြစ်နေကြသော ရဟန်းများအတွက် ရည်စူး၍ မေး၏။

တနည်းအားဖြင့် ထိုအရှင်၏ တပည့်များမှာ ထိုကဲ့သို့ ထင်မှတ်မှု ရှိနေသဖြင့် ထိုတပည့်ရဟန်းများအတွက် မေးလျှောက်ခြင်း ဖြစ်၏။ မှန်၏။ အချို့သောတပည့်တို့သည် သမထဝိပဿနာ တရားတို့ကို နှလုံးသွင်းခါစ၌ပင်လျှင် ထိုဒိဋ္ဌိတို့ကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်ခြင်း ဖြစ်နိုင်၏ဟူ၍ငင်း၊ သမာပတ်ဝင်စားနေလျှင် သလ္လေခဝိဟာရ(ကိလေသာခေါင်းပါးသော နေခြင်း)ဖြစ်၏ ဟူ၍ငင်း ထင်မှတ်နေကြ၏။ ထိုသို့ ထင်မှားမှုရှိနေသော တပည့်တို့၏ ထိုအယူမှားကို ပယ်စွန့်စေလို၍ မေးလျှောက်ခြင်းဖြစ်၏။

**သမာပတ် ၃-မျိုး။** ။ဈာန်တစ်ပါးပါးကို ဝင်စားနေသော ဈာနသမာပတ်၊ ရထားသောဖိုလ် တစ်ပါးပါးကို ဝင်စားလျက် အငြိမ်းဓာတ်ကို ယူနေသော ဖလသမာပတ်၊ စိတ်, စေတသိက်, စိတ္တဇရုပ်တို့ ချုပ်ငြိမ်းနေသော နိရောဓသမာပတ်ဟု သုံးမျိုးရှိ၏။ ထိုနိရောဓသမာပတ်ကို အနာဂါမ်နှင့် ရဟန္တာများသာ ဝင်စားနိုင်၏။

## အတ္တဝါဒနှင့်စပ်သော အယူမှား ၂၀-

### ရုပ်၌ အယူမှား ၄-မျိုး

၁။ ရူပံ အတ္တတော သမနုပဿတိ = ရုပ်ကို အသက်ရှင်နေသော အတ္တကောင်ဟု ယူဆခြင်း၊
(ရုပ်ကိုယ်နှင့် အတ္တကို အတူတူဟု ယူဆခြင်း)
၂။ ရူပဝန္တံ ဝါ အတ္တာနံ သမနုပဿတိ = အတ္တမှာ ရုပ်ရှိ၏ဟု ယူဆခြင်း၊
(စိတ်နာမ်တရားကို အတ္တဟု ယူဆခြင်း)
၃။ အတ္တနိ ဝါ ရူပံ သမနုပဿတိ = ရုပ်က အတ္တပေါ်မှာ တည်မှီနေ၏ဟု ယူဆခြင်း၊
(စိတ်နာမ်ကို အတ္တဟု ယူဆခြင်း)
၄။ ရူပသ္မိံ ဝါ အတ္တာနံ သမနုပဿတိ = အတ္တဟူသော အသက်ကောင်က ရုပ်ကိုယ်ကြီးထဲ၌ ပျံ့နှံ့၍ တည်မှီနေသည်ဟု ယူဆခြင်း၊ (စိတ်နာမ်ကိုပင် အတ္တဟု ယူဆခြင်း)

**(ဆောင်) ရုပ်ကို အတ္တ၊ အတ္တမှာ ရုပ်ရှိ၊ အတ္တမှာ ရုပ်တည်၊ ရုပ်မှာ အတ္တတည်၊ ဤလေးလီ၊ ခေါ်သည် ရုပ်သက္ကာ။**

အလားတူ ဝေဒနာ၌ ၄-မျိုး၊ သညာ၌ ၄-မျိုး၊ သင်္ခါရ၌ ၄-မျိုး၊ ဝိညာဏ်၌ ၄-မျိုး၊ အားလုံး အတ္တဝါဒ ၂၀-ဖြစ်၏။ (အကျယ်ကို စူဠဝေဒလ္လသုတ်၌ ပြန်ကြည့်)

## လောကဝါဒနှင့်စပ်သော အယူမှား ၈-မျိုး

၁။ **သဿတော လောကော** - လောကဟူသော အတ္တကောင်သည် မြဲ၏။
(ရုပ်ကြမ်းကိုယ်ကြီး ပျက်စီးသွားသော်လည်း အတွင်းသား အတ္တကောင် မပျက်)
၂။ **အသဿတော လောကော** - လောကဟူသော အတ္တကောင်သည် မမြဲ။
(မသေခင်အတွင်းသာ ရှိပြီး, သေလျှင် ပြတ်၏ဟူသော သဿတဒိဋ္ဌိ)
၃။ **သဿတော စ အသဿတော စ လောကော** - လောကဟူသော အတ္တကောင်သည် မြဲသည်လည်း ရှိ၏။ မမြဲသည်လည်း ရှိ၏။
(ဖန်ဆင်းရှင် အတ္တကြီးက အမြဲတည်ပြီး၊ သူဖန်ဆင်းထားသော သတ္တဝါကလေးများကတော့ သေရ၏)

၄။ **နေဝ သဿတော နာသဿတော လောကော** - လောကဟူသော အတ္တသည် မြဲသည်လည်း မဟုတ်၊ မမြဲသည်လည်း မဟုတ်။

(ဖမ်းရခက်သော ဝါဒ၊ ဟိုလိုလို ဒီလိုလို ဝါဒ)

၅။ **အန္တဝါ လောကော** - လောကဟူသော အတ္တသည် အဆုံးအပိုင်းအခြား ရှိ၏။

(သတ္တဝါတစ်ယောက်ချင်းစီသည် လောကတစ်ခု၊ သတ္တဝါအကြီးအသေးအလိုက် အတ္တကောင် ပမာဏ ကန့်သတ်ချက် ရှိ၏။

၆။ **အနန္တဝါ လောကော** - လောကဟူသော အတ္တသည် အဆုံးအပိုင်းအခြား မရှိ။

(သတ္တဝါအားလုံးကို မဟာအတ္တကြီးက ဖန်ဆင်းထား၏။ ထိုမဟာအတ္တသည် အတိုင်းမရှိ ကြီးကျယ်၏။ လောကအနှံ့ တည်နေ၏။

၇။ **အန္တဝါ စ အနန္တဝါ စ လောကော** - လောကဟူသော အတ္တသည် တချို့ အပိုင်းအခြားရှိ၏။ တချို့ အပိုင်းအခြား မရှိ။

(ဖန်ဆင်းခံသတ္တဝါများမှာ အပိုင်းအခြားရှိပြီး, ဖန်ဆင်းရှင်မှာ အပိုင်းအခြား မရှိ။)

၈။ **နေဝန္တဝါ နာနန္တဝါ လောကော** - လောကဟူသော အတ္တသည် အပိုင်းအခြား ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်။ (အမှတ် ၄-ဝါဒနှင့် တူ၏)

**မြတ်စွာဘုရား၏ အဖြေ။ ။ ဤအတ္တနှင့်ဋ္ဌင်း, လောကနှင့်ဋ္ဌင်းစပ်သော အယူမှားတို့သည် ခန္ဓာငါးပါး၌ ဖြစ်ပေါ်, ကိန်းဝပ်, ဖြစ်ပွား နေတတ်ကုန်၏။ ထိုခန္ဓာငါးပါးကို "ဤသည်ကား ငါ့ဥစ္စာအနေဖြင့် သာယာသိမ်း ပိုက်သင့်သော အရာမဟုတ်။ ဤသည်ကား ငါပဲဟု အထင်ကြီးစရာ မာန်တက်စရာ မဟုတ်။ ဤသည်ကား ငါ၏ အတ္တကောင် မဟုတ်"ဟု ဝိပဿနာပညာ, မဂ်ပညာဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်သောသူအား ဤအယူ မှားများကို ပယ်စွန့်၏။**

## ဤသုံးမျိုးကို သိရမည်...

အတ္တဝါဒ, လောကဝါဒနှင့် စပ်သော ဒိဋ္ဌိတို့ကို ပယ်စွန်လို့လျှင်-

(၁) ထိုဒိဋ္ဌိ ဘယ်မှာဖြစ်သလဲ-ဟု **ဖြစ်ရာဌာနကို** သိရမည်။ (ယတ္ထ စ ဥပ္ပဇ္ဇန္တိ)

(၂) ထိုဒိဋ္ဌိဖြစ်ရာအာရုံကို ဘယ်လိုရှုမြင် စွဲလမ်းနေသလဲ-ဟု **ကိန်းပုံကို** သိရမည်။ (အနုသေန္တိ)

(၃) ထိုဒိဋ္ဌိ မည်သို့ဖြစ်ပွားနေသနည်း-ဟု **မပြတ်ဖြစ်ပွားနေပုံကို** သိရမည်။ (သမုဒါစရန္တိ)

## ဖြစ်ခြင်း-ကိန်းခြင်း-မပြတ်ဖြစ်ခြင်း ၃-ပါးအထူး

မဖြစ်သေးသော မိစ္ဆာဒိဋ္ဌိအယူများ အသစ်ဖြစ်လာခြင်းကို "**ဖြစ်ခြင်း-ဥပ္ပဇ္ဇန္တိ**"ဟု ခေါ်၏။ အဖန်ဖန် အထပ်ထပ် ဖြစ်သဖြင့် အထုံရကာ အားရှိလာပြီး သမုစ္ဆေဒဝိနယသတ္တိဖြင့် မပယ်ဖျောက်နိုင်ကုန်သော

ကိလေသာတို့ကို “**ကိန်းအောင်းခြင်း-အနုသေန္တိ**”ဟု ခေါ်၏။ ကိုယ်+နှုတ်ပေါ်သို့ ရောက်လာသော မိစ္ဆာဒိဋ္ဌိတို့ကို “**မပြတ်ဖြစ်ပွားနေမှု-သမုဒါစရန္တိ**”ဟု ခေါ်၏။

**အဖြေအကျဉ်း ...**

(၁)ဒိဋ္ဌိမှန်သမျှသည် ခန္ဓာငါးပါး၌သာ ဖြစ်၏။ (၂)ထိုဒိဋ္ဌိဖြစ်ရာဌာန ခန္ဓာငါးပါးကို “ငါ့ဥစ္စာ” ဟု တဏှာ-ပပဉ္စဖြင့်၄င်း, “ငါဘဲ”ဟု မာနပပဉ္စဖြင့်၄င်း, “ငါအတ္တာဘဲ”ဟု ဒိဋ္ဌိပပဉ္စဖြင့်၄င်း ထင်မှတ်စွဲလမ်း တတ်၏။ (၃)ထိုအစဉ်အလာအတိုင်း ထင်မှတ် နှလုံးသွင်း ယူဆ စွဲလမ်းနေလျှင် ထိုအတ္တဒိဋ္ဌိသည် ဖြစ်မြဲ ဖြစ်နေ၏။ တိုးပွားမြဲ တိုးပွားနေ၏။

**စကားလုံး ရှင်းချက်...**

**ဧတံ မမ = ဒါ ငါ့ဟာ / နေတံ မမ = ဒါ ငါ့ဟာမဟုတ်**

ဤ၌ “ငါ”ဟူသော အတ္တကောင်က (ခန္ဓာငါးပါးဟူသော အာရုံ)တရားကို သူကပိုင်သည်ဟု စွဲခြင်းတည်း။ ဤစွဲလမ်းခြင်းသည် တဏှာဂါဟဖြင့် စွဲလမ်းခြင်းမည်၏။ ဤတဏှာဂါဟကို စွဲလမ်းသောသူသည် ၁၀၈-ပါး အပြားရှိသော တဏှာပပဉ္စကို စွဲလမ်းသည် မည်၏။

ထို့ကြောင့် “နေတံ မမ”ဖြင့် မြတ်စွာဘုရားက ထိုတဏှာပပဉ္စကို ပယ်တော်မူ၏။

**ဧသောဟ မသ္မိ = ဒါ ငါဘဲ / နေသောဟ မသ္မိ = ဒါ ငါမဟုတ်**

“ဤ(ခန္ဓာငါးပါး)သည် အတ္တကောင်တည်းဟူသော ငါပင်တည်း”ဟု အသ္မိမာနဖြင့် စွဲလမ်းခြင်းတည်း။ ဤစွဲလမ်းခြင်းသည် မာနဂါဟဖြင့် စွဲလမ်းခြင်းမည်၏။ ဤမာနဂါဟ စွဲလမ်းသောသူသည် ၉-ပါး အပြားရှိသော မာနပပဉ္စကို စွဲလမ်းသည်မည်၏။

နေသောဟ မသ္မိ-ဖြင့် ထိုမာနပပဉ္စကို ပယ်တော်မူ၏။

**ဧသော မေ အတ္တာ = ဒါ ငါ့အတ္တာဘဲ / နေသော မေ အတ္တာ = ဒါ ငါ့အတ္တမဟုတ်**

“ဤ(ခန္ဓာငါးပါးဟူသော)အရာသည် ငါ့အတ္တတည်း”ဟု ဒိဋ္ဌိဂါဟဖြင့် စွမ်းလမ်းခြင်းပင်တည်း။ ဤဒိဋ္ဌိဂါဟဖြင့် စွဲလမ်းသောသူသည် ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတည်းဟူသော ဒိဋ္ဌိပပဉ္စကို စွဲလမ်းသည်မည်၏။

နေသော မေ အတ္တာဖြင့် ထိုဒိဋ္ဌိပပဉ္စကို ပယ်တော်မူ၏။ ဤနေရာ၌ ခန္ဓာငါးပါးသည် အတ္တမဟုတ်၊ အနတ္တမျှသာတည်း-ဟု သိသော အနတ္တအသိဉာဏ်က ပို၍ အရေးကြီးပေသည်။ ဤအသိဖြင့် အတ္တဝါဒ, လောကဝါဒ ဒိဋ္ဌိများကို ပယ်၏။

**ဒိဋ္ဌိ ပယ်အောင်ရှုပုံ**

ထိုဒိဋ္ဌိတို့၏ ဖြစ်ရာ, ကိန်းရာ, မပြတ်ဖြစ်ရာ အသိုက်အအုံ အာရုံဖြစ်သော ခန္ဓာငါးပါး, ရုပ်နာမ် တရားကို-

(၁) နေတံ မမ = ဤသည်ကား ငါ့ဥစ္စာမဟုတ်။ ငါ့ဥစ္စာအနေဖြင့် သိမ်းပိုက်သင့်သော အရာ မဟုတ်ဟုငင်း၊

(၂) နေသောဟ မသ္မိ = ဤသည်ကား ငါမဟုတ်။ ငါဘဲဟု အထင်ကြီးစရာ မာန်တက်စရာ မဟုတ်ဟုငင်း၊

(၃) န မေ သော အတ္တာ = ဤသည်ကား ငါ၏ အတ္တကောင် အထည်ကိုယ်မဟုတ်၊ အနတ္တ သဘောတရားမျှသာ ဟုငင်း၊

ဤသို့ ဝိပဿနာပညာ, မဂ်ပညာဖြင့် "ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်ဟု ရှုမြင်သော (ဝါ) အနိစ္စ, ဒုက္ခ, အနတ္တဟု ဟုတ်တိုင်းမှန်စွာ ရှုမြင်သောပုဂ္ဂိုလ်အား ဤဆိုခဲ့ပြီးသော ဒိဋ္ဌိအယူမှားတို့ကို ပယ်နိုင်ကုန်၏။ (ဝိပဿနာ အားထုတ်ခါစ, ရုပ်နာမ်ဖြစ်ပျက်ကို သိရုံ သမာဓိဖြစ်ကာမျှဖြင့် ဒိဋ္ဌိအယူများ ကို မပယ်နိုင်သေး။)

**အဓိမာနသမားတို့အတွက် ဆက်ဟော**

ဒိဋ္ဌိဖြစ်သူများအတွက် ပယ်ပုံကို ဟောပြပြီးနောက် ဈာန်ရ,ထားပြီး မိမိကိုယ်ကို အထင်ကြီးနေမှု အဓိမာန သမားတို့အတွက် ရှင်းလင်းပြသရန် ရူပဈာန်လေးပါးကို ဆက်ဟောတော်မူ၏။

**ရူပဈာန် ၄-ပါးသည် ကိလေသာခေါင်းပါးရေး တရားမဟုတ်သေး၊**
**မျက်မှောက်ချမ်းသာရေး တရားသာဖြစ်--**

**စုန္ဒ - အချို့သော ရဟန်းသည် လိုချင်မှု ကာမစ္ဆန္ဒ, စိတ်ဆိုးခြင်း ဗျာပါဒ, ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ, စိတ်ပျံ့လွင့်ခြင်းနှင့် နောင်တပူပန်ခြင်း ဥဒ္ဓစ္စ-ကုက္ကုစ္စ, ယုံမှားခြင်း ဝိစိကိစ္ဆာ-ဟူသော အနှောက်အယှက် နီဝရဏငါးပါးမှ ကင်းလွတ်ပြီး...၊ ကြံစည်ခြင်း (ဝါ) အာရုံပေါ်သို့တင်ပေးခြင်း ဝိတက်, သုံးသပ်ခြင်း ဝိစာရ, နှစ်သက်ခြင်း ပီတိ, ချမ်းသာခြင်း သုခနှင့် ပြည့်စုံသော ပထမဈာန်ကို ဝင်စားနေ၏။ ဤရဟန်း သည် "ငါသည် ကိလေသာ ခေါင်းပါးခြင်းဖြင့် နေ၏"ဟု စိတ်အကြံဖြစ်ရန် အကြောင်း ရှိ၏။**

**ချစ်သားစုန္ဒ - ဤဈာန်တရားကို စင်စစ်အားဖြင့် ငါဘုရားသာသနာတော်၌ ကိလေသာခေါင်းပါး ရေးတရားဟု မဆိုသေး။ မျက်မှောက်ချမ်းသာစွာ နေနိုင်ရေးတရားဟုသာ ဆိုရသေး၏။**

**ထို့အတူ ကျန်သော ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့ကိုလည်း ကိလေသာခေါင်းပါး ရေးတရား မဟုတ်သေး၊ မျက်မှောက်ချမ်းသာစွာ နေနိုင်ရေးတရားဟုသာ ဆိုရ၏။**

**အရူပဈာန် ၄-ပါးသည်လည်း ကိလေသာခေါင်းပါးရေး တရားမဟုတ်သေး၊**

**ငြိမ်းချမ်းစွာနေနိုင်ရေး တရားသာဖြစ်--**

**စုန္ဒ - အချို့ရဟန်းသည် ရူပသညာကို လွန်မြောက်၍, အဆုံးမရှိသော ကောင်းကင်ကို နှလုံးသွင်းလျက် အာကာသာနဉ္စာ-ယတနစျာန်ကို ဝင်စားနေ၏။ ဤရဟန်းသည် "ငါသည် ကိလေသာ ခေါင်းပါးခြင်းဖြင့် နေ၏"ဟု စိတ်အကြံဖြစ်ရန် အကြောင်းရှိ၏။**

**ချစ်သားစုန္ဒ - ဤစျာန်တရားကို စင်စစ်အားဖြင့် ငါဘုရားသာသနာတော်၌ ကိလေသာခေါင်းပါးရေးတရားဟု မဆိုသေး။ ငြိမ်းချမ်းစွာနေနိုင်ရေး တရားဟုသာ ဆိုရသေး၏။**

(မှတ်ချက်။ ကျန်သော ဝိညာဏဉ္စာ-ယတနစျာန်၊ အာကိဉ္စညာ-ယတနစျာန်၊ နေဝသညာ-နာသညာ-ယတန စျာန်သို့ ရောက်သူများလည်း ဤအတိုင်းပင်တည်း။)

## ရပြီဟုထင်မှားမှု အဓိမာန ဖြစ်တတ်သူများ...

သမထ ဝိပဿနာတရားများကို ပြင်းပြင်းထန်ထန် အားထုတ်ထားသဖြင့် ကိလေသာများ အခိုက်အတန့်အားဖြင့် ငြိမ်းနေသောပုဂ္ဂိုလ်များတွင် မရောက်သေးသော တရားထူးများ၌ ရောက်ပြီဟု ထင်မှားမှု **အဓိမာန** ဖြစ်တတ်၏။ (တရားအားမထုတ်သူများ, အရိယာအဖြစ်သို့ ရောက်ပြီးသူများ၌ မဖြစ်တတ်ပေ။

## အဓိမာန ဖြစ်ခဲ့ကြသူများ...

ဥပမာ.. ဘုရားထံမှ ကမ္မဋ္ဌာန်းယူကာ တရားအားထုတ်၍ စျာန်တရားများရပြီး ကိလေသာများ မပေါ်သဖြင့် ရဟန္တာဖြစ်ပြီဟု ထင်မှားသောရဟန်း ၅၀၀။ (ဓမ္မပဒ၊ ဠ၊ ဒု၊ ၇၁)

ထို့ပြင် ဘုရားပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၄၀၀-ခန့်က သီရိလင်္ကာတောင်ပိုင်း, တလင်္ကရတိသ တောင် (ဥစ္စတလင်္ကကျောင်း)တွင် သီတင်းသုံးနေသော **မဟာနာဂမထေရ်ကြီး**သည် စျာန်တရားများကြောင့် ကိလေသာများ ငြိမ်ဝပ်နေသဖြင့် ရဟန္တာဖြစ်ပြီဟု ထင်မှားနေ၏။ ထို့ကြောင့် ဓမ္မဒိန္နရဟန္တာမထေရ်က ဆင်ကြီးကို ဖန်ဆင်းစေ၍ ပြန်အကြည့်ခိုင်းရာ ကြောက်စိတ်များ ဖြစ်လာသဖြင့် သူ့မှာ ရဟန္တာမဖြစ်သေးကြောင်း သိသွား၏ (ပဏ်၊ ဠ၊ ၁၊ ၁၈၈။)။

**စူဠသုမနမထေရ်ကြီး**ကိုလည်း ၎င်းမထေရ်ကပင် လှပသောကြာပွင့်ကြီးပေါ် မိန်းမချောလေးတစ်ယောက် သီချင်းဆိုပြီး က,နေဟန် ဖန်ဆင်းခိုင်း လိုက်၏။ ပြီးတော့ ၎င်းကို ကြည့်ရှု့နေစေ၏။ ဤတွင် ငုတ်နေသောရာဂများ ထကြွလာ၍ ရဟန္တာမဟုတ်သေးကြောင်း သိသွား၏။ (ပဏ်၊ဠ၊၁၊ ၁၈၉။)

# သလ္လေခကျင့်စဉ်ကို စတင်၍ဟော

## ကျင့်ကြံပုံ ဝါရ ၅-မျိုး

**၁။ သလ္လေခဝါရ = ကိလေသာခေါင်းပါးစေတတ်သော အကျင့်၊**

**၂။ စိတ္တုပ္ပါဒဝါရ = စိတ်ဖြစ်ရုံမျှ (ဝါ) စိတ်ကူးရုံမျှအကျင့်၊**

**၃။ ပရိက္ကမနဝါရ = ရှောင်လွှဲသောအကျင့်၊**

**၄။ ဥပရိဘာဂဝါရ = အထက်သို့ သွားစေတတ်သာ အကျင့်၊**

**၅။ ပရိနိဗ္ဗာနဝါရ = ကိလေသာငြိမ်းစေတတ်သော အကျင့်၊**

(ဆောင်) ခေါင်းပါး ကိလေ၊ စိတ်ဖြစ်စေ၊ ရှောင်သွေ့, ထက်ဆင့်၊ ငြိမ်းအောင်ကျင့်။

## ပယ်ရမည့် ကိလေသာတရား ၄၄-ပါး

**၁။ ဝိဟိံသ = ညှင်းဆဲခြင်း**

**၂။ ပါဏာတိပါတ = သတ္တဝါကို သတ်ခြင်း**

**၃။ အဒိန္နာဒါန = ခိုးခြင်း, လုယူခြင်း**

**၄။ အဗြဟ္မစရိယ = မေထုန်အမှုကိုပြုခြင်း**

**၅။ မုသာဝါဒ = လိမ်ပြောခြင်း**

**၆။ ပိသုဏာဝါစာ = ဂုံးတိုက်ခြင်း**

**၇။ ဖရုသဝါစာ = ကြမ်းတမ်းသောစကားကို ပြောခြင်း**

**၈။ သမ္ဖပ္ပလာပ = အနှစ်မဲ့သောစကားကို ပြောခြင်း**

**၉။ အဘိဇ္ဈာ = သူ့ဥစ္စာကို ရရန်ကြံစည်ခြင်း**

**၁၀။ ဗျာပါဒ = သူတပါးသေစေရန် ကြံစည်ခြင်း**

**၁၁။ မိစ္ဆာဒိဋ္ဌိ = မှားယွင်းစွာ ယူခြင်း**

**၁၂။ မိစ္ဆာသင်္ကပ္ပ = မှားယွင်းစွာ ကြံစည်ခြင်း**

**၁၃။ မိစ္ဆာဝါစာ = မှားယွင်းစွာ ပြောဆိုခြင်း**

**၁၄။ မိစ္ဆာကမ္မန္တ = မှားယွင်းစွာ ပြုလုပ်ခြင်း**

**၁၅။ မိစ္ဆာအာဇီဝ = မှားယွင်းစွာ အသက်မွေးခြင်း**

**၁၆။ မိစ္ဆာဝါယာမ = မှားယွင်းစွာ အားထုတ်ခြင်း**

**၁၇။ မိစ္ဆာသတိ = မှားယွင်းစွာ အမှတ်ရခြင်း**

**၁၈။ မိစ္ဆာသမာဓိ = မှားယွင်းစွာ စိတ်တည်ခြင်း**

**၁၉။ မိစ္ဆာဉာဏ = မှားယွင်းစွာ သိခြင်း**

**၂၀။ မိစ္ဆာဝိမုတ္တိ = မှားယွင်းစွာ လွတ်မြောက်ခြင်း**

**၂၁။ ထိနမိဒ္ဓ = စိတ်ထိုင်းမှိုင်းခြင်း**

**၂၂။ ဥဒ္ဓစ္စ = စိတ်ပျံ့လွင့်ခြင်း**

**၂၃။ ဝိစိကိစ္ဆာ = ယုံမှားခြင်း**

၂၄။ ကောဓ = အမျက်ထွက်ခြင်း
၂၅။ ဥပနာဟ = ရန်ငြိုးဖွဲ့ခြင်း
၂၆။ မက္ခ = သူတပါးကျေးဇူးကို ချေဖျက်ခြင်း
၂၇။ ပဠာသ = ဂုဏ်ကြီးသူနှင့် ဖက်ပြိုင်ခြင်း
၂၈။ ဣဿာ = မနာလိုခြင်း
၂၉။ မစ္ဆရိယ = ဝန်တိုခြင်း
၃၀။ သာဌေယျ = မရှိသောဂုဏ်ကို ရှိဟန်ဆောင်ခြင်း (ဝါ) စဉ်းလဲခြင်း
၃၁။ မာယာ = မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း
၃၂။ ထမ္ဘ = အရိုအသေမပြုခြင်း (ဝါ) ခက်ထန်ခြင်း
၃၃။ အတိမာန = အလွန်အထင်ကြီးခြင်း (ဝါ) အလွန်မာနကြီးခြင်း
၃၄။ ဒုဗ္ဗစတာ = ဆိုဆုံးမ၍ ခက်ခြင်း
၃၅။ ပါပမိတ္တတာ = မိတ်ဆွေဆိုးနှင့် ပေါင်းခြင်း
၃၆။ ပမာဒ = ကုသိုလ်ရေး၌ မေ့ခြင်း
၃၇။ အသဒ္ဓတာ = သဒ္ဓါတရား မရှိခြင်း
၃၈။ အဟိရိက = အကုသိုလ်မှ မရှက်ခြင်း
၃၉။ အနောတ္တပ္ပ = အကုသိုလ်မှ မကြောင်းခြင်း
၄၀။ အပ္ပဿုတ = အကြားအမြင် မရှိခြင်း
၄၁။ ကောသဇ္ဇ = ပျင်းရိခြင်း
၄၂။ မုဋ္ဌဿစ္စ = သတိလွတ်ခြင်း
၄၃။ ဒုပ္ပညတာ = ဝိပဿနာ ပညာမဲ့ခြင်း
၄၄။ သန္ဒိဋ္ဌိ ပရာမာသ = အယူသည်းခြြင်း

*********

## ၁။ ညှင်းဆဲခြင်း ဝိဟိံသကို အကျင့်ငါးဆင့်ဖြင့် လေ့လာခြင်း

(က) သလ္လေခဝါရ = ကိလေသာခေါင်းပါးစေခြင်း

စုန္ဒ… ဤဆိုလတ့ံသော အရာတို့၌ သင်တို့သည် ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ညှင်းဆဲခြင်းကို ပြုတတ်သော်လည်း ငါတို့သည်ကား ဤအရာ၌ မညှင်းဆဲတတ်သူတို့ ဖြစ်ကြကုန်အံ့ဟု (ကိလေသာ)ခေါင်းပါးခြင်းကို ပြုသင့်၏။

(အိန္ဒြိယ၌ အဝိဟိံသဝါဒကို အလေးထားကြ၏။ ဂျိန်းဝါဒ၌ သူတို့ကျင့်ဝတ်ကြီး ငါးခုတွင် အဝိဟိံသသည် ထိပ်ဆုံးက ရှိ၏။)

**ကိလေသာ သုံးဆင့်**

၁။ ကိုယ်နှုတ်ဖြင့် ကျူးလွန်မှု ဝီတိက္ကမ ကိလေသာကို- သီလဖြင့် ပယ်

၂။ စိတ်ထဲ၌ ဖြစ်ပေါ်ထကြွမှု ပရိယုဋ္ဌာန ကိလေသာကို - သမာဓိဖြင့် ပယ်

၃။ အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်တတ်သည့် အနုသယကိလေသာကို - ပညာဖြင့် ပယ်

**မညှင်းဆဲခြင်း အဝိဟိံသအကျင့်သည် ဈာန်သမာပတ်ထက် မြတ်**

ဈာန်သည် ရှိနေစဉ် ကိလေသာကို ကြာရှည်စွာ ပယ်ခွါထားနိုင်သော်လည်း အရှိန်ကုန်လျှင် ကိလေသာ ပြန်ပေါ်လာ၏။ သီလကို ဆောက်တည်ကို အဝိဟိံသအကျင့်ကို ကျင့်သုံးလျက် ဝိပဿနာ ရှုနေသောပုဂ္ဂိုလ်သည် ဉာဏ်ရင့်သောအခါ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာ၏။ ထိုအခါ အပါယ်ကျစေနိုင်သော ဒေါသကင်းသွား၏။ အနာဂါမ်အဆင့် ရောက်သောအခါ လုံးဝ ချုပ်ငြိမ်းသွား၏။ ထို့ကြောင့် အဝိဟိံသအကျင့်က ဈာန်သမာပတ်ထက် မြတ်၏။

**(ခ) စိတ္တုပ္ပါဒဝါရ = စိတ်ကို ဖြစ်စေခြင်း၊**

စုန္ဒ- ငါဘုရားသည် ကုသိုလ်တရားတို့၌ စိတ်ဖြစ်ခြင်းမျှကိုလည်း ကျေးဇူးများ၏ဟု ဟော၏။ ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ ပြုလုပ်စီမံ စေခိုင်းခြင်းစသည်တို့၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ထို့ကြောင့် အခြားသူတို့သည် ညှင်းဆဲခြင်းကို ပြုတတ်သော်လည်း ငါတို့သည်ကား ညှင်းဆဲခြင်းကို မပြုကုန်အံ့... ဟု စိတ်ကိုဖြစ်စေသင့်၏။

**ကုသိုလ်လုပ်ငန်းမှန်သမျှ စိတ်ကူးက စ၍ဖြစ်...** ဥပမာ-

(က) မဋ္ဌကုဏ္ဍလီ သူဌေးသားသည် သေခါနီးဆဲဆဲ၌ မြတ်စွာဘုရားကို ဖူးမြင်ရပြီး ကြည်ညိုစိတ် ဖြစ်ခဲ့၏။ ဤကုသိုလ်စိတ်ကြောင့် တာဝတိံသာနတ်ပြည်သို့ ရောက်ရ၏။ (မဋ္ဌကုဏ္ဍလီဝတ္ထု၊ ဓမ္မပဒ။)

(ခ) စမ္ပာမြို့အနီး ဂဂ္ဂရာရေကန်၌ ဖားတစ်ကောင်သည် မြတ်စွာဘုရား တရားဟောသော အသံကို ကြည်ညိုစိတ်ဖြင့် နားထောင်နေ၏။ ထိုအခိုက် နွားကျောင်းသား၏ တုတ်ထောက်မိပြီး သေးဆုံး သွား၏။ ဤကုသိုလ်စိတ်ကြောင့်ပင် တာဝတိံသာနတ်ပြည်သို့ ရောက်ရ၏။ (မဏ္ဍူကဒေဝပုတ္တ၊ ဝိမာနဝတ္ထု)

(ဂ) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးခါစ အဇာတသတ်မင်းက ဓာတ်တော်စေတီတည်၍ ပူဇော်ပွဲ လုပ်၏။ ရာဇဂြိုလ်မြို့သူ တစ်ယောက်က ထိုစေတီကိုပူဇော်ရန် သပွတ်ခါးပွင့် ၄-ပွင့်ကောက်ပြီး စေတီ တော်ကို သွားနေစဉ် လမ်း၌ နွားရိုက်ခတ်၍ သေဆုံးသွား၏။ ထိုကုသိုလ်စိတ်ကြောင့်ပင် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရ၏။ (ပီတဝိမာနဝတ္ထု)

**(ဂ) ပရိက္ကမနဝါရ = လမ်းမှားကို ရှောင်လွှဲခြင်း**

စုန္ဒ - ဥပမာအားဖြင့် မညီညွတ်သော လမ်းရှိခဲ့သော် အခြားညီညွတ်သောလမ်းသည် ရှောင်လွှဲရန် ဖြစ်သကဲ့သို့၊ မကောင်းသော ဆိပ်ကမ်းရှိခဲ့သော် ကောင်းသောဆိပ်ကမ်းသည် ရှောင်လွှဲရန်ဖြစ်သကဲ့သို့၊ ဤအတူပင် ညှင်းဆဲတတ်သော ပုဂ္ဂိုလ်အား မညှင်းဆဲခြင်းသည် ရှောင်လွှဲရန်ပင် ဖြစ်၏။

မှတ်ချက်။ ။ ယခုပင် မညှင်းဆဲတတ်သော်လည်း အနာဂါမ်, ရဟန္တာမဖြစ်သေးသမျှ ကင်းပြီဟု မဆိုသာ၊ အကြောင်းတိုက်ဆိုင်မှုရှိလျှင် အချိန်မရွေး ပြန်ပေါ်နိုင်၏။

**(ဃ) ဥပရိဘာဂဝါရ = အထက်သို့ သွားရာလမ်း**

စုန္ဒ - ဥပမာအားဖြင့် အကုသိုလ်မှန်သမျှသည် အောက်အဖို့သို့ ရောက်ကြောင်းတရားဖြစ်ပြီး, ကုသိုလ်မှန်သမျှသည် အထက်အဖို့သို့ ရောက်ကြောင်းတရား ဖြစ်သည်။ ဤအတူပင် ညှင်းဆဲတတ်သော ပုဂ္ဂိုလ်အား မညှင်းဆဲခြင်းသည် အထက်အဖို့သို့ ရောက်ကြောင်းဖြစ်၏။

**အောက်လမ်း - အထက်လမ်း**

= ကြီးမားသော အကုသိုလ်များသည် အပါယ်လေးပါးသို့ ရောက်စေတတ်၏။ ကကုသန်ဘုရားလက်ထက်က ဒူသီမာနတ်ကြီးသည် ဘုရားရဟန္တာကို ပြစ်မှားမိ၍ ချက်ချင်းသေပြီး အဝီစိငရဲသို့ ရောက်သွား၏။ (မူ-ပဏ္ဏ၊ မာရတဇ္ဇနီယသုတ်)

= သာမန် အကုသိုလ်များသည် အပါယ်ထိအောင် မပို့ဆောင်နိုင်သော်လည်း အကြောင်းညီညွတ်လျှင် ပဝတ္တိ(မွေးပြီးသည့်နောက် အသက်ရှင်ဆဲ)အခါ၌ နာမည်ပျက်ခြင်း, စီးပွားပျက်ခြင်းစသည့် မကောင်းကျိုးများ ပေးတတ်သေး၏။

= မညှင်းဆဲတတ်သူများမှာ အသက်ရှည်ခြင်း, အနာကင်းခြင်း, ကောင်းမြတ်သောဘုံဘဝတို့၌သာ ကျင်လည်ရခြင်း၊ ၎င်းအကျင့်မြတ်ဖြင့် အရိယာသူတော်စင်အဖြစ်သို့ တက်လှမ်းနိုင်ခြင်း စသည်ဖြင့် မြင့်တက်ကြောင်း ဖြစ်၏။

**(င) ပရိနိဗ္ဗာနဝါရ = ငြိမ်းအေးကြောင်းအကျင့်**

စုန္ဒ - မိမိသည် ကာမဂုဏ်ညွန်ပြောင်း၌ နစ်နေသူဖြစ်လျှင် အခြားနစ်မြုပ်နေသူကို မကယ်တင်နိုင်။ မိမိကိုယ်တိုင်လွတ်ပြီးမှသာ အခြားသူများကို ကယ်တင်နိုင်ရန် အကြောင်းရှိ၏။ မိမိသည် မယဉ်ကျေးသူ, မငြိမ်းအေးသူဖြစ်လျှင် အခြားသူများကို ယဉ်ကျေးအောင် ငြိမ်းအေးအောင် မကယ်နိုင်။ မိမိကိုယ်တိုင် ယဉ်ကျေး, ငြိမ်းအေးစေပြီးမှသာ အခြားသူများကို ကယ်တင်နိုင်ရန် အကြောင်းရှိ၏။

ဤအတူပင် ညှင်းဆဲတတ်သောသူအား မညှင်းဆဲခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။

မှတ်ချက်။ ။ ပုထုဇဉ်များဟောသည့် တရားကိုနာပြီး နည်းမှန်လမ်းမှန်အတိုင်း နှလုံးသွင်း သဖြင့် တရားထူးရသူများ ရှိကြောင်း၊ ထိုသို့ ရသွားသော်လည်း မြတ်စွာဘုရားသည်ပင် ကိလေသာမှ ထုတ်ဆောင်ကယ်တင်သည်ဟု မှတ်အပ်၏။ ဟောပြောသူမှာ ဘုရင့်အမိန့်ကို ဌာန်ကရိုဏ်းပီသစွာ ဖတ်ပြသူပမာ "မြတ်စွာဘုရား တရားတော်များကို အသံကြည်လင်စွာ ဟောပြနိုင်ပေ၏"ဟု ချီးမွမ်းမှုကိုသာ ရ၏။

## ညှင်းဆဲခြင်း၏ အကျိုးအပြစ်

**ပူတိဂတ္တတိဿ မထေရ်အကြောင်း။** ။သာဝတ္ထိမြို့သား တစ်ယောက် ရဟန်းပြု၏။ မကြာမီ ထိုရဟန်း အဖုငယ်လေးများ ပေါက်ကာ တဖြေးဖြေး ကြီးလာ၏။ နောက်တော့ ပြည်ဖုကြီးများဖြစ်ကာ တစ်ကိုယ်လုံးပုပ်ပြီး အရိုးများပါ ဆွေးလာ၏။ ထို့ကြောင့်ပင် သူ့ကို ပူတိဂတ္တတိဿဟု ခေါ်လာ၏။ သွေးပုပ် ပြည်ပုပ်များ လူးပေနေပြီး ကြာလာသောအခါ ပြုစုမည့်သူ မရှိတော့။ တနေ့သောအခါ ကျွတ်တမ်းဝင်မည်ကို ဘုရားရှင် တွေ့မြင်သဖြင့် ကိုယ်တိုင်ကြွလာပြီး ရေနွေးများဖြင့် သင်္ကန်းများ ဖွတ်လျှော် ပြုစုပေး၏။ ဘုရားထံမှ တရားနာပြီး ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံသွား၏။

**အတိတ်ဇာတ်ကြောင်း။** ။ ထိုမထေရ်အလောင်းသည် ကဿပဘုရား လက်ထက်တွင် ငှက်မုဆိုးဖြစ်ခဲ့၏။ ရောင်း၍မကုန်သော ငှက်များကို မပျံနိုင်အောင် အတောင်များ ချိုးထား၏။ ထိုကံကြောင့် ငရဲ၌ ကြာမြင့်စွာခံရပြီး, လူဖြစ်လာသောအခါ ထိုကံကြွင်းကြောင့် အနာများပေါက်ကာ တစ်ကိုယ်လုံး ပုပ်ရ၏။ အရိုးများလည်း ကျိုးရ၏။

ထိုငှက်မုဆိုးဘဝဖြစ်စဉ်က တနေ့တွင် သူ့အိမ်ကြွလာသော ရဟန္တာမထေရ်ကို သူစားမည့် ငှက်သားဟင်းဖြင့် ဆွမ်းလောင်းလှူပြီး "အရှင်မြတ်တို့ သိအပ်သောတရားကို သိရပါလို၏"ဟု ဆုတောင်းခဲ့သဖြင့် ရဟန္တာဖြစ်ရ၏။ (ပူတိဂတ္တတိဿဝတ္ထု၊ ဓမ္မပဒ၊ ဌ-၁၊ ၂၀၂။)

(ဆောင်) ညှင်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်။ (မဟာစည် ဆရာတော်)

## ဝါရ ၅-မျိုး အနှစ်ချုပ်

(က) အခြားသူများ ညှင်းဆဲမှုကို ပြုကြသော်လည်း ငါတို့သည် ညှင်းဆဲခြင်းမှ ကင်းစေမည်။ (သလ္လေခဝါရ)

(ခ) အခြားသူများ ညှင်းဆဲမှုကို ပြုကုန်သော်လည်း ငါတို့သည် ညှင်းဆဲခြင်းကို မပြုကုန်အံ့ဟု စိတ်ကို ဖြစ်စေမည်။ (စိတ္တုပ္ပါဒဝါရ)

(ဂ) ညှင်းဆဲမှုကို မညှင်းဆဲမှုဖြင့် ရှောင်လွှဲနေပါမည်။ (ပရိက္ကမနဝါရ)

(ဃ) မညှင်းဆဲခြင်း အကျင့်မြတ်ဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ (ဥပရိဘာဂဝါရ)

(င) ညှင်းဆဲမှု ကိလေသာမီးကို မညှင်းဆဲမှုဖြင့် ငြိမ်းသတ်မည်။ (ပရိနိဗ္ဗာနဝါရ)

************

## ၂။ သတ္တဝါကိုသတ်ခြင်း ပါဏာတိပါတ

(က) အခြားသူများ အသက်သတ်ခြင်းကို ပြုကြသော်လည်း ငါတို့သည် သတ်ခြင်းမှ ကင်းစေမည်။
(ခ) အခြားသူများ အသက်သတ်ခြင်းကို ပြုကြသော်လည်း ငါတို့သည် သတ်ခြင်းကို မပြုကြကုန်အံ့ဟု စိတ်ကို ဖြစ်စေမည်။
(ဂ) သတ်ဖြတ်ခြင်းကို မသတ်ဖြတ်ခြင်းဖြင့် ရှောင်လွှဲနေပါမည်။
(ဃ) မသတ်ဖြတ်သော အကျင့်မြတ်ဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။
(င) သတ်ဖြတ်မှု ကိလေသာမီးကို မသတ်ဖြတ်မှုဖြင့် ငြိမ်းစေမည်။

**ပါဏာတိပါတ-ပုဒ်၏ အနက်** (ပါဏ+အတိ+ပါတ)

ပါဏ= လောကဝေါဟာရအားဖြင့် သတ္တဝါ။ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ၊
အတိ= အလွန် လျင်မြန်စွာ
ပါတ= ကျစေခြင်း၊ ချခြင်း

**ပါဏာတိပါတကံ အင်္ဂါ ၅-ပါး**

၁။ သက်ရှိသတ္တဝါဖြစ်ခြင်း၊
၂။ သက်ရှိသတ္တဝါဟု အမှတ်ရှိခြင်း (ဝါ) သိနေခြင်း၊
၃။ သတ်လိုသောစိတ် ရှိခြင်း၊
၄။ သေအောင်အားထုတ်မှု ရှိခြင်း, သတ်ခြင်း၊
၅။ ထိုအားထုတ်မှု-သတ်မှုကြောင့် သေခြင်း၊

**ပါဏာတိပါတကံ ၄-မျိုး**

၁။ သာဟတ္ထိက= ကိုယ်တိုင်ပြုလုပ်ခြင်း၊
၂။ အာဏတ္တိက= သူတပါးကို စေခိုင်းတိုက်တွန်းခြင်း၊
၃။ ဝဏ္ဏဘာသန= သူတပါးလုပ်သည်ကို ချီးမွမ်းခြင်း၊
၄။ သမနုည= စိတ်သဘောတူညီခြင်း၊

**ဒုစရိုက်ပေါင်း- ၄၀**

အထက်ပါ ၄-ပါးကို ဒုစရိုက် ၁၀-ပါးနှင့် မြှောက်လျှင် ဒုစရိုက်ပေါင်း ၄၀- ဖြစ်လာ၏။

(ဆောင်) ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊ မြှောက်ပွားမူ၊ မှတ်ယူဒုစရိုက် ၄၀-တည်း။

(သဗ္ဗမဂ်လ ဓမ္မဒေသနာ၊ ၁၃။)

ပါဏာတိပါတကံ၏ ဆိုးကျိုးများ

၁။ နန္ဒနွားသတ်သမားသည် နွားကို လျှာဖြတ်စားခဲ့၏။ ထိုနွားသားကို မိမိလျှာပေါ်သို့ တင်လျှင် တင်ခြင်း လျှာပြတ်ကျကာ နွားကဲ့သို့ အော်ဟစ်သေဆုံးပြီး အဝီစိငရဲသို့ ကျလေ၏။ (ဓမ္မပဒ၊ ဋ-ဒု၊ ၂၁၃။)

၂။ ပုဏ္ဏားတစ်ယောက် မတကဘတ်ခေါ် သေသူအတွက် ရည်စူး၍ ထမင်းကျွေးပွဲ ပြုလုပ်ရာ၌ သိုးတစ်ကောင်ကို သတ်၍ ယဇ်ပူဇော်၏။ ထိုအကုသိုလ်ကံကြောင့် ဘဝငါးရာတိုင်အောင် သိုးဖြစ်ပြီး လည်လှီးအသတ်ခံရ၏။

(ကေနိပါတ်၊ မတကဘတ္တဇာတ်)

**ဒေါသ၏ လက္ခဏာဒိ စတုက္က**

(က) ဒုဿန္တိ တေနာတိ ဒေါသော = ထိုသဘောတရားဖြင့် သမ္ပယုတ်တရားတို့ ပျက်စီးတတ်ကုန်၏။ ထိုသို့ သမ္ပယုတ်တရားတို့ ပျက်စီးကြောင်းဖြစ်သောကြောင့် ထိုသဘောတရားသည် ဒေါသ မည်၏။

(ခ)သယံ ဝါ ဒုဿတီတိ ဒေါသော = တနည်းကား- ဒေါသတည်းဟူသော မိမိကိုယ်တိုင် ဖျက်ဆီးတတ်သောကြောင့် ဒေါသမည်၏။

(ဂ) ဒုဿနမတ္တမေဝ ဝါ တန္တိ ဒေါသော = တနည်းကား- ပျက်စီးခြင်းသဘောတရားမျှသည် ဒေါသမည်၏။

သော စဏ္ဍိက္က-လက္ခဏော, ပဟဋ္ဌာသိဝိသော ဝိယ = ထိုဒေါသသည် ပုတ်ခတ်အပ်သော မြွေကဲ့သို့ ကြမ်းတမ်းသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ လက္ခဏာရှိ၏။

ဝိသပ္ပန-ရသော, ဝိသနိပါတော ဝိယ = မိုးကြိုးစက်၏ ကျခြင်းကဲ့သို့ အနိဋ္ဌရုပ်၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့ခြင်းဟူသော သမ္ပတ္တိရသ ရှိ၏။ တနည်း- ဖေါက်ဖေါက်ပြန်ပြန်ဖြစ်ခြင်းဟူသော ကိစ္စရသရှိ၏။

အတ္တနော နိဿယဒဟန-ရသော ဝါ ဒါဝဂ္ဂိ ဝိယ = တနည်းကား- တောမီးကဲ့သို့ မိမိ၏ မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်ကို လောင်ကျွမ်းခြင်းကိစ္စရှိ၏။

ဒုဿန-ပစ္စုပဋ္ဌာနော လဒ္ဓေါကာသော ဝိယ သပတ္တော = ဖျက်ဆီးဖို့ရန် ရအပ်သော အခွင့်ရှိသော ရန်သူကဲ့သို့ (ယှဉ်ဘက်တရားကိုင်း, မိမိကိန်းရာသတ္တဝါကိုင်း)ဖျက်ဆီးတတ်သော တရားဟု ဉာဏ်အားထင်လာ၏။

အာဃာတဝတ္ထု-ပဒဋ္ဌာနော ဝိသသံသဋ္ဌပူတိမုတ္တံ ဝိယ ဒဋ္ဌဗ္ဗော = အဆိပ်ဖြင့်ရောအပ်သော နွားကျင်ငယ်ပုပ်ကဲ့သို့ အာဃာတဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။

**အပြစ်ကြီး အပြစ်ငယ် ကွာခြားမှု**

က။ အကျင့်သီလ ဂုဏ်အကြီးအငယ် အားလျော်စွာ အပြစ်ကြီး-ငယ် ကွာ၏။

ခ။ သတ်မှုစေတနာ ထက်သန်မှု-မသန်မှု အားလျော်စွာ အပြစ်ကြီး-ငယ် ကွာ၏။

ဂ။ အားထုတ်မှု အနည်းအများ အားလျော်စွာ အပြစ်ကြီး-ငယ် ကွာ၏။

အကျိုး-အပြစ်

(ဆောင်) သူ့ကို သတ်ဖြတ်၊ သက်တိုတတ်၊ မသတ် အသက်ရှည်။

လှပ, သက်ရှည်၊ ကျန်းမာသည်၊ ချစ်ကြည်, ခြွေရံများ။

သောက ကင်းလတ်၊ မကွဲတတ်၊ သက်သတ် ရှောင်ကျိုးများ။ (မဟာစည် ဆရာတော်)

(ဆောင်) ပါဏာတိပါတ်၊ သူ့သက်သက်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင် ယိုယွင်း၊ လျင်ခြင်း

လည်းဝေး၊ ဘေးကို ကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊

ပြစ်များစွာသည်၊ ရှောင်က အပြန်အကျိုးတည်း။ (မဟာဂန္ဓာရုံဆရာတော်၊ ရတနာ့ဂုဏ်ရည်၊ ၁၅၀)

********

## ၃။ ခိုးခြင်း အဒိန္နာဒါနာ

(အ+ဒိန္န+အာဒါန > အဒိန္နာဒါန > အဒိန္နာဒါနာ။ အဒိန္န- ပိုင်ရှင်မပေးသော ပစ္စည်းကို + အာဒါန-ယူခြင်း။ ပိုင်ရှင်မပေးသော ပစ္စည်းကို အတင်းအဓမ္မ ယူခြင်းလည်း ပါဝင်၏။)

**ခိုးနည်းအမျိုးမျိုး**

၁။ သူ့ဥစ္စာကို ကိုယ်ရအောင် တရားစွဲယူခြင်း၊

၂။ သူတပါးဥစ္စာကို အရိုးခံအတိုင်း ဆောင်ယူသွားစဉ် လမ်းကျမှ လိုချင်၍ ယူခြင်း၊

၃။ သူတပါး အပ်ထားသောပစ္စည်းကို ပြန်တောင်းသောအခါ 'မအပ်ပါဘူး'ဟု လိမ်ညာ၍ ယူခြင်း၊

၄။ အသက်ရှိသော ဥစ္စာကို သူ့နေရာပျက်အောင်လုပ်၍(နေရာပြောင်းအောင် ခြောက်လှန့်၍) ယူခြင်း၊

၅။ မြှုပ်ထားသော ရွှေအိုးစသည်ကို နဂိုနေရာမှ ရွေ့အောင်လုပ်၍ ယူခြင်း၊

၆။ အခွန်ကောက်ရာ အရပ်ကို ရှောင်လွှဲ၍ အခွန်မပေးဘဲ သွားခြင်း၊

၇။ မမှန်ကန်သော အချိန်အတွယ်၊ အလေး, တင်းတောင်း စသည်ဖြင့် လိမ်ညာ၍ ခိုးခြင်း၊

၈။ ဥစ္စာရှင်ကို 'ဒဏ်တပ်မည်၊ ထောင်ချမည်' စသည်ဖြင့် နိုင့်ထက်စီးနင်းပြု၍ (ဝါ) ခြိမ်းခြောက်၍ယူခြင်း၊

၉။ မဲချရာ၌ မိမိ၏ မကောင်းသောမဲကို သူတပါး၏ ကောင်းသောမဲနှင့် လဲ၍ယူခြင်း၊

၁၀။ သူတပါး၏ လက်ဝတ်တန်ဆာကို မြက်စသည်ဖြင့် ဖုံး၍ နောင်မှ လာယူခြင်း၊

၁၁။ 'အဝတ်ဖြစ်လျှင် ယူမည်၊ အခြားပစ္စည်းဖြစ်လျှင် မယူ'ဟု စိတ်ကူးကြံဆ၍ အထုပ်ကို ယူခြင်း၊

'မည်သည့်အရပ်လွန်မှ ယူမည်၊ ဒီအတွင်း ဥစ္စာရှင်တွေ့လျှင် ခဏယူသလို လုပ်၍ ပြန်ထားမည်'
စသည်ဖြင့် အရပ်ဌာနကို ကြံဆ၍ ယူခြင်း၊ (ဝိနည်း၊ ခုဒ္ဒသိက္ခာ)

**ခိုးခြင်း အင်္ဂါ ၅-ပါး**

၁။ သူတပါး သိမ်းပိုက်ထားသော ဥစ္စာဖြစ်ခြင်း၊
၂။ သူတပါးဥစ္စာဟု သိခြင်း၊
၃။ ခိုးလိုသော စိတ်ရှိခြင်း၊
၄။ ခိုးခြင်း၊
၅။ တည်ရာဌာနမှ ရွေ့ခြင်း၊

**ခိုးခြင်း အပြစ်များ**

၁။ ငရဲသို့ ကျခြင်း
၂။ ပြိတ္တာဘုံ၌ ဖြစ်ခြင်း
၃။ တိရစ္ဆာန်ဖြစ်ခြင်း
၄။ စီးပွားပျက်စီးခြင်း
၅။ ဆင်းရဲမွဲတေခြင်း (အံ၊ ၃၊ ၇၇)

**ဈေးသည်မ ၄-ယောက်။** ။ဘုရားလက်ထက်က ဈေးသည်မ ၄-ယောက်တို့သည် မမှန်ကန်သော အလေးချိန်ခွင်များဖြင့် လိမ်ညာရောင်းဝယ်ကာ ပစ္စည်းရှာကြ၏။ အရွယ်ကောင်းတုန်းမှာပင် သေသွားပြီး ပြိတ္တာဖြစ်ကုန်၏။ ကျန်ရစ်သည့် ယောကျ်ားများက နောက်မိန်းမများ ယူကုန်၏။ သူတို့ရှာခဲ့သော စည်းစိမ်များကို သုံးစွဲခံစားနေကြသည်ကို မြင်ရ၍ "ငါတို့ရှာဖွေခဲ့တဲ့ ပစ္စည်းတွေကို သူတို့က နောက်သား မယားတွေနဲ့ မျှဆို့လို့၊ ငါတို့မှာတော့ ဒုက္ခတွေ ရောက်နေကြတယ်"ဟု မြို့ရိုးပေါ်ကို တက်၍ အော်ကြသတဲ့...။ (ပေတ၊ ပါ-၂၁၆၊ ဋ-၂၆၁။)

**အကြွေး ၄၀။** ။ မြို့လေးတစ်မြို့မှ လူကြီးတစ်ယောက် အကြွေးပေးထားသော ငွေ ၄၀- ရပြီးပါလျက် မဆပ်သေးဘူးဟု ဆိုကာ အတင်းတောင်း၏။ နောက်ဆုံး "အကြွေးဆပ်ပြီးသာ ဖြစ်ခဲ့လျှင် သင့်အိမ်မှာ ကျွဲဖြစ်ပါစေသား"ဟု ကျိန်၍ တောင်း၏။ မတတ်သာ၍ ကြွေးယူထားသူက နောက်ထပ် ငွေ ၄၀- ထပ်ပေးလိုက်ရ၏။ ထိုလူကြီး သေသွားသောအခါ အကြွေး ၂-ခါ ဆပ်ရသောအိမ်၌ ကျွဲကလေး သွားဖြစ်၏။ ထိုသူ ကျွဲဖြစ်နေသည်ကို ထိုလူကြီး၏ သမီးများက သူ့ကို ခေါ်နေကျ နာမည်နှင့်ခေါ်လျှင် လာသဖြင့် သိရသည်ဟု ဆို၏။ (မဟာစည် သလ္လေခတရားတော်၊ ပ-တွဲ၊ ၁၄၅။)

**ရှောင်ကြဉ်ရခြင်း အကျိုးများ**

၁။ ဥစ္စာပေါခြင်း၊ ၂။ မဖြစ်သေးသော စီးပွားဥစ္စာများ ရခြင်း၊ ၃။ စီးပွားဥစ္စာ ခိုင်မြဲခြင်း၊ ၄။ ရန်သူမျိုးငါးပါးမှ ကင်းဝေးခြင်း၊ ၅။ အကြီးအကဲ ဖြစ်ရခြင်း၊ ၆။ ချမ်းသာစွာ နေရခြင်း။

(ဣတိဝုတ် အဋ္ဌကထာ၊ ခုဒ္ဒက အဋ္ဌကထာ။)

ဆောင်။ ။အဒိန္နဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲ တေ်ဘိ၊ လိုရှိ မရ၊ ဘောဂ ပျက်စီး၊ ရေ-မီး-သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုး အပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြား ဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်ခါ အပြန်အကျိုး တည်း။ (ရတနာ့ဂုဏ်ရည်၊ ၁၅၃။)

## ဝါရ ၅-မျိုး

(က) အခြားသူများ ခိုးခြင်းကို ပြုကြသော်လည်း ငါတို့သည် ခိုးခြင်းမှ ကင်းစေသည်။ (သလ္လေခဝါရ)

(ခ) အခြားသူများ ခိုးခြင်းကို ပြုကြသော်လည်း ငါတို့သည် ခိုးခြင်းကို မပြုကြကုန်အံ့ဟု စိတ်ကို ဖြစ်စေမည်။ (စိတ္တုပ္ပါဒဝါရ)

(ဂ) ခိုးခြင်းကို မခိုးခြင်းဖြင့် ရှောင်လွှဲနေပါမည်။ (ပရိက္ကမနဝါရ)

(ဃ) မခိုးသောအကျင့်မြတ်ဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ (ဥပရိဘာဂဝါရ)

(င) ခိုးမှုကိလေသာမီးကို မခိုးခြင်းဖြင့် ငြိမ်းစေမည်။ (ပရိနိဗ္ဗာနဝါရ)

## လောဘ၏ လက္ခဏာဒိ စတုက္က

လောဘော အာရမ္မဏဂ္ဂါဟဏ-လက္ခဏော, မက္ကဋ္ဌာလေပေါ ဝိယ = လောဘသည် မျောက်နဲ့စေးကဲ့သို့ အာရုံကိုယူခြင်း လက္ခဏာရှိ၏။

အဘိသင်္ဂ-ရသော, တတ္တကပါလေ ခိတ္တမံသပေသိ ဝိယ = လောလောပူသောအိုးကင်း၌ ပစ်ချအပ်သော သားတစ်ကဲ့သို့ အလွန်ကပ်ငြိခြင်း ကိစ္စရှိ၏။

အပရိစ္စာဂ-ပစ္စုပဋ္ဌာနာ,တေလဥ္ဇနရာဂေါ ဝိယ = ဆီစွန်းခြင်း၏ တပ်စွဲခြင်းကဲ့သို့ မစွန့်နိုင်ခြင်း သဘော တရားဟု ဉာဏ်အားထင်လာ၏။

သံယောဇနိယဓမ္မေသု အဿာဒဒဿန-ပဒဋ္ဌာနာ = သံယောဇဉ်၏ အာရုံဖြစ်သောတရားတို့၌ သာယာ ဖွယ်ဟု ရှုတတ်သော ဒိဋ္ဌိလျှင် နီးစွာသောအကြောင်းရှိ၏။

(သော တဏှာနဒီဘာဝေန ဝဍ္ဎမာနော, သီဃသောတာ နဒီ ဝိယ မဟာသမုဒ္ဒံ, အပါယမေဝ ဂဟေတွာ ဂစ္ဆတီတိ ဒဋ္ဌဗ္ဗော။ ထိုလောဘသည် တဏှာမြစ်၏အဖြစ်ဖြင့် တိုးပွားလသော် လျင်မြန်သောအလျဉ် ရှိသော မြစ်သည် မဟာသမုဒ္ဒရာသို့ ရောက်သွားသကဲ့သို့ အပါယ်သမုဒ္ဒရာသို့သာ ယူဆောင်၍ သွား၏ဟု မှတ်သားအပ်၏။)

## ၄။ မမြတ်သော မေထုန်အကျင့်ကိုကျင့်ခြင်း အဗြဟ္မစရိယ

ဤအကျင့်ကို ရဟန်းများ, ရဟန်းမများ, သီလရှင်များ, ဥပုသ်သည်များ, ငယ်ရွယ်စဉ်ကပင် မြတ်သောအကျင့်ကို ဆောက်တည်ခဲ့သော ကောမာရ(ကောမာရီ) ဗြဟ္မစရိယသီလ ဆောက်တည်သူများ သာ ကျင့်သုံးကြသည်။

**ညီအစ်မ ခုနစ်ဖော်။** ။ကဿပဘုရားရှင်လက်ထက်က ခေမာ, ဥပ္ပလဝဏ်, ပဋာစာရီ, ဓမ္မဒိန္နာ, ကုဏ္ဍလကေသီ, ကိသာဂေါတမီ, ဝိသာခါ… အလောင်းများသည် ကိကီမင်းကြီး၏ သမီးတော်များ ဖြစ်ကြ၏။ သာသနာတော်ကို ကြည်ညိုသဖြင့် ရဟန်းမ ပြုခွင့်တောင်းသောအခါ ခွင့်မပေးသဖြင့် ငယ်သွေးငယ်မူမပျက် ဖြူစင်သောအကျင့်ဖြစ်သည့် ဤကောမာရီဗြဟ္မစရိယ အကျင့်ကို တသက်လုံး ကျင့်သုံးခဲ့ကြ၏။ (အံ-ဋ္ဌ-၁၊ ၃၁၁။ ဇာတက-ဋ္ဌ-၇၊ ၂၄၃။)

**ဥဒယဘဒ္ဒမင်းသားနှင့် မင်းသမီး။** ။ ဘုရားရှင်နှင့် ယသောဓရာအလောင်းများဖြစ်သော ဥဒယဘဒ္ဒမင်းသားနှင့် မင်းသမီး နှစ်ပါးတို့သည် အဖေတူ အမေကွဲ မောင်နှမများ ဖြစ်ကြ၏။ ထီးနန်းအမွေဆက်ခံရန် မိဘများက ထိမ်းမြား ပေးသဖြင့် ကာသိတိုင်း, သုရုန္ဒနမြို့ကို မင်း-မိဖုရားအဖြစ် အုပ်ချုပ်ခဲ့ကြ၏။ သို့သော်လည်း နတ်ရွာစံသည့်တိုင်အောင် အဗြဟ္မစရိယ သိက္ခာပုဒ်ကို ထိန်းလျက် ဖြူစင်စွာ နေထိုင်ခဲ့ကြ၏။ (ဥဒယဘဒ္ဒဇာတ်၊ ပါ-၁-၂၃၁။ ဋ္ဌ-၄-၁၀၅။)

**ကံထိုက်- မထိုက် ၂-မျိုးရှိ**

ဤနေရာ၌ အဗြဟ္မစရိယအကျင့်သည် ကာမေသုမိစ္ဆာစရကံ ထိုက်သောအကျင့်နှင့် မထိုက်သောအကျင့် ဟု နှစ်မျိုးရှိ၏။ ကာမေသုမိစ္ဆာစာရကံထိုက်သော အဗြဟ္မစရိယကို အခြေခံငါးပါးသီလပျက်၍ လူတိုင်း ရှောင်ကြဉ်ကြရ မည်။ လူဝတ်ကြောင်များအတွက် အဗြဟ္မစရိယသက်သက်ဖြင့် အပါယ်မကျစေနိုင်။

**အာနန္ဒအလောင်း မှားခဲ့စဉ်က။** ။ဤဘဒ္ဒကမ္ဘာ၌ပင် အာနန္ဒအလောင်းသည် တစ်ခုသောဘဝ၌ ရွှေပန်းတိမ် သည်၏ သားဖြစ်ခဲ့၏။ လူမိုက်များနှင့်ပေါင်းကာ ကာမေသုမိစ္ဆာစရကံကို ကျူးလွန်မိ၏။ ထိုကံကြောင့် ငရဲ၌ နှစ်ပေါင်း များစွာ ခံရ၏။ ထို့နောက် မျောက်ဖြစ်၍ ဝှေးစေ့ကို ကိုက်သတ်ခံရ၏။ ထို့နောက် နွားဖြစ်၍ သင်းကွပ်ခံရ၏။ ထို့နောက် လူဖြစ်သော်လည်း မိန်းမ မဟုတ်, ယောကျ်ားမဟုတ် ပဏ္ဍုပ်ဖြစ်ရ၏။ ထို့နောက် နတ်သမီးချည်း ၅-ဘဝ ဖြစ်ရ၏။ ထို့နောက် လူ့ပြည်မှာ ဘုရင့်သမီး(ရုစာမင်းသမီး) ဖြစ်ရ၏။ (မဟာနာရဒဇာတ်၊ ပါ-၃-၂၂၆။ ဋ္ဌ-၇- ၁၂၇။)

(ဆောင်) ။မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၏။ ရှားပါးလာဘ်တိတ်၊ ချမ်းသာ ဆိတ်၏။ ဣတ္ထိ ပဏ္ဍုပ်၊ မျိုးယုတ် ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာ ဣန္ဒြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ခါ အပြစ်အကျိုးတည်း။ (ရတနာ့ဂုဏ်ရည်၊ ၁၅၅။)

**ဝါရ ၅-မျိုး**

(က) အခြားသူများ မမြတ်သောအကျင့်ကို ကျင့်ကြသော်လည်း ငါတို့ကတော့ မြတ်သောအကျင့်ကို

ကျင့်မည်။ (သလ္လေခဝါရ)

(ခ) အခြားသူများ မမြတ်သောအကျင့်ကို ကျင့်ကြသော်လည်း ငါတို့သည် မမြတ်သောအကျင့်ကို မပြုကုန်အံ့ဟု စိတ်ကို ဖြစ်စေမည်။ (စိတ္တုပ္ပါဒဝါရ)

(ဂ) မမြတ်သောအကျင့်ကို မြတ်သောအကျင့်ဖြင့် ရှောင်လွှဲနေပါမည်။ ပရိက္ကမနဝါရ)

(ဃ) မြင့်မြတ်သောအကျင့်ဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ (ဥပရိဘာဂဝါရ)

(င) မမြတ်သောအကျင့် ကိလေသာမီးကို မြတ်သောအကျင့်မြင့် ငြိမ်းစေမည်။ (ပရိနိဗ္ဗာနဝါရ)

**********

## ၅။ မမှန်သောစကားကို ပြောဆိုခြင်း မုသာဝါဒ

"မမှန်သောစကား" ဟူရာ၌ နှုတ်ဖြင့် ပြော၍သော်၎င်း၊ ကိုယ်လက်စသည်ဖြင့် လှုပ်ပြ၍သော်၎င်း၊ စာဖြင့်ရေး၍သော်၎င်း လိမ်သမျှ အားလုံး ပါဝင်၏။ သူတပါးအကျိုးစီးပွား ပျက်စီးအောင်လိမ်သော မုသာဝါဒမျိုးသည်သာ အပြစ်ကြီး၏။ ခံရသူ သီလရှိလျှင် ပို၍ အပြစ်ကြီး၏။ မိမိဥစ္စာ မချေးငှားလို၍ လိမ်လည်သော မုသားမျိုး၊ နောက်ပြောင်ကျီဆယ်လို၍ ဆိုသော မုသားမျိုး၊ သားသမီးများ အကျိုးအတွက် မိဘများက လိမ်လည်ပြောဆိုသော မုသားမျိုးများမှာ အပြစ်မကြီးလှပါ။ သို့သော် သိက္ခာပုဒ်ကား ပျက်ဖွယ်ရှိ၏။

### သစ္စာ၏ အကျိုးတရားများ

**မဟာကပ္ပိနမင်း။** ။ဘုရားလက်ထက်က မဟာကပ္ပိနမင်းကြီးသည် ရဟန်းပြုရန် နောက်ပါ အမတ်၁-ထောင်နှင့် သွားရာ လမ်းတွင်တွေ့သော မြစ်ကြီးသုံးစင်းကို ဘုရား,တရား,သံဃာ ရတနာသုံးပါးဖြင့် သစ္စာဆို၍ ကူးခဲ့၏။ (ဓမ္မပဒ၊ဌ၊ ပ၊ ၃၅၁)

**မဟာသုတသောမမင်း။** ။အလောင်းတော် မဟာသုတသောမမင်းသည် မိမိကိုသတ်မည့် ပေါရိသာဒအပေါ်မှာပင် သစ္စာစောင့်စည်းခဲ့သည်။ (မဟာသုတသောမဇာတ်၊ ဇာတ်-ဋ္ဌ-၅၊ ၄၉၅။)

**ကဏှဒီပါယနရသေ့။** ။ ယညဒတ်ဟူသော ကျောင်းဒကာ၏ သားငယ်ကို မြွေကိုက်၍ အဆိပ်တက်ပြီး မေ့မျောနေသောအခါ ကဏှဒီပါယနရသေ့, ကျောင်းဒကာ မဏ္ဍဗျနှင့်, ဇနီးသည်တို့ အသီးသီး သစ္စာဆိုကြ၍ အဆိပ်ပြေကာ သားအသက်ရှင်ခဲ့၏။ (ကဏှဒီပါယနဇာတ်၊ ပါ-၁-၂၀၈။ ဋ္ဌ-၄-၂၈။)

### မုသားပြောခြင်း၏ အပြစ်

**စေတိယမင်း။** ။ စေတိယမင်းသည် သာမန်မဟုတ်၊ ကောင်းကင်၌ ပျံနိုင်ခြင်း၊ နတ်သားလေးယောက် သက်တော်စောင့် ရခြင်း၊ ကိုယ်မှ စန္ဒကူးနံ့မွှေးခြင်း၊ ခံတွင်းမှလည်း ကြာညိုနံ့မွှေးခြင်း.. ဟူသော တန်ခိုးလေးမျိုးနှင့် ပြည့်စုံ၏။

သို့သော် ဘုရင်ဖြစ်ပြီး သူငယ်ချင်းဖြစ်သူကို သူ့အကိုကြီးနေရာ ပုရောဟိတ်ရာထူး ရရေးအတွက် အငယ်ကို အကြီး၊ အကြီးကို အငယ်ဟု တိုင်းသိပြည်သိ ပထမဦးဆုံး လိမ်ခဲ့သဖြင့် မြေမျိုခံခဲ့ရသည်။ (စေတိယဇာတ်၊ ၄-၃-၄၃၁။)

ဆောင်။ ။မုသားစကား၊ ပြောဆိုငြားက၊ စကား မပီ၊ သွား မညီတည်း၊ ပုပ်ညှီ ပါးစပ်၊ ခြောက်ကပ် ကိုယ်ရေ၊ ကျွန်ခြေ နောက်၊ ပုံယွင်းဖေါက်၏။ မရောက် သြဇာ၊ နူတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ် မတည်သည်၊ ရောင်ခါ အပြန်အကျိုးတည်း။ (ရတနာ့ဂုဏ်ရည်၊ ၁၅၈။)

**ဝါရ ၅-မျိုး**

(က) အခြားသူများ လိမ်လည်ပြောဆိုသည့်နေရာမှာ ငါတို့ကတော့ လိမ်လည်မှုကင်းစေမည်။ (သလ္လေခဝါရ)

(ခ) အခြားသူများ လိမ်လည်မှုကို ပြုကြသော်လည်း ငါတို့သည် လိမ်လည်မှုကို မပြုကုန်အံ့ဟု စိတ်ကို ဖြစ်စေမည်။ (စိတ္တုပ္ပါဒဝါရ)

(ဂ) လိမ်လည်မှုကို မှန်သောစကားဖြင့် ရှောင်လွှဲနေပါမည်။ (ပရိက္ကမနဝါရ)

(ဃ) မှန်သောသစ္စာစကားဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ (ဥပရိဘာဂဝါရ)

(င) လိမ်လည်မှုကိလေသာမီးကို သစ္စာစကားဖြင့် ငြိမ်းသတ်မည်။ (ပရိနိဗ္ဗာနဝါရ)

**********

## ၆။ ဂုံးတိုက်ခြင်း ပိသုဏာဝါစာ

ချစ်ခင်နေသူနှစ်ဦး ကွဲပြားအောင်, သို့မဟုတ် မိမိအား ချစ်ခင်လာအောင် ထိုချစ်ခင်နေသူ နှစ်ဦးကို ရန်တိုက်ပေးမှု, ဂုံးတိုက်မှု။ (**ပိ**ယ- ချစ်ခင်သူနှစ်ဦးတို့၏ ချစ်ခင်မှုကို + **သုည**- ဆိတ်သုဉ်း ပျက်စီး စေသောစကား)

**ဝေသာလီပြည်ကြီး ပျက်ပုံ။** ။အဇာတသတ်မင်းက ဝေသာလီပြည်ကို သိမ်းပိုက်နိုင်ရေးအတွက် ဝဿကာရ- အမတ်ကြီးကို ဟန်ဆောင်ကာ တိုင်းပြည်မှ နှင်ထုတ်လိုက်၏။ အမတ်ကြီးက ဝေသာလီတွင် ခိုလှုံခွင့်တောင်းပြီး မင်းသားများကို ပညာသင်ပေး၏။ မင်းသားချင်းမတည့်အောင် သိမ်မွေ့သောနည်းဖြင့် အချင်းချင်းတိုက်ပေးပြီး အားလုံး ကွဲပြသွားသောအခါ အဇာတသတ်မင်းသို့ သတင်းပို့လိုက်သဖြင့် အလွယ်တကူဖြင့် သိမ်းယူသွား၏။

**ဂုံးတိုက်ခဲ့လို့ ချစ်သူစွန့်ခံရ။** ။ပါဋ္ဌလိပုတ်နေပြည်တော် ဂင်္ဂါမြစ်သဲသောင်ပြင်ဝယ် ဗောဓိထေရီ ရဟန္တာမ,က မေး၍ ဣသိဒါသထေရီ ရဟန္တာမ,က သူ့ဘဝဇာတ်ကြောင်း ပြန်ပြောပြ၏။ ဥဇ္ဇေနီပြည် သူဌေးကြီးက သမီး ဣသိဒါသီကို ဂုဏ်ရည်တူသူဌေးသားနှင့် ထိမ်းမြားပေးသော်လည်း မကြာခင် ပစ်သွားခဲ့၏။ ဒုတိယတန်း သူဌေးသားနှင့် ပေးစားတော့ လည်း ထားခဲ့ပြန်၏။ နောက်ဆုံး သူတောင်းစားနှင့် ပေးစားသည့်တိုင် သူ့ကို ပစ်ထားခဲ့၏။ ထို့ကြောင့် မိဘများထံ ခွင့်ပန်၍ ဇိနဒတ္တာထေရီမကြီးထံ၌ ရဟန်းပြုခဲ့၏။ ခုနစ်ရက်အတွင်း ဝိဇ္ဇာ ၃-ပါးနှင့် ပြည့်စုံသော ရဟန္တာမကြီး ဖြစ်ခဲ့၏။

ရှေးဘဝကို ပြန်ဆင်ခြင်ကြည့်သောအခါ လွန်ခဲ့သည့် ၇-ဘဝက မကောင်းမှုကို ပြန်တွေ့၏။ (၁) ပထမဘဝတွင် ရွှေပန်းတိမ်သည် ဘဝဖြစ်ပြီး သူတပါးမယား ကျူးလွန်သည့် ကာမေသုမိစ္ဆာစာရကံ ပြုခဲ့၏။ ထိုကံကြောင့် (၂) ဒုတိယ ဘဝတွင် ငရဲမှာ ကျ၏။ (၃) တတိယဘဝတွင် မျောက်ဖြစ်ပြီး အနည်းငယ်ကြီးသောအခါ မျောက်ဖိုလ်ကြီး၏ ဝှေးစေ့ကို ကိုက်ဖြတ်သတ်ခံရ၏။ (၄) စတုတ္ထဘဝမှာ ဆိတ်ဖြစ်ပြီး သင်းကွပ်ခံရ၏။ (၅) ပဉ္စမဘဝမှာ နွားဖြစ်ပြီး သင်းကွပ်ခံရပြန် ၏။ (၆) ဆဋ္ဌမဘဝတွင် အိမ်ပေါက်ကျွန်မျိုး၌ ဖြစ်ပြီး, အထီး အမ မထင်ရှားသည့် ပဏ္ဍုပ်ဖြစ်ရ၏။ (၇) သတ္တမဘဝမှာ ဆင်းရဲသား လှည်းသမား၏ သမီးဖြစ်၏။ မိဘများ အကြွေးမဆပ်နိုင်သဖြင့် သမီးကို ကျွန်အဖြစ် လှည်းမှူးကြီးကို ပေး လိုက်ရ၏။ အရွယ်ရောက်လာသောအခါ ရုပ်ရည်ချောမောသဖြင့် လှည်းမှူးကြီး၏သားက မယားငယ်အဖြစ် ယူလိုက်၏။ ဤတွင် လင်နှင့် မယားကြီးကွဲအောင် ဂုံးတိုက်ခဲ့၏။ မယားကြီးမှာကား သူတော်ကောင်းကြီး ဖြစ်၏။ ထိုကံကြောင့် ဤ နောက်ဆုံးဘဝတွင် သူတောင်းစားတောင် မချစ်နိုင်ဘဲ အပြစ်မရှိ သက်သက်မုန်းပြီး သူ့ကို စွန့်ပစ်သွားကြ၏။

(ဣသိဒါသီထေရီဂါထာ၊ ပါ-၄၂၅။)

ဆောင်။ ဂုံးချောတတ်ငြား၊ အပယ်လား၊ စွန့်သွား ချစ်သူပေ။

**ဝါရ ၅-မျိုး**

(က) အခြားသူများ ဂုံးတိုက်ပြောဆိုသည့် နေရာမှာ ငါတို့ကတော့ ဂုံးတိုက်မှုကင်းစေမည်။ (သလ္လေခဝါရ)

(ခ) အခြားသူများ ဂုံးတိုက်ပြောဆိုမှုကို ပြုကြသော်လည်း ငါတို့သည် ဂုံးတိုက်မှုကို မပြုကုန်အံ့ဟု စိတ်ကို
ဖြစ်စေမည်။ (စိတ္တုပ္ပါဒဝါရ)

(ဂ) ဂုံးတိုက်ပြောဆိုမှုကို မပြောဆိုမှုနှင့် (ဝါ) ညီညွတ်ရေးစကားပြောခြင်းဖြင့် ရှောင်လွှဲနေပါမည်။
(ပရိက္ကမနဝါရ)

(ဃ) ဂုံးတိုက်စကား မပြောဆိုခြင်းဖြင့် (ဝါ) ညီညွတ်မှုကို ဖြစ်စေတတ်သောစကားကို ပြောဆိုခြင်းဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ (ဥပရိဘာဂဝါရ)

(င) ဂုံးတိုက်မှုကိလေသာမီးကို မပြောဆိုဘဲ ရှောင်ကြဉ်မှုဟူသော ကုသိုလ်ရေစင်ဖြင့် ငြိမ်းသတ်မည်။

*********

## ၇။ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း ဖရုသဝါစာ

ဆဲရေးခြင်း, ကြိမ်းမောင်းခြင်း, ကျိန်ဆိုခြင်း စသည့် လွှသွားကဲ့သို့ ကြမ်းတမ်းသော စကားများ ပြောဆိုခြင်းကို ဆိုသည်။ သို့သော် မိဘက သားသမီးများ ပြောဆိုမရ၍ "နင့်ကို ကျွဲရိုင်းခတ်လို့ သေပါစေ ဟယ်"ဟု ပြောဆိုရာမျိုး၌ စကားကြမ်းတမ်းသော်လည်း တကယ့် စိတ်ကြမ်းမရှိသဖြင့် ကံမမြောက်ပေ။ နှုတ်ကပင် ချိုသော်လည်း ရှင်ဘုရင်များ သေမိန့်ပေးသကဲ့သို့ "ဒီလူ့ကို ချမ်းချမ်းသာသာ အိပ်ပါစေကွယ်" ဟု ပြောဆိုရာမျိုး၌ သေစေလိုသော ကြမ်းတမ်းသည့်စေတနာရှိ၍ ဖရုသဝါစာကံ မြောက်၏။

မှတ်ချက်။ ။ ပိသုဏာဝါစာနှင့် ဖရုသဝါစာတို့သည် ဒေါသနှင့်ယှဉ်သော အကုသိုလ်များဖြစ်၍ အနာဂါမိမဂ်ရောက်မှ အကုန်စင်နိုင်၏။

**ကျိန်ဆဲလို့ ပြိတ္တာဖြစ်။** ။ဘုရားလက်ထက်က ယက်ကန်းသည် အကြီးအကဲတစ်ယောက်သည် ဝါကျွတ်သောအခါ သံဃာတော်များကို သင်္ကန်းတစ်ထည်စီ လှူ၏။ ဤသည်ကို မကျေနပ်သဖြင့် မယားကြီးက ယက်ကန်းသည်ကြီးကို "ဒီ အစားအသောက်တွေလှူလို့ နောက်ဘဝမှာ ကျင်ကြီးကျင်တွေ ဖြစ်ပါစေ။ အဝတ်တွေလှူလို့ ရဲရဲတောက် သံပြားတွေ ဖြစ်ပါစေ"ဟု ကျိန်ဆဲ၏။ သေကြသောအခါ ယက်ကန်းသည်ကြီးက ဝိဉ္ဈာတောမှာ ရုက္ခစိုဝ်းနတ်ကြီးဖြစ်ပြီး၊ မိန်းမက ၎င်းအနီး၌ ပြိတ္တာမကြီး သွားဖြစ်၏။

နတ်ကြီးက သနား၍ အစားအသောက်များ ပေးသော်လည်း သူ့လက်ထဲရောက်လျှင် မစင်များ ဖြစ်သွား၏။ အဝတ်အစားပေးလျှင် ရဲရဲတော်နေသော သံပြားများ ဖြစ်သွား၏။ နောက်မှ ရဟန်းတစ်ပါးနှင့် တွေ့ပြီး အစားအသောက် များလှူကာ အမျှပေးသဖြင့် အစားအသောက်များ ရသွား၏။ ထိုရဟန်းမှတဆင့် မြတ်စွာ ဘုရားကို သင်္ကန်းလှူသဖြင့် အဝတ်အစားများ ရသွားကာ နတ်သမီးတမျှ လှပတင့်တယ်သွား၏။ (ပေတာဝတ္ထု)

**အမ္ဗပါလီရဲ့ အတိတ်ကံ။** အမ္ဗပါလီသည် အတိတ်ဘဝ၌ ဘုရားရှင်ပြင်၌ ထွေးသွားသော တံတွေးကို တွေ့သဖြင့် "ဘယ် ပြည့်တန်ဆာမက ထွေးသွားတာလဲ"ဟု ကျိန်ဆဲပြောဆိုမိသဖြင့် နောက်ဆုံးဘဝ၌ ပြည့်တန်ဆာမ ဖြစ်ရ၏။

(ထေရ-ဌ-၂- ၂၂၃။)

**အိန္ဒိယ၌ အကျိန်ခံရမှာကို ကြောက်။** ။အိန္ဒိယကုလား ရသေ့များ၊ ဘုန်းကြီးများသည် သူတို့ အလှူခံတာကို မလှူလျှင် ကျိန်တတ်၏။ အကျိန်ခံရသူမှာ ကျိန်သည့်အတိုင်း ဘေးသင့်တတ်၏ဟု ရှေးပုရာဏ်ကျမ်းများ၌ ပြဆိုထား သဖြင့် လူတော်တော်များများက ဒါကို ယုံကြည်ကြ၏။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။အခြားသူတို့ ကြမ်းတမ်းသောစကားကို ပြောဆိုရာဝယ် ငါတို့သည် သိမ်မွေ့ ချိုသာသောစကားကိုသာ ပြောကုန်အံ့ဟု ကိလေသာကို ခေါင်းပါးအောင် ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ ကြမ်းတမ်းသောစကားများကို ယဉ်ကျေးသိမ်မွေ့ ချိုသာသောစကားများ ပြောဆိုခြင်းဖြင့် ရှောင်လွှဲနေပါ့မည်။ ယဉ်ကျေးသိမ်မွေ့ ချိုသာသောစကားဖြင့် အဆင့်အတန်းကို မြင့်တက်မည်။ ဖရုသဝါစာ ကိလေသာမီးကို ယဉ်ကျေးသိမ်မွေ့သော ရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၈။ အနှစ်မဲ့သောစကားကို ပြောဆိုခြင်း သမ္ဖပ္ပလာပ

အနှစ်မဲ့သောစကားဟူသည် တရားနှင့် မစပ်ဆိုင်သောစကား၊ အကျိုးစီးပွားနှင့် မစပ်ဆိုင်သော စကား၊ အဆုံးအမနှင့် မစပ်ဆိုင်သောစကားမျိုးကို ဆိုလိုသည်။ စပါးပိန် စပါးဖျင်းသည် အတွင်း၌ အနှစ်

အဆန်မရှိသကဲ့သို့ အနှစ်သာရလည်း မဖက်, အနက်အဓိပ္ပါယ်လည်း မရှိသဖြင့် ပိန်ဖျင်းသောစကားဟု လည်း ခေါ်ကြ၏။ (သမ္ဖပ္ပလာပ အဖွင့်ကို နိဒါန-သံ-ဌ-၂၄၈ ၌ ရှုပါ။)

**ဝါရင်းမျိုး အဓိဋ္ဌာန်။** အခြားသူတို့ အနှစ်မဲ့သော စကားတို့ကို ပြောဆိုရာဝယ် ငါတို့သည် အကျိုးရှိသော စကားများကိုသာ ပြောခြင်းဖြင့် ကိလေသာခေါင်းပါးအောင် ကျင့်မည်။ ဤသို့သောစိတ်မျိုးကို ဖြစ်စေ မည်။ အကျိုးမဲ့သောစကားကို အကျိုးရှိသောစကားဖြင့် ရှောင်လွှဲနေပါမည်။ အကျိုးရှိသောစကားဖြင့် အဆင့်အတန်းကို မြင့်တက်မည်။ အကျိုးမဲ့သောစကား သမ္ဖပ္ပလာ ကိလေသာမီးကို အကျိုးရှိသော စကားတည်းဟူသော ရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၉။ သူ့ဥစ္စာကို ရရန်ကြံစည်ခြင်း အဘိဇ္ဈာ

သူတပါးတို့၏ စည်းစိမ်ဥစ္စာကို "အဟော ဝတ ယံ ပရဿ, တံ မမဿာ = သူ့ဥစ္စာတွေ ငါ့ဟာ ဖြစ်သွားလျှင် ကောင်းမှာဘဲ၊ ငါ့ဥစ္စာ ဖြစ်ပါစေ"ဟု စိတ်ကနေ မတရားသဖြင့် ကြံစည်မှုကို အဘိဇ္ဈာဟု ခေါ်၏။ သို့သော် တောင်းယူ-ငှားယူ-ဝယ်ယူမည်ဟု ကြံစည်မှုမှာ အဘိဇ္ဈာ မဟုတ်။

မှတ်ချက်။ ဒုစရိုက်မြောက်သော အဘိဇ္ဈာကို သောတာပတ္တိမဂ်ဖြင့် အကြွင်းမဲ့ ပယ်နိုင်ပါသည်။

### အဘိဇ္ဈာ ၂-ခု အထူး

သတိပဋ္ဌာန်သုတ်၌ပါသော "ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ"၌ လာသော အဘိဇ္ဈာနှင့် ဤ၌လာသော အဘိဇ္ဈာသည် မတူပေ။

သတိပဋ္ဌာန်သုတ်၌ လာသော အဘိဇ္ဈာကား ဥပါဒါနက္ခန္ဓာ ငါးပါးကို မရှုမိလျှင် ဖြစ်နိုင်သော လောဘကို ဆိုလိုသည်။ ဤ၌ကား သူတပါးပစ္စည်းကို ရလိုမှုဖြင့် ရေးရှုကြံစည်နေသော လောဘကို ဆိုလိုသည်။

### အလို ဣစ္ဆာ ၄-မျိုး

၁။ အဘိဇ္ဈာ = သာမန်လိုချင်မှု
၂။ ပါပိစ္ဆာ = ကိုယ့်မှာ မရှိသောဂုဏ်နှင့် မိမိကို သူတပါးက အထင်ကြီးစေလိုမှု
၃။ မဟိစ္ဆာ = ရသမျှနှင့် မရောင့်ရဲနိုင်ဘဲ များများလိုချင်မှု၊ အလိုကြီးမှု
၄။ အတိစ္ဆာ = ပစ္စည်းချင်းတူသော်လည်း ကိုယ့်ဟာထက် သူတပါးဟာက ပိုကောင်းသည်ဟု ထင်ပြီး သူတပါးပစ္စည်းကို လိုချင်မှု (မူ-ပဏ်-ဌ-၂၊ ၄၅။)

### မပြည့်သောအရာ ၃=မျိုး

၁။ တဟုန်းဟုန်း တောက်လောင်နေသော မီးပုံကြီး
၂။ ကမ်းမမြင် လမ်းမမြင် ပယ်လယ်ပြင်ကြီး
၃။ အလိုလောက ကြီးသောပုဂ္ဂိုလ်
အဂ္ဂိက္ခန္ဓော သမုဒ္ဒေါ စ၊ မဟိစ္ဆောစာပိ ပုဂ္ဂလော။
သကဋ္ဌေန ပစ္စယံ ဒေတု၊ တယောပေတေ အတပ္ပယာ။ (မူ-ပဏ်-ဌ-၂၊ ၄၅။)

**အဘိဇ္ဈာ၏ လက္ခဏာဒိ စတုက္က**

အဘိမုခံ ဈာယတီတိ အဘိဇ္ဈာ = သူတပါးစည်းစိမ်ကို လိုချင်သမှုဖြင့် ရှေးရှုကြံစည်ခြင်းသည် အဘိဇ္ဈာမည်၏။ (အဟော ဝတ ယံ ပရဿ, တံ မမဿာတိ)

သာ ပရသမ္ပတ္တီနံ သကကရဏဣစ္ဆာ-လက္ခဏာ = ထိုအဘိဇ္ဈာသည် သူတပါးတို့စည်းစိမ်ကို မိမိဥစ္စာ ဖြစ်အောင်ပြုလိုချင်ခြင်း လက္ခဏာရှိ၏။

တေနာကာရေန သေနဘာဝ-ရသာ၊ ထိုသူတပါးစည်းစိမ်ကို မိမိဥစ္စာဖြစ်အောင် ပြုလိုခြင်းဟူသော အခြင်းအရာအားဖြင့် ရှာမှီးတတ်သည်၏အဖြစ်ဟူသော ကိစ္စရှိ၏။

ပရသမ္ပတ္တိ-အဘိမုခဘာဝ-ပစ္စုပဋ္ဌာနာ = သူတပါးစည်းစိမ်ကို ရှေးရှုသည့်၏အဖြစ်ဖြင့် ဉာဏ်အား ထင်လာ၏။

ပရသမ္ပတ္တီသု အဘိရတိပဒဋ္ဌာနာ = သူတပါးစည်းစိမ်တို့၌ ရှေ့သွားဖြစ်သောတဏှာဖြင့် လွန်စွာမွေ့လျော်ခြင်းလျှင် နီးသောအကြောင်းရှိ၏။

**ဝါရင်းမျိုး အမိဋ္ဌာန်။** ။အခြားသူတို့ သူတပါးတို့၏ ဥစ္စာကို ရလိုသမှု ရှေးရှုကြံစည်သည့်နေရာဝယ် ငါတို့သည် မကြံစည်ခြင်းဖြင့် ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ထိုစိတ်မျိုးကို ဖြစ်စေမည်။ သူ့ဥစ္စာ ရလိုသမှု ရှေးရှုကြံစည်ခြင်းကို မကြံစည်ခြင်းဖြင့် ရှောင်လွှဲနေပါမည်။ မကြံစည်ခြင်းဖြင့် အဆင့် အတန်းကို မြင့်တက်စေမည်။ အဘိဇ္ဈာကိလေသာမီးကို အနဘိဇ္ဈာရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၁၀။ သူတပါးသေစေရန် ကြံစည်ခြင်း ဗျာပါဒ

သူတပါးကို "သေပါစေ, ပျက်ပါစေ, အနှိပ်စက် ခံရပါစေ, ဒုက္ခရောက်ပါစေ" စသည်ဖြင့် စိတ်က ကြံစည်မှုကို ခေါ်သည်။

သတ္တဝါများသည် မိမိလိုချင်သောအရာကို မရလျှင် သူတပါးပျက်စီးစေရန် ဒေါသဖြင့် ကြံစည် တတ်ကြ၏။ ထိုဗျာပါဒ-ဒေါသကို သူတပါးအကျိုးစီးပွားကို လိုလားသည့် မေတ္တာတရား ပွားများခြင်းဖြင့် ပယ်ခွါရမည်။

**ဗျာပါဒေါ၏ လက္ခဏာဒိ စတုက္က**

ဗျာပဇ္ဇတိ တေန စိတ္တံ, ပူတိဘာဝံ ဥပဂစ္ဆတိ = ထိုသဘောတရားဖြင့် စိတ်သည် ဖေါက်ပြန်ခြင်းသို့ ရောက်တတ်၏။ ပုပ်သည်၏အဖြစ်သို့ ကပ်ရောက်တတ်၏။ ထို့ကြောင့် ထိုသဘောတရားသည် ဗျာပါဒမည်၏။

ဗျာပါဒယတိ ဝါ ဝိနယာစာရရူပသမ္ပတ္တိ ဟိတသုခါဒီနီတိ ဗျာပါဒေါ။ = တနည်းကား- အကြင်သဘောတရားသည် ဝိနည်း, မျိုးရိုး အကျင့်, ရုပ်အဆင်း၏ ပြည့်စုံခြင်း အစရှိသော ကောင်းကျိုးတို့ကို ဖေါက်ပြန်ခြင်းသို့ ရောက်စေတတ်၏။ ထို့ကြောင့် ထိုသဘောတရားသည် ဗျာပါဒမည်၏။

အတ္ထတော ပနေသ ဒေါသောယေဝ = ဤဗျာပါဒဟူသည် တရားကိုယ်အားဖြင့် ဒေါသပင်တည်း။

**ဝါရငါးမျိုး အဓိဋ္ဌာန်။** ။အခြားသူများ သေကျေပျက်စေလိုကြသည့် နေရာဝယ် ငါတို့သည် သေကျေပျက်စီးစေလိုမှုကို ကင်းစေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ သေကျေပျက်စေလိုမှု ဗျာပါဒကို မေတ္တာဖြင့် ရှောင်လွှဲနေမည်။ မေတ္တာဖြင့် အဆင့်အတန်းကို မြင့်စေမည်။ ဗျာပါဒကိလေသာမီးကို မေတ္တာရေစင်ဖြင့် ငြိမ်းစေမည်။

## ၁၁။ မိစ္ဆာဒိဋ္ဌိ - မှားယွင်းစွာယူခြင်း

**မှားယွင်းသော သဘောရှိသည့် မိစ္ဆတ္တတရား ၁၀-ပါး**

မိစ္ဆာဒိဋ္ဌိ အစ, မိစ္ဆာဝိမုတ္တိအဆုံး ဤတရား၁၀-ပါးကို မှားယွင်းသော သဘောရှိသောကြောင့် မိစ္ဆတ္တတရား ၁၀-ပါးဟု ခေါ်၏။ (မိစ္ဆတ္တ= မိစ္ဆာ+အတ္တ၊ မိစ္ဆာ-မှားယွင်းသော + အတ္တ-သဘော)

**မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း ဒသဝတ္ထုက ၁၀-ပါး**

၁။ နတ္ထိ ဒိန္နံ = ပေးလှူခြင်းသည် အကျိုးမရှိ၊ (ကောင်းကျိုး မရ၊ ပစ္စည်း ကုန်ရုံသာ)

၂။ နတ္ထိ ယိဋ္ဌံ = အကြီးအကျယ် ပေးလှူခြင်းလည်း အကျိုးမရှိ၊

၃။ နတ္ထိ ဟုတံ = ဧည့်ခံကျွေးမွေးခြင်း, လက်ဆောင်ပေးခြင်း စသည့် ပေးကမ်းပူဇော်မှုလဲ အကျိုးမရှိ၊

၄။ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလဝိပါကော = ကောင်းမှု မကောင်းမှုတို့၏ အကျိုးရင်း, အကျိုးဖျားလဲ မရှိ၊

၅။ နတ္ထိ မာတာ = အမိကို လုပ်ကျွေးရခြင်း၏ အကျိုးမရှိ၊

၆။ နတ္ထိ ပိတာ = အဖကို လုပ်ကျွေးရခြင်း၏ အကျိုးမရှိ၊

(ပြုစုလုပ်ကျွေးခြင်းကြောင့် အကျိုးမရှိ၊ စော်ကားခြင်းကြောင့်လဲ အပြစ်မရှိဟု ဆိုလိုသည်။)

၇။ နတ္ထိ အယံ လောကော = ဤလောကဟူသည်လည်း မရှိ၊

၈။ နတ္ထိ ပရောလောကော = တပါးသော လောကဟူသည်လည်း မရှိ၊

၉။ နတ္ထိ သြပပါတိကာ သတ္တာ = သေပြီးနောက် ဘဝသစ်၌ ကပ်ရောက်ဖြစ်ရသော သတ္တဝါ မရှိ၊
(လက်ရှိဘဝကုန်လျှင် ပြတ်တော့၏။ တနည်း- ကိုယ်ထင်ရှားဖြစ်ပေါ်လာသော နတ်ဗြဟ္မာ, ငရဲ, ပြိတ္တာ, အသုရကာယ်ဆိုတာ မရှိ)

၁၀။ နတ္ထိ လောကေ သမဏဗြဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ = ဤလောကနှင့် တမလွန်လောကကို ကိုယ်တိုင်ထိုးထွင်း သိပြီး, သူတပါးတို့အားလည်း ဟောပြနိုင်ရန်အတွက် ကောင်းစွာ ကျင့်ကြံနေကြကုန်သော သမဏ-ဗြဟ္မဏတို့ဟူသည် မရှိကုန်။

(ဒီလောက တမလွန်လောကအကြောင်း ကောင်းမွန် မှန်ကန်စွာ ကျင့်ပြီး တကယ်ထိုးထွင်းသိသူ မရှိ။ ကြံတွေး မှန်းဆ၍သာ ဟောနေကြခြင်းဖြစ်၊ ဤအချက်ဖြင့် မှန်သော ကျင့်စဉ်ကိုင်း၊ အမှန်အတိုင်းသိသွားသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာများကိုငင်း ပယ်၏။)

အထက်ပါ ၁၀-ပါးသည် အကျဉ်းချုပ်အားဖြင့် ကံနှင့် ကံ၏အကျိုးတရားကို ပယ်ခြင်း နတ္ထိကဒိဋ္ဌိပင် ဖြစ်၏။

### ဒိဋ္ဌိကြီး ၃-မျိုး

### ၁။ နတ္ထိက ဒိဋ္ဌိ = ကုသိုလ်,အကုသိုလ်တို့၏ အကျိုးမရှိဟု အကျိုးကို ပယ်သောဝါဒ၊

(အဇိတကေသ-ကမ္ဗလ ဆရာကြီးက ကောင်းမှု-မကောင်းမှု၏ အကျိုးမရှိ၊ သေပြီးလျှင် ဘာမှ မကျန်တော့ပဲ ပြတ်စဲသွားတော့၏-ဟု ယူဆလေသည်။)

### ၂။ အကိရိယဒိဋ္ဌိ = ကောင်းမှု-မကောင်းမှုကို ပြုသော်လည်း ပြုရာမရောက်ဟု အကြောင်းကို ပယ်သောဝါဒ၊

(ပူရဏကဿပ ဆရာကြီးက ကောင်းမှု-မကောင်းမှုတို့သည် ခန္ဓာကိုယ်ပေါ်မှာသာ ထိနိုင်၏။ အတွင်းက အတ္တကို မထိနိုင်။ ခန္ဓာကိုယ်ကြီးကား ထင်းတုံးကဲ့သို့ အလကား အကောင်အထည်ကြီးသာ တည်း။ ထို့ကြောင့် အတွင်းအတ္တ မထိရောက်နိုင်သော အပြင်အလုပ်ဟူသမျှ ဘာဘဲလုပ်လုပ်, လုပ်ရာ မရောက်။ လုပ်ပြီးလျှင် ပြီးရော့၊ ကောင်းမှု-မကောင်းမှုအနေ မကျန်ရစ်ပေ... ဟု ယူဆလေသည်။)

### ၃။ အဟေတုကဒိဋ္ဌိ = အကြောင်းမရှိဟု ရှေးအတိတ်ကံရော, အကျိုးကိုပါ ပယ်သောဝါဒ။

(မက္ခလိဂေါသာလ ဆရာကြီးက ဆင်းရဲ-ချမ်းသာရောက်ကြဖို့၊ သံသရာက လွတ်မြောက်ဖို့ရာ ဘာအကြောင်း အထောက်အပံ့မျှ မရှိ။ သူ့ထုံးစံဓမ္မတာအတိုင်း ပိုင်းခြားကန့်သတ်ထားသလောက်သာ ဆင်းရဲ-ချမ်းသာ ခံစား, စံစားကြ၍ လိမ့်သွားသော အပ်ချည်လုံးသည် ကြိုးကုန်လျှင် ရပ်သွားသလို လွတ်ချိန်စေလျှင် သံသရာက လွတ်ကြရသည်။ ဘာဖြစ်အောင် ညာဖြစ်အောင် ကြိုးစားသော်လည်း အလကားပင်။)

အထက်ပါ ဒိဋ္ဌိအယူကြီး သုံးပါး၌ မည်သူမျှ ချေချွတ်၍ မရလောက်အောင် သဘောကျ စွဲမြဲနေသူများကို "နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူ"ဟု ဆိုရ၏။ ထိုသူတို့မှာ သေလျှင် ဧကန်မုချ အပါယ်ကျကုန်လတံ့။ ထိုနိယတမိစ္ဆာဒိဋ္ဌိအယူ ရှိသူသည် ပဉ္စာနန္တရိယကံ ကျူးလွန်သူထက်ပင် အပြစ်ကြီးသေး၏။

(ပဉ္စာနန္တရိယကံ ကျူးလွန်သူသည် ကမ္ဘာပျက်လျှင် ငရဲမှ လွတ်သေး၏။ ထိုမိစ္ဆာဒိဋ္ဌိ အယူရှိသူ သည်ကား အခြားစကြဝဠာတစ်ခုသို့ ပြောင်းရွှေ့ကာ ငရဲခံရ၏။

(ပဉ္စ ဟိ အာနန္တရိယကမ္မာနိ မဟာသာဝဇ္ဇာနိ နာမ၊ တေဟိပိ မိစ္ဆာဒိဋ္ဌိယေဝ မဟာသာဝဇ္ဇတရာတိ အဓိပ္ပါယော။ မိစ္ဆာဒိဋ္ဌိပရမာနိ အဖွင့်။ ကေနိပါတ၊ ဋ္ဌ၊ ၃၇၁-၂။)

**အယူမမှားဖို့ သတိပေးစာ။**

**သတ္တဝါတယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သော့အားဖြင့်၊ ဟောကြား ချေချွတ်၊ ဖြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကို စွန့်ဘဲ၊ အကျင့်လွဲ၍၊ ငရဲ ခံလိမ့်မည်သောကြောင့်။** (မဃဒေဝ၊ ပိုဒ်ရေ-၃၁၉။)

**ဆရာမမှားဖို့ သတိပေးစာ။**

**နဖူးစွန်းနှင့်၊ ဒူးပွန်းခံကာ၊ ကိုးကွယ်ပါလည်း၊ ဆရာလွဲက၊ ငရဲအပါယ်၊ အမြစ်တွယ်၊ ဝဋ်နွယ် ရှည်လျားရာ။** (လယ်တီဆရာတော်)

**ဒိဋ္ဌိ ၄-မျိုး**

၁။ **အတ္တဒိဋ္ဌိ** = အသက်ကောင်, အတ္တကောင်ရှိ၏ဟု အယူမှားမှု၊

၂။ **သက္ကာယဒိဋ္ဌိ** = ခန္ဓာငါးပါးကို အသက်ကောင်, အတ္တကောင်ဟု အယူမှားမှု၊

၃။ **သဿတဒိဋ္ဌိ** = သတ္တဝါသည် တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့ကာ အမြဲတည်နေသည်ဟု အယူမှားမှု၊

၄။ **ဥစ္ဆေဒဒိဋ္ဌိ** = သတ္တဝါသည် သေပြီးလျှင် ဘာမှ မရှိတော့ဘဲ ပြတ်စဲသွားတော့၏ဟု အယူမှားမှု၊

**ဒိဋ္ဌိများ ပယ်ပုံ**

၁။ နာမ်ရုပ်တို့ကို ပိုင်းခြားသိမြင်သော **နာမရူပ ပရိစ္ဆေဒဉာဏ်**သို့ ရောက်သောအခါ အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိတို့ ကင်းကုန်၏။

၂။ နာမ်ရုပ်တို့၏ အကြောင်းအကျိုးဆက်ကို သိသော **ပစ္စယပရိဂ္ဂဟဉာဏ်**သို့ ရောက်သောအခါ အကြောင်းမရှိဘဲ သတ္တဝါများဖြစ်၏ဟူသော အဟေတုကဒိဋ္ဌိ၊ ဖန်ဆင်းရှင်တို့ကြောင့် ဖြစ်၏-ဟူသော မမှန်ကန်သည့် အကြောင်းများကို ယူဆမှု ဝိသမဟေတုဒိဋ္ဌိ၊ သေပြီး အတ္တကောင်သည် တည်မြဲနေ၏ ဟူသော သဿတဒိဋ္ဌိ၊ သေပြီးလျှင်ပြတ်၏ ဟူသော ဥစ္ဆေဒဒိဋ္ဌိတို့သည် ကင်းပျောက်ကုန်၏။

**မိစ္ဆာဒိဋ္ဌိ လက္ခဏာဒိ စတုက္က**

အယာထာဝဒိဋ္ဌိ, ဝိရဇ္ဈိတွာ ဂဟဏတော ဝါ ဝိတထာ ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ။ အနတ္ထာဝဟတ္တာ ပဏ္ဍိတေဟိ ဇိဂုစ္ဆိတာ ဒိဋ္ဌီတိပိ မိစ္ဆာဒိဋ္ဌိ = မမှန်သောအားဖြင့် သိတတ်သော အယူတည်း။ တနည်း- မမှန်ချွတ်ယွင်း

သော အယူတည်း။ တနည်း- အကျိုးမဲ့ကို ဆောင်တတ်သောကြောင့် ပညာရှိတို့သည် စက်ဆုပ်အပ်သော အယူတည်း။

သာ အယောနိသော အဘိနေဝသ-လက္ခဏာ = ထိုမိစ္ဆာဒိဋ္ဌိသည် မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း လက္ခဏာရှိ၏။

ပရာမာသ-ရသာ = အနိစ္စစသည် အမှန်မှတပါး နိစ္စစသော မှားသောအားဖြင့် သုံးသပ်ခြင်းကိစ္စရှိ၏။

မိစ္ဆာဘိနိဝေသ-ပစ္စုပဋ္ဌာနာ = မှားသောအားဖြင့် လွန်လွန်ကဲကဲ နှလုံးသွင်းတတ်သောတရားဟု ဉာဏ်အားထင်လာ၏။

အရိယာနံ အဒဿနကာမတာဒိ-ပဒဋ္ဌာနာ = ဘုရားစသည့်အရိယာတို့ကို မဖူးမြင်လိုခြင်းစသည့်လျှင် နီးသောအကြောင်းရှိ၏။

ပရမံ ဝဇ္ဇန္တိ ဒဋ္ဌဗ္ဗာ = အလွန်သော အပြစ် (ဝါ) အပြစ်အကြီးဆုံးဟူ၍ မှတ်အပ်၏။

**ဝါရငါးမျိုးအဓိဋ္ဌာန်။** သူတပါးတို့ ကံ,ကံ၏အကျိုးမရှိဟု အယူမှားကြမည့် နေရာဝယ် ငါတို့သည် ကံ,ကံ၏အကျိုး ရှိသည်ဟု အယူမှန်(ကမ္မဿကတာ သမ္မာဒိဋ္ဌိ)ကို ဖြစ်စေမည်။ ကိလေသာ ပါးစေသော အကျင့်ကို ကျင့်မည်။ ထိုစိတ်မျိုးကို ဖြစ်စေမည်။ မိစ္ဆာဒိဋ္ဌိအယူကို သမ္မာဒိဋ္ဌိအယူဖြင့် ရှောင်လွှဲမည်။ သမ္မာဒိဋ္ဌိအယူဖြင့် အဆင့်အတန်းကို တက်စေမည်။ မိစ္ဆာဒိဋ္ဌိ ကိလေသာမီးကို သမ္မာဒိဋ္ဌိရေစင်ဖြင့် ငြိမ်းစေမည်။

&&&&&

## ၁၂။ မိစ္ဆာသင်္ကပ္ပ = မှားယွင်းသောအကြံ

မဖေါက်မပြန် မှန်ကန်သောအားဖြင့် မဟုတ်သော, ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော အကုသိုလ်ဝိတက်ရှိကုန်သော သူတို့ပင်တည်း။

**မိစ္ဆာသင်္ကပ္ပ - မှားယွင်းသောအကြံ ၃-မျိုး**

၁။ ကာမဝိတက် = လိုချင်မက်မောစရာ အာရုံများကို ကြံစည်နေခြင်း၊
၂။ ဗျာပါဒဝိတက် = သူတပါးတို့ သေကျေပျက်စီးဖို့ရာ ကြံစည်နေခြင်း၊
၃။ ဝိဟိံသဝိတက် = သူတပါးတို့ကို ညှင်းဆဲဖို့ရာ ကြံစည်နေခြင်း၊

**သမ္မာသင်္ကပ္ပ - မှန်သောအကြံ ၃-မျိုး**

၁။ နေက္ခမ္မ သင်္ကပ္ပ = လိုချင်တပ်မက်မှု ကာမဂုဏ်မှ ထွက်မြောက်ရန် ကြံစည်မှု၊
၂။ အဗျာပါဒ သင်္ကပ္ပ = သေစေလိုသော ဒေါသ၏ ဆန့်ကျင်ဘက် မေတ္တာဖြင့် ကြံစည်မှု၊

၃။ အဝိဟိံသ သင်္ကပ္ပ = ညှဉ်းဆဲခြင်း၏ ဆန့်ကျင်ဘက် ကရုဏာဖြင့် ကြံစည်မှု၊

**ထွက်မြောက်မှု နေက္ခမ္မ ၅-မျိုး**

၁။ ရှင်ရဟန်းအဖြစ်သည် ထွက်မြောက်မှုတစ်မျိုး၊
၂။ ပထမဈာန်တရားသို့ ရောက်ခြင်းသည်လည်း ထွက်မြောက်မှုတစ်မျိုး၊
၃။ နိဗ္ဗာန်သို့ရောက်ခြင်းသည်လည်း ထွက်မြောက်မှုတစ်မျိုး၊
၄။ ဝိပဿနာသို့ ရောက်ခြင်းသည်လည်း ထွက်မြောက်မှုတစ်မျိုး၊
၅။ အလုံးစုံသော ကုသိုလ်တရားတို့သည်လည်း ထွက်မြောက်မှုတစ်မျိုး၊

ပဗ္ဗဇ္ဇာ ပဌမံ ဈာနံ၊ နိဗ္ဗာနဉ္စ ဝိပဿနာ။
သဗ္ဗေပိ ကုသလာ ဓမ္မာ၊ နေက္ခမ္မန္တိ ပဝုစ္စရေ။ (ဣတိဝုတ်၊ ဋ္ဌ၊ ၃၃၁။)

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။ သူတပါးတို့ ကာမစ္ဆန္ဒ, အဘိဇ္ဈာ, ဗျာပါဒ ဟူသော မှားသောအကြံများ ဖြစ်နေရာဝယ် ငါတို့သည် နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသဝိတက် ဟူသော မှန်သောအကြံတို့ကို ဖြစ်စေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤကဲ့သို့သော စိတ်မျိုးကို ဖြစ်စေမည်။ အကြံမှား လမ်းဆိုးကို အကြံမှန်လမ်းကောင်းဖြင့် ရှောင်လွှဲမည်။ သမ္မာသင်္ကပ္ပဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ အကြံမှား မိစ္ဆာသင်္ကပ္ပ ကိလေသာမီးကို အကြံ မှန် သမ္မာသင်္ကပ္ပရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၁၃။ မိစ္ဆာဝါစာ = မှားယွင်းစွာ ပြောဆိုခြင်း

လိမ်ပြောခြင်း မုသာဝါဒ၊ ကုန်းတိုက်ခြင်း ပိသုဏာဝါစာ၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း ဖရုသဝါစာ၊ အကျိုးမရှိသောစကားကို ပြောဆိုခြင်း သမ္ဖပ္ပလာပ... ဤဝစီဒုစရိုက် ၄-ပါးကို မိစ္ဆာဝါစာဟု ခေါ်၏။

**သမ္မာဝါစာ - မှန်ကန်သောစကားကို ပြောဆိုခြင်း**

၁။ လိမ်ပြောခြင်း မုသာဝါဒမှ ရှောင်ကြဉ်ပြီး မှန်သောစကား၊ တည်တံ့သော စကား၊ ယုံကြည်ထိုက်သော စကားကို ပြော၏။

၂။ ကွဲပြားအောင် ကုန်းတိုက်ခြင်း ပိသုဏာဝါစာမှ ရှောင်ပြီး၊ ညီညွတ်ခြင်းကို ဖြစ်စေတတ်သော စကား၊ စေ့စပ်ခြင်းကို ဖြစ်စေတတ်သောစကားကို ပြော၏။

၃။ ကြမ်းတမ်းစွာပြောဆိုခြင်း ဖရုသဝါစာမှ ရှောင်ကြဉ်ပြီး၊ သူတပါး နားချမ်းသာစေမည့်စကား၊ ချစ်ဖွယ်သောစကား၊ ရင်ထဲနှလုံးထဲသို့ ရောက်စေမည့်စကားမျိုး ပြော၏။

၄။ အကျိုးမဲ့သော သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ပြီး၊ အကျိုးရှိသောစကား၊ မှန်သောစကား၊ အချိန်နှင့် သင့်လျော်သော စကား၊ တရားနှင့်ယှဉ်သောစကားတို့ကို ပြော၏။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။ သူတပါးတို့ မိစ္ဆာဝါစာကို ပြောကြမည့်နေရာဝယ် ငါတို့သည် သမ္မာဝါစာကို ပြည့်စုံစေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤကဲ့သို့သော စိတ်မျိုးကို ဖြစ်စေမည်။ မိစ္ဆာဝါစာလမ်းဆိုးကို သမ္မာဝါစာ လမ်းကောင်းဖြင့် ရှောင်လွှဲနေမည်။ သမ္မာကမ္မန္တဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ မိစ္ဆာဝါစာ ကိလေသာမီးကို သမ္မာဝါစာ ရေစင်ဖြင့် ငြိမ်းစေမည်။

## ၁၄။ မိစ္ဆာကမ္မန္တ = မှားယွင်းစွာ ပြုလုပ်ခြင်း

သူတပါးအသက် သတ်ခြင်း၊ သူတပါးဥစ္စာ ခိုးခြင်း၊ သူတပါး သားမယား ကျူးလွန်ခြင်းဟူသော ကာယကံ ၃-ပါးကို မိစ္ဆာကမ္မန္တဟု ခေါ်သည်။

အထက်ပါ ကာယကံ ၃-ပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တ မည်၏။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။သူတပါးတို့ မိစ္ဆာကမ္မန္တကို ပြုလုပ်သည့်နေရာဝယ် ငါတို့သည် သမ္မာကမ္မန္တနှင့် ပြည့်စုံစေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤကဲ့သို့သော စိတ်မျိုးကို ဖြစ်စေမည်။ မိစ္ဆာကမ္မန္တကို သမ္မကမ္မန္တဖြင့် ရှောင်လွှဲနေမည်။ သမ္မာကမ္မန္တဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ မိစ္ဆကမ္မန္တ ကိလေသာမီးကို သမ္မာကမ္မန္တ ရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၁၅။ မိစ္ဆာအာဇီဝ = မှားယွင်းစွာ အသက်မွေးခြင်း

အသက်မွေးဝမ်းကြောင်းအတွက် ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါးကို ပြုလုပ်ခြင်းသည် မိစ္ဆာအာဇီဝ မည်၏။ ၎င်း ၇-ပါးမှ ရှောင်ကြဉ်လျက် မိမိအတတ်ပညာဖြင့် မှန်ကန်စွာ ရှာဖွေခြင်းသည် သမ္မာအာဇီဝ မည်၏။

ဆောင်။ တရားမဲ့စွာ၊ ပစ္စည်းရှာ၊ မိစ္ဆာအာဇီဝ၊
တရားမကွာ၊ ပစ္စည်းရှာ၊ သမ္မာအာဇီဝ၊ (မဟာစည် ဆရာတော်)

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။ အခြားသူတို့ မိစ္ဆာအာဇီဝဖြင့် အသက်မွေးသည့်နေရာဝယ် ငါတို့သည် တရားသဖြင့် ရှာဖွေမှု သမ္မာအာဇီဝဖြင့် အသက်မွေးမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤကဲ့

သို့သော စိတ်မျိုးကို ဖြစ်စေမည်။ မိစ္ဆာအာဇီဝလမ်းမှားကို သမ္မာအာဇီဝ လမ်းမှန်ဖြင့် ရှောင်လွှဲနေမည်။ သမ္မာအာဇီဝဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ မိစ္ဆာအာဇီဝ ကိလေသာမီးကို သမ္မာအာဇီဝ ရေစင်ဖြင့် ငြိမ်းစေမည်။

## ၁၆။ မိစ္ဆာဝါယာမ = မှားယွင်းစွာ အားထုတ်မှု

မဖြစ်သေးသော အကုသိုလ်တရားများ၌ မပျင်းမရိ ဇွဲရှိရှိအားထုတ်ခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တရားများကို တိုးပွားအောင် ထပ်ပြန်တလဲလဲ ကြိုးစားအားထုတ်ခြင်းသည် မိစ္ဆာဝါယာမ မည်၏။

သမ္မာဝါယာမ = မှန်ကန်စွာ အားထုတ်ခြင်း

၁။ ဖြစ်ဖူးသော အကုသိုလ်တရားများကို နောက်မဖြစ်အောင် အားထုတ်ခြင်း၊
၂။ မဖြစ်သေးသော အကုသိုလ်တရားများကို မဖြစ်အောင် အားထုတ်ခြင်း၊
၃။ မဖြစ်သေးသော ကုသိုလ်တရားများကို ဖြစ်အောင် အားထုတ်ခြင်း၊
၄။ ဖြစ်ပြီးသော ကုသိုလ်တရားများကို တိုးပွားအောင် ကြိုးစားအားထုတ်ခြင်း၊

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။သူတပါးတို့ အကုသိုလ်အရာ၌ ဇွဲကောင်းလျက် မိစ္ဆာဝါယာမ ရှိကြမည့်နေရာဝယ် ငါတို့သည် ကုသိုလ်အရာ၌ ဇွဲကောင်းလျက် သမ္မာဝါယာမနှင့် ပြည့်စုံစေမည်။ ကိလေသာပါးစေမည့် အကျင့်ကို ကျင့်မည်။ မိစ္ဆာအာဇီဝလမ်းဆိုးကို သမ္မာအာဇီဝ လမ်းကောင်းဖြင့် ရှောင်လွှဲနေမည်။ သမ္မာဝါယာမဖြင့် အဆင့်အတန်းကို တက်မည်။ မိစ္ဆာဝါယာမ ကိလေသာမီးကို သမ္မာဝါယာမ ရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၁၇။ မိစ္ဆာသတိ = မှားယွင်းစွာ အမှတ်ရခြင်း

အကုသိုလ်ဖြစ်မည့် အရာများကို ပြန်လည်သတိရနေခြင်းသည် မိစ္ဆာသတိ မည်၏။ ကုသိုလ်ဆိုင်ရာ လုပ်ငန်းများကို ပြန်လည်သတိရနေခြင်း၊ နောင်လုပ်မည့်တရားများကို သတိရနေခြင်း၊ သတိပဋ္ဌာန်တရား ကျင့်ကြံအားထုတ်နေခြင်းသည် သမ္မာသတိမည်၏။

**မိစ္ဆာသတိဟူ၍ ရှိသလော...**

"မိစ္ဆာသတိ"မည်သည် သီးခြားတရားကိုယ် မရှိ။ အတိတ်ကို ကြံစည်သောပုဂ္ဂိုလ်၌ ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်တို့၏ အမည်သာဖြစ်၏။ ရှေးယခင်က သားရခြင်း, ပစ္စည်းဥစ္စာရခြင်း, အခြံအရံ

ဂုဏ်သတင်း ကျော်စောမှုကိုရခြင်း စသည်တို့ကို ပြန်လည်အောင့်မေ့ သတိရခြင်းမျိုး ရှိသည်ကား မှန်၏။ သို့သော် ထိုသတိရခြင်းမျိုးသည် သတိစေတသိက် မဟုတ်။ ထိုအတိတ်အာရုံများကို ပြန်လည်အောင့်မေ့သော သူအား သတိနှင့်တူသည့် အကုသိုလ်စိတ်-စေတသိက်တရားများသာ ဖြစ်သည်။

(အယံ ပန ဝိသေသော, မိစ္ဆာသင်္ကပ္ပါဒယော ဝိယ ဟိ မိစ္ဆာသတိ နာမ ပါဋိယေက္ကော ကောစိ ဓမ္မော နာမ နတ္ထိ၊ အတီတံ ပန စိန္တယတော ပဝတ္တာနံ စတုန္နမ္ပိ အကုသလက္ခန္ဓာနမေတံ အဓိဝစနံ။ ယမ္ပိ ဝုတ္တံ ဘဂဝတာ- "အတ္ထေသာ ဘိက္ခဝေ အနုဿတိ နေသာ နတ္ထီတိ ဝဒါမိ, ပုတ္တလာဘံ ဝါ ဘိက္ခဝေ အနု–ဿရတော, ဓနလာဘံ ဝါ ဘိက္ခဝေ အနုဿရတော, ယသလာဘံ ဝါ ဘိက္ခဝေ အနုဿရတော"တိ၊ တမ္ပိ တံ တံ စိန္တေန္တဿ သတိပဋိရူပကေန ဥပ္ပတ္တိံ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (မူ၊ ဋ္ဌ၊ ၁၊ ၁၉၂။)

ဆောင်= အကုသိုလ်ဆိုင်ရာ၊ အမှတ်ရတာ၊ မိစ္ဆာသတိမှတ်၊
ကုသိုလ်ဆိုင်ရာ၊ အမှတ်ရတာ၊ သမ္မာသတိမှတ်၊
ရုပ်နာမ်နှစ်ဖြာ၊ အမှတ်ရတာ၊ ဝိပဿနာသတိမှတ်။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။ သူတပါးတို့ လောကရေးရာ, အကုသိုလ်အရာတို့၌ သတိရနေကြမည့်နေရာ ဝယ် ငါတို့သည် ကုသိုလ်အရာ၌ အမှတ်ရမှုသတိကို ဖြစ်စေမည်။ ကိလေသာပါးအောင် ကျင့်မည်။ ထိုကဲ့ သို့သော စိတ်မျိုးကို ဖြစ်စေမည်။ မိစ္ဆာသတိလမ်းဆိုးကို သမ္မာသတိ လမ်းကောင်းဖြင့် ရှောင်လွှဲနေမည်။ သမ္မာသတိဖြင့် အဆင့်အတန်းကို တက်မည်။ မိစ္ဆာသတိ ကိလေသာမီးကို သမ္မာသတိ ရေစင်ဖြင့် ငြိမ်း စေမည်။

## ၁၈။ မိစ္ဆာသမာဓိ = မှားယွင်းသောသမာဓိ

မကောင်းမှုအကုသိုလ်လုပ်ငန်းများ ပြုလုပ်ဖို့, ပြောဆိုဖို့, ကြံစည်သောအခါ၌ ထိုလုပ်ငန်းထဲတွင် စိတ်တည်ကြည်နေခြင်းသည် မိစ္ဆာသမာဓိမည်၏။

ကုသိုလ်ကောင်းမှု လုပ်ငန်းများ၌ စိတ်ထားတည်ကြည်မှု၊ ဘာဝနာတရားများ အားထုတ်ရာ၌ အာရုံနိမိတ် တစ်ခုတည်းအပေါ်မှာ စိတ်ကို စွဲမြဲတည်ငြိမ်စွာ ထားနိုင်မှုသည် သမ္မာသမာဓိမည်၏။

ဆောင်။ အကုသိုလ်ဆိုင်ရာ၊ စိတ်တည်တာ၊ မိစ္ဆာသမာဓိ။
ကုသိုလ်ဆိုင်ရာ၊ စိတ်တည်တာ၊ သမ္မာသမာဓိ။

**သမာဓိ ၃-မျိုး**

၁။ ခဏိက သမာဓိ = သမထအရာ၌ အားထုတ်စ ပရိကမ္မဘာဝနာ အခိုက်၌ဖြစ်သော သမာဓိ၊
ဝိပဿနာအရာ၌ နီဝရဏကင်းလောက်အောင် ရှုမှတ်တိုင်း ဖြစ်ပေါ်နေသော သမာဓိ။
၂။ ဥပစာရ သမာဓိ = အနှောင့်အယှက် နီဝရဏတရားများကင်းအောင် အားကောင်းလာပြီး၊ ဈာန်၏
အနီး၌ဖြစ်သော သမာဓိ။
၃။ အပ္ပနာ သမာဓိ = ဈာန်စိတ်နှင့် ယှဉ်သော သမာဓိ။

**ဝါရင်းမျိုးဖြင့် အဓိဋ္ဌာန်။** သူတပါးတို့ လောကရေးရာ အကုသိုလ်အရာ၌ စိတ်တည်တံ့ကြမည့် နေရာ၌ ငါတို့သည် ကုသိုလ်အရာ၌ စိတ်ကို တည်တံ့စေမည်။ ကိလေသာကို ပါးအောင်ကျင့်မည်။ မိစ္ဆာသမာဓိ လမ်းဆိုးကို သမ္မာသမာဓိ လမ်းကောင်းဖြင့် ရှောင်လွဲမည်။ သမ္မာသမာဓိဖြင့် အဆင့်အတန်း တက်စေ မည်။ မိစ္ဆာသမာဓိ ကိလေသာမီးကို သမ္မာသမာဓိရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၁၉။ မိစ္ဆာဉာဏ = မှားယွင်းစွာ ဆင်ခြင်ခြင်း

မကောင်းမှုပြုလုပ်ရာ၌ နည်းလမ်းကိုကြံဆခြင်း၊ ပြုလုပ်ပြီးနောက် ကောင်းတဲ့အနေနဲ့ ပြန်လည် ဆင်ခြင်ခြင်းအားဖြင့် ဖြစ်သော **မောဟကိုပင် မိစ္ဆာဉာဏ**ဟု ခေါ်၏။

အရိယာအဖြစ်သို့ ရောက်သောအခါ မိမိရောက်သော မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်ပြီးသောကိလေသာ, မပယ်သေးသော ကိလေသာ- ဤငါးမျိုးကို ဆင်ခြင်သောဉာဏ်သည် **သမ္မာဉာဏ** မည်၏။ ထိုဆင်ခြင် ဉာဏ်သည် သောတာပန်၌ ၅-မျိုး၊ သကဒါဂါမ်၌ ၅-မျိုး၊ အနာဂါမ်၌ ၅-မျိုး၊ ရဟန္တာ၌ ၄-မျိုးအားဖြင့် ၁၉-မျိုး ရှိ၏။

(မိစ္ဆာဉာဏန္တိ ပါပကိရိယာသု ဥပါယစိန္တာဝသေန, ပါပံ ကတွာ “သုကတံ မယာ”တိ ပစ္စဝေက္ခဏာ- ကာရေန စ ဥပ္ပန္နော **မောဟော** ဝေဒိတဗ္ဗော၊ သမ္မာဉာဏန္တိ ဌေ ပန ဧကူနဝီသတိဘေဒံ ပစ္စဝေက္ခဏာ- ဉာဏံ “သမ္မာဉာဏ”န္တိ ဝုစ္စတိ။ မူဋ္ဌ၊၁၊ နှာ-၁၉၂။)

**ဝါရင်းမျိုး အဓိဋ္ဌာန်။** သူတပါးတို့ မိစ္ဆာဉာဏ်ရှိကြမည့် နေရာဝယ် ငါတို့သည် သမ္မာဉာဏ် စိတ်၌ ဖြစ်စေမည်။ သမ္မာဉာဏ်ဖြင့် ကိလေသာ ပါးအောင်ကျင့်မည်။ မိစ္ဆာဉာဏ်လမ်းဆိုးကို သမ္မာဉာဏ် လမ်ကောင်းဖြင့် အဆင့်အတန်း တက်စေမည်။ မိစ္ဆာဉာဏ် ကိလေသာမီးကို သမ္မာဉာဏ်ရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၂၀။ မိစ္ဆာဝိမုတ္တိ = မှားယွင်းသောလွတ်ခြင်း

တကယ့်လွတ်မြောက်မှု မဟုတ်ဘဲ လွတ်မြောက်မှုအစစ်ဟု ယုံကြည်ထားသည့် မှားယွင်းသော လွတ်မြောက်မှုမျိုးကို မိစ္ဆာဝိမုတ္တိ ဟု ခေါ်သည်။

လွတ်မြောက်မှုမျိုးစုံ…

> သာသနာပ၌ အတ္တကိုတွေ့လျှင် လွတ်မြောက်ပြီဟု ယူဆ၏။
> တချို့ အတ္တနှင့်ခန္ဓာကို ခွဲခြားသိလျှင် လွတ်မြောက်ပြီဟု ယူဆ၏။
> ဂျိန်းဘာသာဝင်များ အတ္တသို့ ကံသစ်မရောက်နိုင်အောင် ကျင့်ခြင်း၊ ကံဟောင်းကုန်အောင် ဆင်းရဲခံခြင်းဖြင့် လွတ်မြောက်၏ဟု ယူဆ၏။
> တချို့က မီးပူဇော်ခြင်းဖြင့် လွတ်မြောက်၏ဟု ယူဆ၏။
> တချို့က ဂင်္ဂါမြစ်ရေကို ချိုးခြင်းဖြင့် အပြစ်မှ ကင်းစင်၏ဟု ယူဆ၏။
> တချို့က ဖန်ဆင်းရှင် ဘုရားသခင်ကို ကိုးကွယ်ခြင်းဖြင့် ကောင်းကင်ဘုံသို့ ရောက်ပြီး လွတ်မြောက်၏ဟု ယူဆ၏။
> ဗကဗြဟ္မာကြီးက သူ့ပထမစျာန်ဘုံသို့ ရောက်လျှင် လွတ်မြောက်ပြီဟု ယူဆ၏။
> တချို့က ရူပစျာန်တစ်ပါးပါးဖြင့် လွတ်မြောက်သည်ဟု ယူဆ၏။
> အာဠာရနှင့် ဥဒကရသေ့တို့လို အချို့ပုဂ္ဂိုလ်များက အာကိဉ္စညာစျာန်, နေဝသညာစျာန်ဖြင့် လွတ်မြောက်သည်ဟု ယူဆကြ၏။

**အလင်းရောင် ရဟန္တာ။** ။ တခါက မထေရ်တပါး တခဏချင်း ရဟန္တာဖြစ်နိုင်သော ကမ္မဋ္ဌာန်းများ ပေးသည်ဟု ဆို၏။ မူလကမ္မဋ္ဌာန်း နှလုံးသွင်းပြီး ကျောင်းသခ်ိန်းထဲဝင်နေရန် ပြော၏။ ဤသို့ နှလုံးသွင်းနေစဉ် အရောင်အလင်း ပေါ်လာလျှင် အဲဒါ ပထမမဂ်၊ နောက်တစ်ကြိမ်ပေါ်လျှင် ဒုတိယမဂ်၊ တတိယ စတုတ္ထအကြိမ်များ ပေါ်လာလျှင် တတိယမဂ် စတုတ္ထမဂ်များဟု ဆုံးဖြတ်ပေး၏။

ထိုမထေရ် ပျံတော်မူသောအခါ တပည့်များက ရဟန္တာဟုထင်ပြီး သင်္ဂြိုဟ်ကာ စေတီတည်ထားကြ၏။ စာပေ ကျမ်းဂန်တတ်သော အာဂန္တုရဟန်းများ ကြွလာ၍ “ဒါ ရဟန္တာမဟုတ်၊ ပုထုဇဉ်မျှသာ ရှိသေးကြောင်း၊ ဝိပဿနာ ညစ်ညူးကြောင်း အလင်းရောင်မျှသာ”ဟု ရှင်းပြသော်လည်း တပည့်များက မခံမရပ်နိုင်ဖြစ်ပြီး ငြင်းခုံကြ၏။ ဤ၌ ရဟန္တာမဟုတ်သူကို ရဟန္တာဟု ထင်မှားခြင်းတည်း။ (သာမဂါမသုတ်၊ ပဏ်-ဋ္ဌ-၃၊ နှာ-၂၅-၆။)

(မှတ်ချက်။ ။ ဤသို့ ရဟန္တာမဟုတ်သူကို ရဟန္တာဟု အထင်မှားနေသည့် အယူကို မစွန့်လျှင် ထိုပုဂ္ဂိုလ်သည် မဂ်ဖိုလ်လည်း မရနိုင်၊ နတ်ပြည်လဲ မရောက်နိုင်ဟု အဋ္ဌကထာဆရာကြီးက ပြဆိုထား၏။ သတိချပ်ကြစေ။)

**အိုးကင်းလျော် ရဟန္တာ။** ။ အခြား နောက်တစ်ပါးဟောပုံမှာ စိတ်ကူးဖြင့် ဖိုခုံလောက်ပြင်, အိုးတင်, မီးမွေး၊ စိတ်ကူး ဖြင့်ပင် မိမိတို့၏ ၃၂-ကောဋ္ဌာသကို ဒယ်အိုးကင်းထဲ ထည့်ပြီး စိတ်ကူးဖြင့် ဒုတ်နဲ့ မွှေ၊ ပြာကျသောအခါ ပါးစပ်လေဖြင့် မှုတ်ထုတ်လိုက်ရ၏။ အဲသလို ပုဂ္ဂိုလ်သည် မကောင်းမှုကို ခါထုတ်ပြီးသော ရဟန်းမည်၏ဟု ဟောသတဲ့။ ထိုဆရာကို လည်း တပည့်များက ရဟန္တာထင်ပြီး စေတီတည်ကာ ကိုးကွယ်လေ၏။ (သာမဂါမသုတ်၊ ပဏ်-ဋ္ဌ-၃၊နှာ-၂၆။)

**သမ္မာဝိမုတ္တိ။** ။ဝိသုဒ္ဓိ ၇-ပါး၊ နာမရူပ ပရိစ္ဆေဒဉာဏ်စသော ဉာဏ်စဉ် ၁၂-ပါး အစဉ်အတိုင်း တက်ပြီး၊ အရိယာမဂ်လေးပါးသို့ ဆိုက်ရောက်ကာ၊ အရိယာဖိုလ်လေးပါးဖြင့် လွတ်မြောက်ခြင်းကို ခေါ်သည်။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။အခြားသူတို့ မလွတ်မြောက်သေးပါဘဲ လွတ်မြောက်ပြီထင်လျက် ကြောင့်ကြမဲ့ နေကြရာဝယ် ငါတို့သည် အရိယာဖိုလ်အစစ်ဖြင့် လွတ်မြောက်အောင် အားထုတ်မည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤသို့သော စိတ်မျိုးကို ဖြစ်စေမည်။ မိစ္ဆာဝိမုတ္တိလမ်းဆိုးကို သမ္မာဝိမုတ္တိလမ်းကောင်းဖြင့် ရှောင်လွှဲမည်။ သမ္မာဝိမုတ္တိဖြင့် အဆင့်အတန်း တက်မည်။ မိစ္ဆာဝိမုတ္တိ ကိလေသာမီးကို သမ္မာဝိမုတ္တိရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၂၁။ ထိနမိဒ္ဓ = ထိုင်းမှိုင်းခြင်း

စိတ်-စေတသိက်တို့၏ ထိုင်းမှိုင်းလျော့လျည်းခြင်းကို ထိနမိဒ္ဓဟု ခေါ်သည်။

### အိပ်ငိုက်ခြင်း ၂-မျိုး

ထိနမိဒ္ဓကြောင့် အိပ်ငိုက်ခြင်း၊ ခန္ဓာကိုယ်ပင်ပန်း၍ အိပ်ငိုက်ခြင်းဟု နှစ်မျိုးရှိ၏။ ကုသိုလ်ကောင်းမှုနှင့်စပ်သော လုပ်ငန်းများ၌ ပျင်းရိထိုင်းမှိုင်းခြင်း၊ ငိုက်မျဉ်းခြင်းကို ထိနမိဒ္ဓဟု ယူသင့်၏။ ခန္ဓာကိုယ်ပင်ပန်း၍ အိပ်ငိုက်ခြင်းသည်ကား ရဟန္တာများ၌လည်း ဖြစ်သေး၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှုနှင့်စပ်သော လုပ်ငန်းများ၌ ထိုင်းမှိုင်းခြင်းကို ပယ်နိုင်အောင် အားထုတ်ရမည်။

### ရုပ်မိဒ္ဓဝါဒ

ဝိမုတ္တိမဂ္ဂကျမ်း၌ (၁) စိတ်ကြောင့်ဖြစ်သော မိဒ္ဓ၊ (၂) ရာသီဥတုကြောင့်ဖြစ်သော မိဒ္ဓ၊ (၃) အစားလွန်၍ဖြစ်သော မိဒ္ဓဟု ငိုက်မျဉ်းခြင်းမိဒ္ဓ ၃-မျိုးရှိ၏။ ဤ၌ စိတ်ကြောင့်ဖြစ်သော ငိုက်မျဉ်းခြင်းမိဒ္ဓသာ နီဝရဏကိလေသာ ဖြစ်၏။ ကျန်ဥတုနှင့် အာဟာရကြောင့်ဖြစ်သော ငိုက်မျဉ်းခြင်းကတော့ နီဝရဏကိလေသာမဟုတ်ဟု ဆို၏။

အဘယ့်ကြောင့်ဆိုသော် ဥတု,အာဟာရများကြောင့် ရဟန္တာများတောင် ဖြစ်နိုင်သေးသည်ဟု ဆိုထား၏။ ဤအဆိုကို ဝိသုဒ္ဓိမဂ်ကျမ်းနှင့်, အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းများက ပယ်ထား၏။ သို့သော် ဥတုနှင့် အာဟာရကြောင့်ဖြစ်သော ရုပ်မိဒ္ဓကို မိလိန္ဒပဉှနှင့် ပေဋကောပဒေသကျမ်းတို့တွင် တွေ့ရ၏။

(ဤနေရာ၌ စိစစ်ကြည့်လျှင် ရုပ်မိဒ္ဓရှိသည်ဟု ယူဆသောကျမ်းမှာ ၃-ခုမှာ အိန္ဒိယက ရေးသော ကျမ်းများဖြစ်ပြီး၊ ၎င်းကိုပယ်သော အဋ္ဌကထာများမှာ သီဟိုဠ်မှရေးသော ကျမ်းများဖြစ်သည်။)

### မဟာစည်ဆရာတော့် အယူအဆ

သစ္စကပရိဗိုဇ်ကြီးက ဘုရားကို မောဟမကင်းသေးသူအဖြစ် စွပ်စွဲလို၍ "အရှင်ဘုရား... နေ့အခါ ကျိန်းစက်ဖူးပါသလား?"ဟု မေးသဖြင့်, မြတ်စွာဘုရားက "နွေရာသီ နောက်ဆုံးလမှာ နေ့အခါ ကျိန်းစက်ဖူး၏"ဟု ဖြေတော်မူ၏။ ထိုအိပ်ခြင်းသည် မောဟကြောင့် မဟုတ်ဘဲ ကိုယ်ပင်ပန်း၍ အိပ်ခြင်းဖြစ်သည်ဟု ရှင်းပြတော်မူ၏။ ဤသည်ကို ထောက်ဆ၍ ရုပ်မိဒ္ဓဝါဒက သင့်တဲ့သဘောရှိကြောင်း ယူဆတော်မူ၏။

(သလ္လေခသုတ်တရား၊ တွဲ-၂၊ နှာ-၁၀၀။)

**ထိန၏ လက္ခဏာဒိ စတုက္က**

ထိနနတာ ထိနံ = စွမ်းအားမထုတ် တွန့်ဆုတ်သောစိတ်၏ ဖြစ်ကြောင်းသဘောသည် ထိနမည်၏။

အနုဿာဟ-လက္ခဏံ = အားတက်သရော မရှိခြင်း လက္ခဏာရှိ၏။

ဝီရိယဝိနောဒန-ရသံ = ဝီရိယကို ပယ်ရှားခြင်း ကိစ္စရှိ၏။

သံသီဒန-ပစ္စုပဋ္ဌာနံ = ထိုထိုကိစ္စ၌ ဆုတ်နစ်သောတရားဟု ဉာဏ်အားထင်လာ၏။

**မိဒ္ဓ လက္ခဏာဒိ စတုက္က**

မိဒ္ဓနတာ မိဒ္ဓံ = စေတသိက်တို့၏ အားအင်ကုန်ခမ်း ပင်ပန်းခြင်းသဘောသည် မိဒ္ဓမည်၏။

အကမ္မညတာ-လက္ခဏံ = ထိုထိုအမှုကိစ္စ၌ မခံ့သည်၏အဖြစ်ဟူသော လက္ခဏာရှိ၏။

ဩနဟန-ရသံ = ယှဉ်ဘက်တရားတို့ကို လေးတွဲတွဲအောင် ဖွဲ့ထားခြင်းကိစ္စရှိ၏။

လီနဘာဝ-ပစ္စုပဋ္ဌာနံ = တွန့်ဆုတ်သည်၏အဖြစ်ဖြင့် ဉာဏ်အားထင်လာ၏။

ပစလာယိကာနိဒ္ဒါ-ပစ္စုပဋ္ဌာနံ ဝါ။ တနည်းကား- မျက်တောင်တလှုပ်လှုပ်ရှိအောင် အိပ်ငိုက်ခြင်း အကျိုးကို ဖြစ်စေတတ်၏။ (ဖလပစ္စုပ္ပဋ္ဌာန်)

ဥဘယမ္ပိ အရတိတန္ဒီဝိဇမ္ဘိတာဒီသု အယောနိသော-မနသိကာရ-ပဒဋ္ဌာနံ = ထိနမိဒ္ဓ ၂-ပါးလုံး ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်း, ပျင်းရိခြင်း, ကိုယ်လက် ဆန့်တန်းခြင်းရှိသူ၏အဖြစ်- အစရှိသည်တို့၌ အယောနိသော မနသိကာရလျှင် နီးသောအကြောင်း ရှိ၏။

**ဝါရင်းမျိုးဖြင့် အဓိဋ္ဌာန်။** ။ အခြားသူများ စိတ်ထိုင်းမှိုင်းလျော့လျည်းသည့် နေရာဝယ် ငါတို့သည် ထိနမိဒ္ဓကို ကင်းစေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤသို့သော စိတ်မျိုးကို ဖြစ်စေမည်။ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓကို ဝီရိယတင်း ဖွဲပြင်းပြင်းဖြင့် ရှောင်လွှဲနေပါ့မည်။ ဝီရိယဖြင့် အဆင့်အတန်းကို မြင့်တက်မည်။ ထိနမိဒ္ဓကိလေသာမီးကို ဝီရိယရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၂၂။ ဥဒ္ဓစ္စ = စိတ်ပျံ့လွင့်ခြင်း

အာရုံတစ်ခုတည်း၌ တည်ငြိမ်စွာ မနေဘဲ အခြားအာရုံတစ်ပါးသို့ ပြောင်းလဲပျံ့လွင့်သွားနေခြင်းကို ဆိုလိုသည်။

### စိတ်ပျံ့လွင့်ခြင်း ၂-မျိုး

တခါတရံ လိုချင်တပ်မက်မှု, စိတ်ဆိုးမှု, တွေဝေမှုစသည် ဘယ်ဟာမှ မထင်ရှားဘဲ ဖြစ်နေတတ်၏။ တခါတရံ အထူးဂရုစိုက် မှတ်နေသော်လည်း အတင်းရှောင်ထွက်သွားသလို စိတ်ကူးမျိုးလဲ ရှိ၏။ ဤအရာများသည် ဝီရိယနည်းသော အချိန်များတွင် ဖြစ်တတ်သော ပျံ့လွင့်မှု ဥဒ္ဓစ္စပင် ဖြစ်သည်။

တခါတရံ စိုးရိမ်စိတ်, ကြောင့်ကြစိတ် များလွန်းသဖြင့် ပျံ့လွင့်နေတာလဲ ဖြစ်တတ်၏။ ထိုအခါမျိုး တွင် ဝီရိယနည်းနည်း လျှော့ချပြီး ခပ်မှန်မှန် ရှုမှတ်ရ၏။

### ဥဒ္ဓစ္စ၏ လက္ခဏာဒိ စတုက္က

ဥဒ္ဓတဿ ဘာဝေါ ဥဒ္ဓစ္စံ = ပျံ့လွင့်သောစိတ်၏အဖြစ်သည် ဥဒ္ဓစ္စမည်၏။

တံ စေတသော အဝူပသမလက္ခဏံ ဝါတာဘိဃာတစလဇလံ ဝိယ = ထိုဥဒ္ဓစ္စသည် လေ၏တိုက်ခတ်ခြင်းကြောင့် လှုပ်ရှားသောရေကဲ့သို့ စိတ်၏ မငြိမ်သက်ခြင်း လက္ခဏာရှိ၏။

အနဝဋ္ဌာန-ရသံ ဝါတာဘိဃာတစလဓဇပဋာကာ ဝိယ = လေတိုက်ခတ်ခြင်းကြောင့် လှုပ်ရှားသော အလံတံခွန်ကဲ့သို့ မရပ်မတည်ခြင်း ကိစ္စရှိ၏။

ဘန္တတ္တ-ပစ္စုပဋ္ဌာနံ ပါသာဏာဘိဃာတသမုဒ္ဓတဘသ္မာ ဝိယ = ကျောက်ခဲဖြင့်ပေါက်အပ်သည်ဖြစ်၍ အထက်သို့လွင့်တက်သော ပြာကဲ့သို့ တုန်လှုပ်တတ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ထင်လာ၏။

စေတသော အဝူပသမေ အယောနိသော-မနသိကာရ-ပဒဋ္ဌာနံ = စိတ်၏ မငြိမ်သက်ခြင်းဟူသော အကျိုးကြောင့် (ဝါ) မငြိမ်သက်ကြောင်း အာရုံကြောင့် အယောနိသော မနသိကာရလျှင် နီးသော အကြောင်းရှိ၏။

စိတ္တဝိက္ခေပေါတိ ဒဋ္ဌဗ္ဗံ = စိတ်၏ ပျံ့လွင့်ကြောင်းတရားဟု မှတ်သားအပ်၏။

**ဝါရငါးမျိုးဖြင့် အဓိဋ္ဌာန်**။ အခြားသူတို့ စိတ်ပျံ့လွင့်နေကြည်မည့် အရာဝယ် ငါတို့သည် စိတ်ကို တည်ကြည်စေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤသို့သော စိတ်မျိုးကို ဖြစ်စေမည်။ စိတ်ပျံ့ လွင့်ခြင်း ဥဒ္ဓစ္စကို စိတ်တည်ကြည်အောင်ထားခြင်း သမာဓိဖြင့် ရှောင်လွှဲနေပါမည်။ စိတ်တည်ကြည်မှု သမာဓိဖြင့် အဆင့်အတန်းကို တက်မည်။ စိတ်ပျံ့မှုဥဒ္ဓစ္စ ကိလေသာကို စိတ်တည်ကြည်မှု သမာဓိဖြင့် ငြိမ်းသတ်မည်။

## ၂၃။ ဝိစိကိစ္ဆာ = တရားမှန်၌ ယုံမှားခြင်း

ဘုရားစသည်, အနိစ္စစသည်တို့၏ သဘောကို စူးစမ်းဆင်ခြင်လတ်သော ကောင်းစွာမဆုံးဖြတ်နိုင်ဘဲ ဆင်းရဲပင်ပန်းကြောင်း တရားဖြစ်သောကြောင့် ဝိစိကိစ္ဆာဟု ခေါ်၏။

တနည်း။ ဘုရားစသည်တို့၌ ယုံမှားမှုဖြစ်နေလျှင် ထိုယုံမှားမှုရောဂါကင်းအောင် ဉာဏ်ပညာတည်းဟူသော ဆေးဖြင့်ကုသဖို့ရန် အင်မတန်ခဲယဉ်းလှသော သဘောကို ဝိစိကိစ္ဆာဟု ခေါ်၏။

မှတ်ချက်။ ဤယုံမှားခြင်းဟူသည် တရားနှင့်စပ်သော ယုံမှားခြင်းကိုသာ ဆိုလိုသည်။ လမ်းဆုံရောက်၍ လမ်းမှန်လမ်းမှား မဝေခွဲနိုင်ခြင်းမျိုးမှာ ရဟန္တာများပင် ဖြစ်တတ်သေး၏။ ၎င်းကို ဝိစိကိစ္ဆာဟု မဆို။

### ယုံမှားခြင်း ၈မျိုး

၁။ ဘုရား၌ ယုံမှားခြင်း၊ ၂။ တရား၌ ယုံမှားခြင်း၊ ၃။ သံဃာ၌ ယုံမှားခြင်း၊ ၄။ သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးပါး၌ ယုံမှားခြင်း၊ ၅။ သံသရာ၏ ရှေ့အဖို့ကို ယုံမှားခြင်း၊ ၆။ သံသရာ၏ နောက်အဖို့ကို ယုံမှားခြင်း၊ ၇။ ရှေ့နောက်နှစ်ရပ် ဆက်စပ်လျက် ပစ္စုပ္ပန်အဖို့ကို ယုံမှားခြင်း၊ ၈။ ကြောင်းကျိုးဆက်စပ်ဖြစ်ပုံ ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်း။

### ဝိစိကိစ္ဆာ၏ လက္ခဏာဒိ စတုက္က

ဝိဂတာ စိကိစ္ဆာတိ ဝိစိကိစ္ဆာ = ဉာဏ်တည်းဟူသော ဆေးကုခြင်းမှကင်းသောကြောင့် ဝိစိကိစ္ဆာမည်၏။

သဘာဝံ ဝါ ဝိစိနန္တော ဧတာယ ကိစ္ဆတိ ကိလမတီတိ ဝိစိကိစ္ဆာ = တနည်း-

ဤသဘောတရားဖြင့် တရားတို့၏ ဟုတ်မှန်သောသဘောကို စူးစမ်းရှာဖွေသည်ရှိသော် ပင်ပန်းရသောကြောင့် ဝိစိကိစ္ဆာ မည်၏။

သာ သံသယ-လက္ခဏာ = ထိုဝိစိကိစ္ဆာသည် ယုံမှားခြင်းလက္ခဏာရှိ၏။

ကမ္ပန-ရသာ = တုန်လှုပ်ခြင်းကိစ္စ ရှိ၏။

အနိစ္ဆယပစ္စုပဋ္ဌာနာ = ဆုံးဖြတ်ခြင်းမရှိသေတရားဟု ယောဂီဉာဏ်အားထင်၏။

အနေကံသဂါဟ-ပစ္စုပဋ္ဌာနာ ဝါ = တနည်းကား- တစ်ပါးမက များသောအဖို့ကို ယူခြင်းသဘောတရားဟု ဉာဏ်အား ထင်လာ၏။

အယောနိသော-မနသိကာရ-ပဒဋ္ဌာနာ = မသင့်တင့်သော နှလုံးသွင်းခြင်းလျှင် နီးသော အကြောင်းရှိ၏။

ပဋိပတ္တိအန္တရာယကရာတိ ဒဋ္ဌဗ္ဗာ = ပဋိပတ်၏ အန္တရာယ်ကို ပြုတတ်သောတရားဟု မှတ်သားထိုက်၏။

(ဥဒ္ဒစ္စဥ္စ် ကောရဗမ္မဏော ဝိပ္ပန္တတိ, ဝိစိကိစ္ဆာ နာနာရမ္မဏော = ဥဒ္ဒစ္စသည် အာရုံတစ်ခုတည်း၌ တုန်လှုပ်တတ်၏။ ဝိစိကိစ္ဆာသည်ကား အာရုံအများ၌ တုန်လှုပ်တတ်၏။)

**ဝါရင်းမျိုးဖြင့် အစိဋ္ဌာန်။** ။အခြားသူတို့ ရတနာသုံးပါးနှင့် ကျင့်စဉ်တို့အပေါ်၌ ယုံမှားမှုဖြစ်နေရာဝယ် ငါတို့သည် လွန်မြောက်အောင် အားထုတ်လျက် ယုံမှားမှုကို ကင်းစေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤသို့သော စိတ်မျိုးကို ဖြစ်စေမည်။ ယုံမှားမှုလမ်းဆိုးကို ယုံကြည်ဆုံးဖြတ်မှု လမ်းကောင်းဖြင့် ရှောင်လွှဲမည်။ ယုံကြည်ဆုံးဖြတ်မှုဖြင့် အဆင့်အတန်း မြင့်တက်မည်။ ဝိစိကိစ္ဆာ ကိလေသာမီးကို ယုံကြည်ဆုံးဖြတ်မှု အမိမောက္ခရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၂၄။ ကောဓ = အမျက်ထွက်ခြင်း

မိမိမကြိုက်သော အရာများကို မြင်ရ, ကြားရသောအခါ စသည်တို့၌ အမျက်ဒေါသ ထွက်တတ်၏။ ထို့ကြောင့် စိတ်ဆိုးလာလျှင် ကိုယ်နှုတ်အမူအရာများ မဖေါက်ပြန်စေဘဲ စိတ်ထဲတွင်ပင် ငြိမ်းသွားအောင် ရှုမှတ်ရမည်။ မျက်နှာပျက်သွားရင်လဲ မြန်မြန်ငြိမ်းအောင် ပယ်ရမည်။ နှုတ်က ပြောမိပါကလည်း နောက်ထပ်မပြောမအောင် ထိန်းရမည်။

အမျက်ဒေါသသည် ဦးစွာပထမ မိမိ၏ ကောင်းမြတ်သော, အေးချမ်းနေသော စိတ်ကောင်းများကို စတင် ဖျက်ဆီးသဖြင့် ဒေါသ၏ နှိပ်စက်မှုကို မိမိက ရှေးဦးစွာ ခံရ၏။ ထို့နောက် မိမိ၏ ပတ်ဝန်းကျင် လူများအားလုံးကို ဖျက်ဆီးပစ်တတ်၏။ ဒေါသသည် အဖျက်သမား သက်သက်သာဖြစ်၏။

ခန္တီဝါဒီရသေ့။ ။ ခန္တီဝါဒီခေါ် ကုဏ္ဍလရသေ့သည် မိမိကို အရေထူ ကွဲပြဲသည့်တိုင်အောင် ရိုက်နှက်ပြီး၊ နောက်ဆုံး လက်,ခြေ,နှာခေါင်းကိုပါ ဖြတ်သည့် ကလာဗုမင်းအား မေတ္တာမပျက် သည်းခံခဲ့ပေသည်။ (ခန္တီဝါဒီဇာတက)

သိကြားမင်း။ ။အသုရာနှင့် တာဝတိံသာနတ်တို့ စစ်ပွဲတွင် အသုရာနတ်များ ရှုံးသဖြင့် ဝေပစိတ္တိအသုရိန်နတ်ကြီး အဖမ်းခံရ၏။ သုဓမ္မာဓမ္မသဘင်၌ တုတ်နှောင်ထားသဖြင့် သိကြားမင်းကြီး သုဓမ္မာဘသင် ဝင်တိုင်း ထွက်တိုင်း အမျိုးမျိုး ဆဲ၏။ မာတလိနတ်သားက “ကြောက်လို့လား”ဟု မေးသောအခါ “ကြောက်လို့ မဟုတ်၊ ငါလို ပညာရှိက လူမိုက်နှင့် ဘက်မပြိုင်ချင်ကြောင်း၊ အမျက်ထွက်သူကို ပြန်၍ အမျက်မထွက်ခြင်းသည်ပင် လူမိုက်ကို နှိပ်ကွပ်နေခြင်းဖြစ်ကြောင်း” ပြန်ဖြေခဲ့၏။ ထိုကြောင့် ဒေါသဖြစ်လာလျှင် ၎င်း၏ အကျိုးအပြစ်တို့ကို အထပ်ထပ် ဆင်ခြင်သင့်၏။

(ဝေပစိတ္တိသုတ်၊ သဂါထာ၊ ၂၂၂။)

### ကောဓ၏ လက္ခဏာဒိ စတုက္က

ကောဓော ကုဇ္ဈနလက္ခဏော, စဏ္ဍိက္ကလက္ခဏော ဝါ = ကောဓသည် အမျက်ထွက်ခြင်း လက္ခဏာရှိ၏။

(ဝါ) ကြမ်းကြုတ်သောအဖြစ်လျှင် လက္ခဏာရှိ၏။)
အာဃာတကရဏရသော = ရန်ငြိုးထားခြင်းကို ပြုခြင်းကိစ္စရှိ၏။
ဒုဿနပစ္စုပဋ္ဌာနော၊ = ပြစ်မှားခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏။

ဆောင်။ ဒေါသမီးလျှံ၊ အကြည့်တန်၊ သည်းခံ လုပသည်။

**ဝါရင်းပါး အဓိဋ္ဌာန်။** ။ အခြားသူတို့ ဒေါသကြီးလျက် အမျက်ထွက်လွယ်ကြသည့် နေရာဝယ် ငါတို့သည် အမျက်မထွက်ပဲ သည်းခံလျက်နေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤသို့သော စိတ်မျိုးကို ဖြစ်စေမည်။ အမျက်ဒေါသကို အမျက်မထွက်ခြင်းဖြင့် ရှောင်လွှဲနေပါမည်။ မေတ္တာဖြင့် အဆင့်အတန်းကို တက်မည်။ ဒေါသကိလေသာမီးကို သည်းခံခြင်းရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၂၅။ ဥပနာဟ = ရန်ငြိုးဖွဲ့ခြင်း

### ရန်ငြိုးဖွဲ့ခြင်းအကြောင်း ၉-ပါး

(က) သူဟာ ငါ့အကျိုးမဲ့ကို အရင်ကလဲ လုပ်ခဲ့၏၊ အခုလဲ လုပ်နေသည်၊ နောင်လဲ လုပ်လိမ့်ဦးမည်ဟု ရန်ငြိုးဖွဲ့ခြင်း (၃-ပါး)
(ခ) သူသည် ငါချစ်သောသူ၏ အကျိုးမဲ့ကို အရင်လဲ လုပ်ခဲ့၏၊ အခုလဲ လုပ်နေသည်၊ နောင်လဲ လုပ်လိမ့်ဦးမည်ဟု ရန်ငြိုးဖွဲ့ခြင်း (၃-ပါး)
(ဂ) သူသည် ငါမုန်းသောသူ၏ အကျိုးကို အရင်လဲ လုပ်ခဲ့၏၊ အခုလဲ လုပ်နေသည်၊ နောင်လဲ လုပ်လိမ့်ဦးမည်ဟု ရန်ငြိုးဖွဲ့ခြင်း (၃-ပါး)

**သမင်မွေးရင်း ကျားစားရင်း**

အမျိုးသားတစ်ယောက်၌ မယားကြီး မယားငယ် ရှိ၏။ မယားငယ်က ကိုယ်ဝန်ရှိသောအခါ ထိုကိုယ်ဝန် ပျက်စီးအောင် မယားကြီးက ကြံစည်လုပ်ဆောင်၏။ မယားငယ်က ဤသည်ကို လက်စားချေရန် ရန်ငြိုးထား၏။ နောက်ဘဝများ၌ အောက်ပါအတိုင်း ရန်ငြိုးထားကာ အဆက်ဆက် လက်စားချေကြ၏။

| | | |
|---|---|---|
| ပထမဘဝ = | မယားကြီး + | မယားငယ် |
| ဒုတိယဘဝ = | ကြက်မ + | ကြောင်မ |
| တတိယဘဝ = | ကျားသစ်မ + | သမင်မ |
| စတုတ္ထဘဝ = | လူ + | ဘီလူးမ |

ဘုရားနှင့်တွေ့သောအခါ သူတို့ရန်ငြိုးများ ပြေပြီး ဘီလူးမဟာ သောတာပန်တည်သွား၏။ (ကာဠယက္ခိနီဝတ္ထု၊ ဓမ္မပဒ)

**အငြိုးကြီးသော ပြည့်တန်ဆာမ။** ။သူဌေးသားလေးယောက်တို့ ပြည့်တန်ဆာမတစ်ယောက်ကို တနေ့တာ ငွေတစ်ထောင်ဖြင့် ငှားယမ်း၍ ဥယျာဉ်၌ တနေကုန် ပျော်ရွှင်ကြ၏။ ညနေချမ်း မိုးချုပ်လာသောအခါ ထိုသူဌေးသား ၄-ယောက်တိုသည် အခြား မည်သူမျှမရှိသဖြင့် ထိုပြည့်တန်ဆာမကို သတ်ကာ ငွေတစ်ထောင်နှင့် လက်ဝတ်ရတနာများကိုပါ ယူထားလိုက်ကြ၏။ ထိုပြည့်တန်ဆာမသည် မသေခင် "သနားငဲ့ညှာခြင်းမရှိသော ဒင်းတို့ကို ဘီလူးမဖြစ်ကာ ပြန်သတ်၍ လက်စားချေရပါလို၏"ဟု ရန်ငြိုးထားကာ ဆုတောင်းသွား၏။ ဤသို့ဖြင့် ဘဝပေါင်းတစ်ရာ နွားမယောင်ဆောင်၍ သတ်ခဲ့ပေသည်။

သို့သော် ဤသူဌေးသားလေးယောက်တို့ နောက်ဆုံးဘဝ၌ ဗာဟိယဒါရုစီရိယ ပရိဗိုဇ်၊ သုပ္ပဗုဒ္ဓ နူနာသည်၊ ပုက္ကုသာတိမင်း၊ တမ္ဗဒါဌိက လူသတ်သမားတို့ ဖြစ်လာကြပြီး သူတို့ အရိယာဖြစ်ပြီးသော အချိန်တွင် သတ်မိ၍ အရိယာကိုသတ်သော ကံကြီး ထိုက်သွားခဲ့ပြန်ပေသည်။ ဤကား မကောင်းမှုပြုခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၏ သံသရာ ပေတည်း။

**ရန်ငြိုးအစ ရွှဲကုန်သည်ဘဝ။** ။ဒေဝဒတ်သည် ဘုရားအပေါ်၌ သေရိဝရွှဲကုန်သည်ဘဝမှ စ၍ ရန်ငြိုးထားခဲ့ပြီး၊ နောက်ဆုံး ဘုရားကို လုပ်ကြံမှုကြီးများ ဖန်တီးခြင်း၊ သွေးစိမ်းတည်အောင် ပြုခြင်း၊ သံဃာသင်းခွဲခြင်းဟူသော ကြီးလေးသည့် ကံကြီးများကိုပါ လွန်ကျူးမိခဲ့လေသည်။ (သေရိဝဝါဏိဇ္ဇဇာတ်၊ ဠ-၁၊ နှာ-၁၂၆။)

**ခင်ပုတ်နှင့်ကျီး ကမ္ဘာ့ရန်မီး။** ။ဇေတဝန်ကျောင်းအတွင်း သစ်တစ်ပင်၌ နေ့အခါ ကျီးက ခင်ပုတ်ကို ဝိုင်းထိုး၊ ညအခါ ခင်ပုတ်က ကျီးကို ခေါင်းဖြတ်သဖြင့် နံနက်ခင်းသစ်ပင်အောက် ကျီးခေါင်းပြတ်များ စုပုံနေသည်ကို သန့်ရှင်းရေးလုပ်သော ရဟန်းက လျှောက်သဖြင့် သူတို့ ရန်စကို ဘုရားက ဟောခဲ့၏။

ကမ္ဘာဦး၌ အကျင့်သိက္ခာနှင့် ပြည့်စုံပြီး ဗလငါးတန်နှင့် ပြည့်စုံသူကို လူတို့က မင်းမြှောက်၊ ခြသေ့်ကို ခြေလေးချောင်း သတ္တဝါတို့က မင်းပြု၊ အာနန္ဒာငါးကြီးကို သမုဒ္ဒရာ၌ မင်းတင်၊ သို့အတွက် ငှက်တို့လည်း မင်းမြှောက်ရန် စည်းဝေးခေါ်၏။ တဖက်က ခင်ပုတ်ငှက်ကို အဆိုတင်သွင်း၊ အားလုံး သဘောတူ-မတူ မေးသောအခါ သုံးကြိမ်မြောက်တွင် ကျီးက "ခင်ပုတ်ဟာ ဒေါသမထွက်ခင်က ဒီလောက် မျက်လုံးကြီးပြူးနေရင် မင်းများဖြစ်သွားရင် မတွေးဝံ့စရာ၊ ငါတို့အားလုံး ဒုက္ခရောက်ရချေရဲ့"ဟု ကန့်ကွက်ပြီး စည်းဝေးက ထွက်သွား၏။ ခင်ပုတ်ကလဲ အရှက်ခွဲရကောင်းလားဟု လိုက်၍ ထိုး၏။ ထို့ကြောင့် ကျန်ငှက်အပေါင်းက ဟင်္သာကို မင်းအဖြစ် တင်လိုက်ကြ၏။ ခင်ပုတ်နှင့်ကျီး ရန်ငြိုး ဤက စခဲ့၏။ (ခင်ပုတ်နှင့်ကျီး၊ ရန်စမီး၊ ဖြစ်နည်းမှတ်ပါ ကမ္ဘာဦးခါ။) (ဥလူပကဇာတ်၊ တိကနိပါတ်။ ဇာတ်-မြန်-ဒု၊ နှာ-၄၆၀)

## ဥပနာဟော၏ လက္ခဏာဒိ စတုက္က

ဥပနာဟော ဥပနန္ဓနလက္ခဏော = ဥပနာဟသည် အဆင့်ဆင့် ရန်ငြိုးဖွဲ့ခြင်း လက္ခဏာရှိ၏။

ဝေရ အပ္ပဋိနိဿဇ္ဇနရသော = ဖွဲ့အပ်ပြီးသောရန်ငြိုးကို မစွန့်ခြင်း ကိစ္စရှိ၏။

ကောဓာနုပဗန္ဓဘာဝ ပစ္စုပဋ္ဌာနော = ကောဓသို့ အစဉ်ဖွဲ့သောအားဖြင့်လျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏။

(ပုဗ္ဗကာလေ ကောဓော, အပရကာလေ ဥပနာဟော = ကောဓသည် ရှေးဦးစွာဖြစ်ပြီး, ဥပနာဟသည် နောက်မှဖြစ်၏။ )

**ဝါရင်းမျိုး အစိဋ္ဌာန်။** ။အခြားသူတို့ ရန်ငြိုးဖွဲ့ကြမည့်နေရာဝယ် ငါတို့သည် ရန်ငြိုးကင်းကွာ သင့်လျော်စွာ နှလုံးသွင်းနေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤသို့သောစိတ်မျိုးကို ဖြစ်စေမည်။ ရန်ငြိုဖွဲ့မှုလမ်းဆိုးကို ရန်ငြိုးမဖွဲ့သော လမ်းကောင်းဖြင့် ရှောင်လွှဲနေပါမည်။ ရန်ငြိုးမဖွဲ့မှု ဖြင့် အဆင့်အတန်းကို မြင့်တက်မည်။ ရန်ငြိုးဖွဲ့မှု ကိလေသာမီးကို ရန်ငြိုးကင်းကွာ မေတ္တာရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၂၆။ မက္ခ = သူတပါးကျေးဇူးကို ချေဖျက်ခြင်း

မိမိအပေါ် ကျေးဇူးပြုထားသော ပုဂ္ဂိုလ်ကို ကျေးဇူးမတင်ဘဲ ကျေးဇူးကန်းခြင်းကို "မက္ခ"ဟု ခေါ်၏။

## လောကဋ္ဌ ရှားပါးသူ ၂-ယောက်

၁။ ပုဗ္ဗကာရီ = မိမိအကျိုးကို ဘာမှဆောင်ရွက်ပေးဖူးခြင်း မရှိ၊ တုန့်ပြန်လာမည့် အကျိုးကိုလည်း မြော်လင့်ချက် မထားဘဲ မေတ္တာစေတနာ သန့်သန့်ဖြင့် သူတပါးအကျိုးကို ရှေးဦးစွာ ပြုလုပ်ပေးတတ်သည့် ပုဂ္ဂိုလ်။ ဥပမာ- မိဘနှစ်ပါးတို့၏ သားသမီးအပေါ် ကျွေးမွေးပြုစုမှုမျိုး။

၂။ ကတညုတ ကတဝေဒီ = သူတပါးပြုခဲ့ဖူးသော ကျေးဇူးကို သိတတ်ပြီး, ကျေးဇူးကို ကိုယ်နှုတ်တို့ဖြင့် ကျေးဇူးတုန့်ပြန်တတ်သော ပုဂ္ဂိုလ်။

**ကျေးဇူးကန်းငြား လယ်သမား။** ။ပုဏ္ဏားလယ်သမားတစ်ယောက် လယ်ထွန်နွားတုန်း နွားချွတ်ထားစဉ် နွားပျောက်သွား၏။ နွားရှာရန် တောအုပ်သို့လိုက်ရင်း ဟိမဝန္တာဘက်ရောက်ကာ မျက်စိလည်ပြီး ခုနစ်ရက်ပတ်လုံး ထမင်းတော်နေ၏။ ထိုစဉ် တည်ပင်တွေ့၍ တည်သီးတက်ခူးစဉ် ကိုင်းကျိုးကျပြီး အလွန်နက်သော ချောက်ကြီးထဲသို့ ကျသွား၏။ ၁၀-ရက်ခန့်ကြာမှ မျောက်မင်းနှင့်တွေ့ကာ ကျောပေါ်တင်၍ ချောက်ထဲမှ ကယ်တင်လာ၏။ အပေါ်ရောက်၍ အလွန်ပင်ပန်းသဖြင့် ပုဏ္ဏား၏ ပေါင်ပေါ်တွင် မျောက်မင်းခဏအိပ်နေစဉ် အသားစားလိုစိတ်ဖြင့် ခေါင်းကို ကျောက်ခဲဖြင့်ထု၍ သတ်လေ၏။ မျောက်မင်းသည် သစ်ပင်ပေါ်သို့ ခုန်တက်၍ သစ်ကိုင်းဖျားမှ လမ်းပြကာ တောဆုံးအောင် လိုက်ပို့ပေးလိုက်သေး၏။ သို့သော် မျောက်မင်းကွယ်သည်နှင့် တပြိုင်နက် ကျေးဇူးရှင်ကို ပြစ်မှားမိသောကံကြောင့် ချက်ချင်း နူနာသည်ဘဝသို့ ရောက်ရလေသည်။ (မဟာကပိဇာတ်၊ တိံသနိပါတ်၊ ဇာတ်-မြန်-ပြန်၊ စ-တွဲ၊ ၇၇၃။)

ဆောင်။ ကျေးဇူးရှင်အား၊ ကျေးစွပ်ငြား၊ ပျက်ပြားထိုသူမှာ။

**ကျေးဇူးသိလှ သာရိပုတ္တ။** ။ ဇေတဝန်ကျောင်းကို မှီခိုကာ ဝေယျာဝစ္စလုပ်နေသော ပုဏ္ဏားအိုကြီးကို ရာဇဂြိုဟ်မြို့တွင်း ဆွမ်းတစ်ဇွန်းလောင်းဖူးသော ကျေးဇူးကိုသိပြီး ရှင်သာရိပုတ္တရာမထေရ်က ဥပဇ္ဈာယ်ဆရာလုပ်၍ ရဟန်းခံပေးလိုက်၏။

ရှေးအတိတ်။ ။ဆင်ကြီးသစ်ငုတ်စူး၍ လက်သမားထံ ရောက်လာ၍ ဆူးထွင် ကုသပေးလိုက်၏။ ပျောက်သောအခါ လက်သမားကို ဆင်ကကူညီ၏။ အိုသောအခါ သူ့သားဆင်ဖြူတော်ကို ထားခဲ့၏။ ဗာရာဏသီမင်းကြီးသိပြီး လာရောက်ဝယ်ယူသွား၏။ မင်းကြီးနတ်ရွာစံသောအခါ တိုင်းပြည်ကို ရန်သူလက်မှ ပြန်ကယ်၏။

(ရာဓမထေရ်ဝတ္ထု၊ ဓမ္မပဒ၊ ဋ္ဌ-၁၊ ၃၄၆။ အလီနစိတ္တဇာတ်၊ ဒုကနိပါတ်၊)

**မက္ခ၏ လက္ခဏာဒိ စတုက္က**

ပရဂုဏမက္ခဏ လက္ခဏော = ရေသုတ်ဖြင့် ရေကိုသုတ်သကဲ့သို့ သူတပါးတို့၏ဂုဏ်ကို ချေဖျက်ခြင်း လက္ခဏာရှိ၏။

တေသံ ဝိနာသနရသော = ထိုသူတပါးတို့၏ဂုဏ်ကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။

တဒဝစ္ဆာဒန ပစ္စုပဋ္ဌာနော = ထိုသူတပါးတို့၏ဂုဏ်ကို ဖုံးလွှမ်းလျှို့ဝှက်ခြင်းလျှင် ဉာဏ်အားထင်လာ၏။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။အခြားသူတို့ ကျေးဇူးကန်းသည့် နေရာဝယ် ငါတို့သည် ကျေးဇူးကို အမြဲတမ်း သိနေမည်။ ကိလေသာပါးအောင် ကျင့်မည်။ ဤသို့သော စိတ်မျိုးကို ဖြစ်စေမည်။ ကျေးဇူးကန်းခြင်းကို ကျေးဇူးသိခြင်းဖြင့် ရှောင်လွှဲနေမည်။ ကျေးဇူးသိခြင်းဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ ကျေးဇူး ကန်းခြင်း ကိလေသာမီးကို ကျေးဇူးသိခြင်းရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၂၇။ ပဋ္ဌာသ = ဂုဏ်ကြီးသူနှင့် ဖက်ပြိုင်ခြင်း

ကိုယ့်ထက်မြင့်မြတ်သော ပုဂ္ဂိုလ်များ၊ မနိူင်းယှဉ်ကောင်းသော ပုဂ္ဂိုလ်များကို မိမိနှင့် ဂုဏ်ရည်တူ ပြုပြီး မလေးမစား ယှဉ်ပြိုင်ခြင်း, တုဖက်ခြင်းကို “ပဋ္ဌာသ”ဟု ခေါ်သည်။

**ဘုရားနှင့်ဘက်ပြိုင်သော ဒေဝဒတ်။** ။ရှင်ဒေဝဒတ်သည် ဘုရားထံမှ တောင်းဆိုချက် ၅-မျိုး မရ၍ ဗဟုသုတ နည်းပါးသည့် ဝေသာလီပြည်သား နောက်လိုက်ရဟန်း ၅၀၀-နှင့် ဂိုဏ်းခွဲထွက်ကာ ရာဇဂြိုဟ်မှ ဂယာသီသသို့ ထွက် သွား၏။ ၎င်းနောက် ပါသွားသောသံဃာများကို ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလာန်က နောက်နေ့ သွားရောက်ကာ ပြန် ခေါ်လာခဲ့၏။ မြတ်စွာဘုရားက အပြန်တွင် ရှင်ဒေဝဒတ်၏ အမူအရာကို မေးသောအခါ “ဘုရားအတု အမူအရာများ ပြုပါ၏”ဟု လျှောက်၏။ ဤတွင် ဘုရားက ရှေးအတိတ်ကလည်း ဤသို့ လုပ်ဖူးကြောင်း အောက်ပါဇာတ်ကို ပြန်ဟော ၏။

**တင်ကျီးနှင့် ကျီး။** ။တင်ကျီးက ဗာရာဏသီပြည် ရေအိုင်မှာနေ၏။ ကျီးလင်မယားက ကာသိတိုင်းမှာ နေ၏။ ကာသိ တိုင်းမှာ အစာရှား၍ ကျီးလင်မယား တင်ကျီးထံလာ၍ ခစားပြီး အသက်မွေး၏။ တနေ့ ကျီးက မာနဖြစ်၏- “သူလဲ အမဲ၊ ငါလဲ အမဲ၊ သူ့မျက်စိ, ခြေသည်း, နှုတ်သီးတို့လည်း ငါနှင့်မထူး။ ဤနေ့မှစ၍ ငါးရှာစားမည်”ဟု တင်ကျီးကို ဆို၏။ တား သော်လည်း မရ၊ ကျီးက ရေသို့ဆင်းပြီး ငုတ်သောအခါ အပေါ်ပြန်အတက်တွင် ရေမှော်နှင့်ငြိပြီး သေရ၏။

(ဝီရကဇာတ်၊ ဒုကနိပါတ်၊ နတံဒဋ္ဌဝဂ်။ ဇာတ်-မြန်-ဒုတွဲ၊ နှာ ၂၀၅။)

ဆောင်။ မတူနိုင်ရာ၊ တုပြိုင်ပါ၊ ကိုယ်သာ ပျက်စီးသည်။

**ပဋ္ဌာသ၏ လက္ခဏာဒိ စတုက္က**

ယုဂဂ္ဂါဟ လက္ခဏော = အပြိုင်ယူခြင်း လက္ခဏာရှိ၏။

ပရဂုဏေဟိ အတ္တနော ဂုဏာနံ သမီကရဏရသော = သူတပါးတို့ဂုဏ်နှင့် မိမိဂုဏ်တို့ကို အတူပြုခြင်း ကိစ္စရှိ၏။

ပရေသံ ဂုဏပ္ပမာဏေန ဥပဋ္ဌာနပစ္စုပဋ္ဌာနော = သူတပါးတို့၏ ဂုဏ်ကို နှိုင်းယှဉ်ခြင်းဖြင့် ထင်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။

**ဝါရင်းမျိုး အမိဋ္ဌာန်။** တပါးသူများ မပြိုင်သင့်သော ကြီးမြတ်သူများကို ဖက်ပြိုင်ကြမည့် နေရာဝယ်ငါတို့သည် ဖက်ပြိုင်ခြင်းကင်း လေးစားရိုသေခြင်းကို ဖြစ်စေကြပါမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့် မည်။ ဖက်ပြိုင်ခြင်းကို လေးစားခြင်းဂါရဝ, နှိမ်ချခြင်းနိဝါတဖြင့် ရှောင်လွှဲနေပါမည်။ လေးစားခြင်း, နှိမ်ချခြင်းဖြင့် အဆင့်အတန်းကို မြင့်တက်မည်။ ဖက်ပြိုင်ခြင်းပဋ္ဌာသ ကိလေသာမီးကို တုဖက်မပြိုင်ခြင်း ရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၂၈။ ဣဿာ = မနာလိုခြင်း

မနာလိုခြင်း, ငြူစူခြင်းသဘောကို "ဣဿာ"ဟု ခေါ်သည်။ သူတပါးလှကြောင်း, ဥစ္စာပေါကြောင်း, ပညာတတ်ကြောင်း, အကျင့်ကောင်းကြောင်း စသည်ပြောလာလျှင် မနာလိုတတ်၊ နားမထောင်လို။ ထိုတွင်မျှ မကသေးဘဲ "ဇီးကွက်လောက်တော့ ငှက်တိုင်းလှရဲ့။ သည်လိုယုန်တော့ ခြုံတိုင်းရှိရဲ့"ဟု နှုတ်ခမ်းစူကာ, ပါးစပ်ရွဲကာ, မျက်စောင်းထိုးကာနဲ့ ပြောဆိုခြင်းသည် ဣဿာ၏ သဘောများပင်တည်း။

"ကိုယ့်ထက်သာ မနာလို၊ အကြံတူ ရန်သူ၊ အလုပ်တူ ငြူစူ"ဟု ဆိုရိုးရှိသည့်အတိုင်း ဣဿာသည် အလုပ်တူသူများ အပေါ်၌လည်း ဖြစ်တတ်၏။

**နတ်များ မနာလို ကိုယ်ခန္ဓာတောင် ပြာကျ။** ။မနောပဒေါသိကနတ်များသည် သူများ ကိုယ့်ထက်သာတာကို မနာလိုဖြစ်မိလျှင် ထိုနေရာတွင်ပင် ဒေါသစိတ်က မိမိကို ဖျက်ဆီးကာ စုတေကြရ၏။

**တိတ္ထိတို့ ဘုရားကို မနာလို။** ။ ဘုရားပွင့်သောအခါ တိတ္ထိတို့ ကိုးကွယ်သူနည်းလာပြီး လာဘ်ရှားပါးလာ၏။ ထို့ကြောင့် ဘုရားအပေါ် မနာလိုမှုဖြစ်ကြ၏။ သူတို့ လာဘ်ပြန်ပေါ်ရန် ဘုရားကို သူတို့တပည့်မ သုန္ဒရီနှင့် နာမည်ဖျက်၏။ ပြီးတော့ သုန္ဒရီကို အရက်သမားများကို ပိုက်ဆံပေးကာ သတ်ခိုင်းလိုက်၏။ ထိုသူတို့ အဝေ,မတည့်၍ အမှုမှန်ပေါ်သဖြင့် တိတ္ထိတို့မှာ မင်းဒဏ်သင့်ကုန်၏။ ဘုရားမှာကား ပို၍ ကိုးကွယ်သူများလာပြီး အဆများစွာ လာဘ်လာဘ ပေါလာ၏။

**မဏိသူကရဇာတ်။** ။ဘုရားအလောင်း ရသေ့ဘဝ ဟိမဝန္တာမှာနေစဉ် ကျောင်းသင်ခန်းအနီး ပတ္တမြားလိုဏ်ဂူရှိပြီး တောဝက်များနေ၏။ ထိုဂူအနီး၌ ခြင်္သေ့တစ်ကောင်လည်း ကျက်စားနေ၏။ ခြင်္သေ့လာလျှင် ပတ္တမြားဂူ အရိပ်ထင်

၏။ ထို့ကြောင့် အရိပ်မထွက်ရန် ရွှံ့များလူး၍ ပွတ်ကြ၏။ အရောင်ပိုပို တောက်လာ၏။ ထို့ကြောင့် ဘုရားလောင်းရသေ့ကို မေးသဖြင့် ပတ္တမြားတို့မည်သည် အရောင်ပျောက်အောင် လုပ်၍မရ၊ နေရာပြောင်းကြဟု ပြောသဖြင့် ထွက်သွားကြ၏။ (မဏိသူကရဇာတ်၊ တိကနိပါတ်။ ဇာတ်-မြန်၊ ဒု-တွဲ၊ ၅၃၂။)

ဆောင်။ မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာကြရမည်။
မနာလိုမှာ၊ ချွေးရုံကွာ၊ ကြည်သာ ချွေးရုံစည်။ (မဟာစည် ဆရာတော်)

**ဣဿာ၏ လက္ခဏာဒိ စတုက္က**

ဣဿတီတိ ဣဿာ = ငြူစူတတ်သောကြောင့် ဣဿာ မည်၏။

ပရသမ္ပတ္တီနံ ဥဿူယန-လက္ခဏာ, တဿာ အက္ခမနလက္ခဏာ ဝါ = သူတပါးတို့၏ စည်းစိမ်ကို ရှုတ်ချခြင်း လက္ခဏာ ရှိ၏။ တနည်းကား- သူတပါးစည်းစိမ်ဖြင့် သည်းမခံနိုင်ခြင်း လက္ခဏာရှိ၏။

တတ္ထေဝ အနဘိရတိ-ရသာ = သူတပါးစည်းစိမ်၌ မမွေ့လျော်ခြင်း ကိစ္စရှိ၏။

တတော ဝိမုခဘာဝ-ပစ္စုပဋ္ဌာနာ = ထိုသူတပါးစည်းစိမ်မှ မရှုစိမ့်ဘဲ မျက်နှာလွှဲသောအဖြစ်ဖြစ် ဉာဏ်အား ထင်၏။

ပရသမ္ပတ္တိ-ပဒဋ္ဌာနာ = သူတပါးစည်းစိမ်လျှင် နီးစွာသောအကြောင်း ရှိ၏။

ဝါရင်းမျိုး အဓိဋ္ဌာန်။ ။အခြားသူများ မနာလိုစိတ်များ ဖြစ်နေကြရာဝယ် ငါတို့သည် ဤကဲ့သို့ မဖြစ်စေအံ့ဟု စိတ်ကို ဖြစ်စေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤသို့သောစိတ်မျိုးကို ဖြစ်စေ မည်။ မနာလိုမှုလမ်းဆိုးကို ဝမ်းမြောက်မှုမုဒိတာ လမ်းကောင်းဖြင့် ရှောင်လွှဲနေပါမည်။ မုဒိတာ လမ်းကောင်းဖြင့် အဆင့်အတန်း တက်စေမည်။ မနာလိုမှုကိလေသာမီးကို မုဒိတာရေစင်ဖြင့် ငြိမ်းသတ်မည်။

(မှတ်ချက်။ ။ကုသိုလ်ရေးနှင့် စပ်ဆိုင်ရာများ၌ အခြားသူများက မိမိထက် သာအောင်, ကောင်းအောင် ဆောင်ရွက်နိုင်များကို တွေ့ရလျှင် ဣဿာမဖြစ်မိဖို့ အလွန် အရေးကြီးသည်ကိုလည်း သတိချပ်သင့်သည်။)

## ၂၉။ မစ္ဆရိယ = ဝန်တိုခြင်း

မိမိပိုင်ဆိုင်သော ပစ္စည်းကို သူတပါးနှင့် မစပ်ဆိုင်စေလို၍ လျှို့ဝှက်သိမ်းပို ထားခြင်းကို (ဝါ) ဝန်တိုခြင်းသဘောကို မစ္ဆရိယဟု ခေါ်၏။

မှတ်ချက်။ ။ ယခုကာလ၌ မလှူရက် မပေးရက်တာကို မစ္ဆရိယဟု ခေါ်ကြသည်။ အမှန်မှာ မပေးလှူချင်မှုတို့မှာ မိမိပစ္စည်းကို တွယ်တာသော လောဘသဘောသာတည်း။ မစ္ဆရိယသည် သူတပါးတို့အား မရစေချင်သော သဘောသာ

တည်း။ ထို့ကြောင့် မိမိပစ္စည်းကိုဖြစ်စေ, အခြားပစ္စည်းကိုဖြစ်စေ, ဂုဏ်ကိုဖြစ်စေ သူတပါး မရစေလိုသော သဘောကို သာ မစ္ဆရိယဟု ခေါ်သည်။ (ကိုယ်ကျင့်အဘိဓမ္မာ ၇၁၊ ၇၂။)

## မစ္ဆရိယ ၅-မျိုး

၁။ အာဝါသမစ္ဆရိယ = ကျောင်းအဆောက်အဦနှင့် စပ်၍ ဝန်တိုခြင်း၊
၂။ ကုလမစ္ဆရိယ = မိမိဒကာ, ဒကာမများနှင့်စပ်၍ ဝန်တိုခြင်း၊
၃။ လာဘမစ္ဆရိယ = လာဘ်လာဘနှင့်စပ်၍ ဝန်တိုခြင်း၊
၄။ ဝဏ္ဏမစ္ဆရိယ = အဆင်း, အသံစသော ချီးမွမ်းဖွယ်ဂုဏ်နှင့်စပ်၍ ဝန်တိုခြင်း၊
၅။ ဓမ္မမစ္ဆရိယ = တရားကျမ်းဂန်စာပေနှင့်စပ်၍ ဝန်တိုခြင်း၊

(ဤ၌ လောကီတရားနှင့်သာ ဆိုင်၏။ လောကုတ္တရာ တရားနှင့်မဆိုင်။ အရိယာဖြစ်ပြီးသော ပုဂ္ဂိုလ်များသည် မိမိရထားသောတရား၌ ဝန်တိုခြင်းမရှိတော့။ သူတပါးအား အလွန်ရစေချင်၏။)

မှတ်ချက်။ ။ မပေးလှူတိုင်း မစ္ဆရိယမဟုတ်။ တခါက ရှင်ဥဒါယီသည် ဥပ္ပလဝဏ်ထေရီမ၏ ခါးဝတ်သင်းပိုင်ကို အတင်းအလှူခံ၏။ မဖြစ်နိုင်၍ မလှူနိုင်ကြောင်း ပြော၏။ ဤသည်မှာ မစ္ဆရိယကြောင့် မဟုတ်ပေ။

**မဋ္ဌကုဏ္ဍလီသူဌေးသား။** ။တနေ့တွင် အသားဝါရောဂါဖြစ်၏။ သူ့ဖခင်သည် အလွန်နှမြောဝန်တိုသောကြောင့် ဆေးမကုဘဲ အိမ်မှာထား၏။ လူမမာမေးလာသူများ အိမ်တွင်းပစ္စည်းများကို မြင်မှာစိုး၍ (ဝါ) ဝန်တို၍ အိမ့်ပြင် ဝရံတာ၌ ထုတ်ထား၏။ သေခါနီး ဘုရားက အိမ်ရှေ့ကြွလာ၍ ဘုရားဖူးလိုက်ရသောကြောင့် နတ်ပြည်ရောက်သွား၏။

(ဓမ္မပဒ၊ မဋ္ဌကုဏ္ဍလီဝတ္ထု)

**မစ္ဆရိယကောသိယ သူဌေး။** ။ ရာဇဂြိုဟ်မြို့အနီး သက္ကာရရွာကြီး၌ အလွန်နှမြောသော မစ္ဆရိယကောသိယ သူဌေးကြီးနေ၏။ တနေ့ နန်းတော်မှပြန်အလာ လူတစ်ယောက် မုန့်ဆီကြော်စားနေသည်ကို မြင်၍ စားချင်စိတ် အကြီး အကျယ်ဖြစ်၏။ နောက်ဆုံး လင်မယားနှစ်ယောက်တည်း ဗိမာန်အပေါ်ဆုံးထပ် တက်ပြီးကြော်ကြ၏။ ရှင်မောဂ္ဂလာန် ရောက်လာပြီး အလှူခံ၏။ မရမချင်း စောင့်အလှူခံနေသဖြင့် နောက်ဆုံး လှူလိုက်ရ၏။ ရှင်မောဂ္ဂလာန် တရားဟော သဖြင့် သဒ္ဓါတရားဖြစ်ပြီး ၄၅-ယူဇနာဝေးသော သာဝတ္ထိသို့ သွားကာ ဘုရားနှင့်တကွ သံဃာငါးရာကို မုန့်ဆွမ်းကပ်၊ ဆွမ်းအနုမောဒနာဆုံးသောအခါ သူဌေးလင်မယား သောတာပန်ဖြစ်ကြ၏။

(မစ္ဆရိယကောသိယဝတ္ထု၊ ဓမ္မပဒ၊)

**သိကြားမင်းအမေး။** ။သတ္တဝါများ ဘေးရန်ကင်းကွာ ချမ်းသာလိုပါလျက် ဘာ့ကြောင့် ဆင်းရဲနေကြရပါသနည်း?
ဘုရားအဖြေ။ ။ကာမဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊ ဘေးရန်ပ,လျက်၊ အေးမြချမ်းသာ၊ နေလိုပါလဲ၊ ဣဿာ မစ္ဆေ၊ သူရှုပ်ပွေ၍၊ ထင်ခြေမကျ၊ ဆင်းရဲရတည်း။ (မဟာစည်ဆရာတော်၊ သက္ကပဉှသုတ်တရားတော်)

## မစ္ဆရိယ၏ လက္ခဏာဒိ စတုက္က

မစ္ဆေရဘာဝေါ မစ္ဆရိယံ = ဝန်တိုတတ်သူ၏ ဖြစ်ကြောင်းသဘောတရားသည် မစ္ဆရိယ မည်၏။
တံ လဒ္ဓါနံ ဝါ လဘိတဗ္ဗာနံ ဝါ အတ္တနော သမ္ပတ္တီနံ နိဂူဟနလက္ခဏံ = ထိုမစ္ဆရိယသည် ရပြီး, ရထိုက်ကုန်
သော မိမိ၏စည်းစိမ်ကို လျှို့ဝှက်ခြင်း လက္ခဏာရှိ၏။
အတ္တနော သမ္ပတ္တိယာ ပရေဟိ သာဓာရဏဘာဝအသုခါယန-ရသံ = ထိုရထိုက်,ရပြီး မိမိ၏စည်းစိမ်တို့ကို
သူတပါးတို့နှင့် ဆက်ဆံသည်၏အဖြစ်ကို မချမ်းသာခြင်း ကိစ္စရှိ၏။
သင်္ကောစန ပစ္စုပဋ္ဌာနံ, ကဋုကဉ္စုကတာ-ပစ္စုပဋ္ဌာနံ ဝါ = သူတပါးအား ပေးရမည်ကို တွန့်တိုခြင်းသဘော
ဟု ဉာဏ်အားထင်လာ၏။ တနည်းကား- ခါးစပ်သောအရသာကဲ့သို့ ဖြစ်တတ်သည်၏
အဖြစ်ဖြင့် ဉာဏ်အားထင်လာ၏။
အတ္တသမ္ပတ္တိ-ပဒဋ္ဌာနံ = မိမိ၏ အာဝါသစသော သမ္ပတ္တိလျှင် နီးစွာသောအကြောင်း ရှိ၏။
စေတသော ဝိရူပဘာဝေါတိ ဒဋ္ဌဗ္ဗံ = စိတ်၏ ဖေါက်ပြန်ခြင်းသဘောဟု မှတ်အပ်၏။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။သူတပါးတွေက ဝန်တိုမှုများ ဖြစ်သည့်နေရာဝယ် ငါတို့ကတော့ မဖြစ်အောင် စိတ်ကို ထိန်းသိမ်းစောင့်ရှောက်မည်။ ကိလေသာကို ပါးအောင်ကျင့်မည်။ ဤသို့သော စိတ်မျိုးကို ဖြစ်စေမည်။ နှမြောဝန်တိုမှု မစ္ဆရိယလမ်းဆိုးကို ပေးကမ်းရက်ရောခြင်းလမ်းကောင်းဖြင့် ရှောင်လွှဲနေပါမည်။ ပေးကမ်းခြင်းဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ မစ္ဆရိယကိလေသာမီးကို ပေးကမ်းခြင်းဒါန ရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၃၀။ သာဌေယျ = မရှိသောဂုဏ်ကို ရှိဟန်ဆောင်ခြင်း

မိမိမှာမရှိသောဂုဏ်ကို ရှိလေဟန်ဆောင်ပြီး ပ,လွှား ဝါကြွားခြင်း (ဝါ) ကောက်ကျစ်စဉ်းလဲခြင်းကို “သာဌေယျ”ဟု ခေါ်၏။

အိုးစရည်းရဟန္တာ။ ။ကျောင်းထဲတွင် အိုးစရည်းကြီးထားပြီး လူလာလျှင် အထဲဝင်ပုန်းနေပြီး၊ နောက်တခေါက် ပြန်ကြည့်သောအခါမှ တွေ့ရ၏။ ထို့ကြောင့် လူများက သူ့ကို ရဟန္တာဟု ထင်ကြ၏။

### သာဌေယျ၏ လက္ခဏာဒိ စတုက္က

အတ္တနော အဝိဇ္ဇမာနဂုဏပ္ပကာသန လက္ခဏံ = မိမိ၌ ထင်ရှားမရှိသော သီလစသောဂုဏ်ကို ထင်စွာ
ပြခြင်း လက္ခဏာရှိ၏။
တေသံ သမုဒါဟရဏရသံ = ထိုမိမိ၏ ထင်ရှားမရှိသော သီလစသော ဂုဏ်တို့ကို ပေါင်းရုံး၍ ဆောင်ခြင်း
ကိစ္စရှိ၏။
သရီရာကာရေဟိပိ တေသံ ဝိဘူတကရဏ ပစ္စုပဋ္ဌာနံ = ကိုယ်အမူအရာတို့ဖြင့်လည်း ထိုမိမိ၌ ထင်ရှားမရှိ

သော သီလစသော ဂုဏ်တို့ကို ထင်စွာပြခြင်းလျှင် ဉာဏ်အားထင်လာ၏။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** အခြားသူများ ဟန်ဆောင်ပ,လွှား ဝါကြွားမှု ပြနေကြချိန်မှာ ငါတို့ကတော့ ဟန်ဆောင် ကင်းပြတ် ဖြောင့်မတ်အောင်ကျင့်မည်။ ကိလေသာပါးစေသည့် အကျင့်ကို ကျင့်မည်။ ဤသို့သောစိတ်ကို ဖြစ်စေမည်။ ကောက်ကျစ်စဉ်းလဲခြင်းကို ဖြောင့်မတ်ခြင်းဖြင့် ရှောင်လွှဲနေမည်။ ဖြောင့်မတ်ခြင်းဖြင့် အဆင့်အတန်းကို မြင့်တက် စေမည်။ ကောက်ကျစ်စဉ်းလဲခြင်း ကိလေသာမီးကို ဖြောင့်မတ်ခြင်းရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၃၁။ မာယာ = မိမိ၌ရှိသော အပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း

မိမိ၌ရှိသောအပြစ်ကို သူတပါးမသိအောင် လှည့်ပတ်ဖုံးကွယ်ခြင်းကို "မာယာ"ဟု ခေါ်၏။ မိမိမှာ အပြစ်ရှိလျက် မရှိသလို ဟန်ဆောင်ခြင်းကို ဆိုလိုသည်။

**သေချာအောင် နမ်းကြည့်တာ။** ။အိမ်ရှင်မတစ်ယောက် အိမ်စေယောက်ျားလေးနှင့် ဖေါက်ပြန်လေ့ရှိ၏။ တခါသော် ထိုယောက်ျားလေးကို နမ်းနေစဉ် သူ့လင်တွေ့သွား၏။ ထိုသို့ မြင်သွားကြောင်းကိုလည်း ရိပ်မိလိုက်သဖြင့် သူ့ ခင်ပွန်းထံသွားပြီး "မောင်… ဒီကောင်လေး မရိုးသားဘူး။ ဒီနေ့ မောင့်အတွက်ထားတဲ့ မုန့်ကို ယူစားပြီး ကျမမေးတော့ 'မစားဘူး'လို့ လိမ်တယ်။ ဒါန ကျမသေချာအောင်လို့ သူ့ပါးစပ်ကို နမ်းကြည့်တော့ ပါးစပ်က မုန့်စော်နံနေတယ်။ ဒီကောင်လေး မရိုးသားဘူး။ အိမ်မှာထားလို့ မတော်ဘူးထင်တယ် မောင်"တဲ့…။ (ကိုယ်ကျင့်အဘိဓမ္မာ)

**ရသေ့မာယာ။** ။ရှေးက ရွာတစ်ရွာ၌ ဒါယကာတစ်ယောက် ကိုးကွယ်သော ရသေ့တစ်ပါးရှိ၏။ သူခိုးဓားမြပူ၍ ရွှေထုပ် ကို ရသေ့ကျောင်းအနီးမြှုပ်ပြီး သတိထားကြည့်ပေးပါရန် ရသေ့ကို မှာသောအခါ "ရသေ့ရဟန်းကို အခုလို ကြည့်ရှုရစ်ဖို့ မမှာကောင်းဘူး"ဟု ပြော၏။ ကြာတော့ လောဘစိတ်ပြောင်းလာပြီး ရွှေထုပ်ကို နေရာပြောင်းမြှုပ်လိုက်၏။ ကျောင်း ဒကာကိုလည်း "ရသေ့ရဟန်းဆိုတာ တစ်ဝါ တစ်ကျောင်း ပြောင်းဆိုတယ်။ ကြာကြာနေရင် သံယောဇဉ်ဖြစ်တယ်"ဟု ပြော၏။ ဒကာလည်း အကြိမ်ကြိမ် တားမရ၍ ရွာထိပ်အထိပင် လိုက်ပို့ပေးလိုက်သေး၏။

ရသေ့က အတန်ကြာမှ ပြန်လာကာ "မင်းအိမ်မိုးက သက်ငယ်မြက်တစ်ပင် ဆံကျစ်မှာ ကပ်ပါလာတယ်။ ရသေ့ ရဟန်းဆိုတာ မပေးရင် မြက်တစ်ပင်တောင် မယူရဘူး"ဟု ပြောသဖြင့် ရိုးသားသောကျောင်းဒကာမှာ ပို၍ပင် ကြည်ညို သွား၏။ သို့သော် ထိုအခိုက် အိမ်တွင် ပါးနပ်သော ဧည့်သည်တစ်ယောက်ရှိနေသဖြင့် "မိတ်ဆွေ- ခင်ဗျား ရသေ့ဆီမှာ ဘာများ အပ်ထားသလဲ? အပ်ထားတာရှိရင် သွားကြည့်ပါအုံး"ဟု သတိပေး၍ သွားကြည့်တော့ ရွှေများမရှိတော့ပေ။ ထို့ကြောင့် ၎င်းဧည့်သည်နှင့် အမြန်လိုက်၍ ၎င်းရွှေများနှင့်အတူ ရသေ့ကို ဖမ်းမိလေ၏။

### မာယာ၏ လက္ခဏာဒိ စတုက္က

ကတပါပပဋိစ္ဆာဒန လက္ခဏာ = ပြုအပ်ပြီးသော မကောင်းမှုကို ဖုံးကွယ်ခြင်းလက္ခဏာရှိ၏။

တဿဿ နိဂူဟနရသာ = ထိုပြုအပ်ပြီးသော မကောင်းမှုကို လျှို့ဝှက်ခြင်းကိစ္စ ရှိ၏။
တဒါဝရဏ ပစ္စုပဋ္ဌာနာ = ထိုပြုအပ်ပြီးသော မကောင်းကို မဖွင့်လှစ်ခြင်း(ပိတ်ဖုံးခြင်း)လျှင် ဉာဏ်အား ထင်လာ၏။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။အခြားသူတို့ အပြစ်ဖုံးကာ လှည့်စားကြသည့်နေရာဝယ် ငါတို့သည် ရိုးသား ဖြောင့်မတ်စေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤသို့သောစိတ်ကို ဖြစ်စေမည်။ လှည့်စားခြင်းကို ဖြောင့်မတ်ခြင်းဖြင့် ရှောင်လွှဲနေပါမည်။ မဖုံးကွယ်ခြင်း, ဖြောင့်မတ်ခြင်းဖြင့် အဆင့် အတန်းကို မြင့်တက်စေမည်။ လှည့်ပတ်ခြင်းမာယာ ကိလေသာမီးကို မလှည့်ပတ်ခြင်းရေစင်ဖြင့် ငြိမ်းစေမည်။

## ၃၂။ အတိမာန = အလွန်အထင်ကြီးခြင်း

### အတိမာန၏ လက္ခဏာဒိ စတုက္က

အဗ္ဘုဏ္ဏတိ-လက္ခဏော = လွန်စွာတက်ကြွခြင်း လက္ခဏာရှိ၏။
အတိဝိယ အပဟက်ာရ-ရသော = လွန်စွာ'ငါ'ဟု ချီးမြှင့်ခြင်း ကိစ္စရှိ၏။
အစ္စုဋ္ဌမာတဘာဝ-ပစ္စုပဋ္ဌာနော = လွန်စွာဖူးဖူးရောင်သော အဖြစ်လျှင် ဉာဏ်အားထင်လာ၏။

## ၃၃။ ထမ္ဘာ = အရိုအသေ မပြုနိုင်ခြင်း

မှတ်ချက်။ ။မာနနှင့် ထမ္ဘမှာ သဘောတူ၏။ မာနကြီးလျှင် ထွန်တုံးကိုမျိုထားမိသော စပါးကြီးမြွေလို မကွေးနိုင်၊ ကြီးသူ, လေးစားထိုက်သူများကို ဦးမညွှတ်နိုင်။ တွေ့လျှင်လည်း အရိုအသေ မပေးလို၍ ခပ်လှမ်းလှမ်းက ရှောသွားတတ်၏။

**မာနဆိုးကျိုး။** ။မာနကြီးလျှင် အမျိုးယုတ်တတ်ကြောင်း သုဘလုလင်ကို ဘုရားရှင်ဟောကြားခဲ့၏။ (ဆောင်) မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်။

**သုပ္ပိယမထေရ်။** ။ကဿပဘုရားရှင် လက်ထက် မင်းသားတစ်ယောက် ရဟန်းပြု၏။ စာပေတတ်မြောက်ပြီး ဗဟုသုတ ပြည့်စုံ၏။ သို့သော် အမျိုးဂုဏ်မြတ်မှု, စာပေတတ်မှုတို့ကြောင့် မာန်တက်ကာ သူတပါးကို နှိမ်ချတတ်၏။ ထိုရဟန်းသေ သောအခါ အမျိုးယုတ်၌ ဖြစ်ရ၏။ ဂေါတမဘုရားလက်ထက်တွင် ယုတ်နိမ့်သော သုဿန်စောင့် သုဘရာဇာမျိုး၌ ဖြစ်ကာ သုပ္ပိယဟု အမည်တွင်၏။ နောင်အခါ သောပါကမထေရ်ထံမှ တရားနာရ၍ ရဟန်းပြီး ရဟန္တာဖြစ်သွား၏။

**နောက်ချေးပိုးမာန်။** ။အင်္ဂတိုင်း မဂဓတိုင်း နှစ်ခုကြား ရေအိုင်၌ ကုန်သည်များ စခန်းချရာ နေရာ၌ ထိုသူတို့ စားကြွင်းစားကျန်များကို စားနေသော နောက်ချေးပိုးတစ်ကောင် ရှိ၏။ တနေ့ ကုန်သည်များသောက်ခဲ့သော အရက်ခွက် ကျန်ကို သောက်ပြီး မူးလာသောအခါ မစင်ပုံပေါ် တက်၏။ ခြေထောက်များ အိကျသွားသောအခါ သူ့ဘုန်းကံကို မခံနိုင်ဟု မာန်ဖြစ်၏။ ထို့နောက် ဆင်ကြီးရောက်လာသောအခါ မစင်နံ့ကြောင့် ပြန်လှည့်သွားသည်ကို သူ့ကိုကြောက်၍ ပြန်၏ဟု ထင်ကာ စစ်ထိုးရန် စိန်ခေါ်၏။ ထို့ကြောင့် ဆင်က မာန်ယစ်သောနောက်ချေးပိုးကို မစင်ဖြင့် ဖိသတ်လိုက်၏။

(ဂူထပါဏဇာတ်၊ ဒုကနိပတ်။ ဇာတ်ပြန်-ဒုတွဲ၊ ၂၈၆။)

**မာန် (၉)မျိုး**

(**က) သေယျမာန်** = မိမိက ပညာ, ဥစ္စာ, ရာထူး, အမျိုးဇာတ်, အခြွေအရံ စသည်အားဖြင့် သူတပါးတို့ ထက် မြတ်၏ဟု ထောင်လွှားခြင်း၊

**(ခ) သဒိသမာန်** = အထက်ပါဂုဏ် အရည်အချင်းများ သင်တို့နှင့်ငါ အတူတူဘဲဟု ထောင်လွှားခြင်း၊

**(ဂ) ဟီနမာန်** = ငါက သင်တို့အောက်ကျသော်လည်း ဘာအရေးစိုက်စရာ လိုလဲ၊ ကိုယ့်ရှိမှ ကိုယ်စားရ တာဟု ထောင်လွှားခြင်း၊

**အထက်မာန်-သေယျအုပ်စု (၃)ပါး**

၁။ သေယျ သေယျမာန် = ဘုရင်များ၌ "တိုင်းပြည်, ဥစ္စာ, ယာဉ်ရထားစသည် 'ငါနှင့် တူသူမရှိ'ဟု အထက်ကဖြစ်သော မာန်ဖြစ်ခြင်း၊

၂။ သေယျ သဒိသမာန် = ဘုရင်များ၌ "တခြားဘုရင်များနှင့် ငါ ဘာထူးလဲ"ဟု တန်းတူဖြစ်သောမာန်၊

၃။ သေယျ ဟီနမာန် = ဘုရင်များ၌ "ငါ့မှာဘုရင်ဖြစ်သော်လည်း တိုင်းပြည်, ဥစ္စာ, ယာဉ်ရထားစသည် ပြည့်စုံစွာ မရှိ။ နာမည်သာ ရှိ၏"ဟု အောက်ကျသောမာန်၊

**အဆင့်တူမာန်-သဒိသအုပ်စု (၃)ပါး**

၄။ သဒိသ သေယျမာန် = အမတ်များ, ဝန်ကြီးများ၌ "ငါနှင့် စည်းစိမ်, ရာထူး, အာဏာ, အခြွေအရံတူသူ မရှိ"ဟု အဆင့်တူချင်းဖြစ်သော အထက်မာန်၊

၅။ သဒိသ သဒိသမာန် = "သူတို့ကော ငါနဲ့ ဘာထူးလို့လဲ"ဟု အဆင့်တူထား၍ ဖြစ်သောမာန်၊

၆။ သဒိသ ဟီနမာန် = "အမတ်သာဆိုတယ် စားစရာ ဝတ်စရာတောင် ပြည့်ပြည့်ဝဝ မရှိပါဘူး၊ နာမည်ပါဘဲ"ဟု ဖြစ်သော အောက်မာန်။

**အောက်မာန်-ဟီနအုပ်စု (၃)ပါး**

၇။ ဟီန သေယျမာန် = ကျွန်များ(အလုပ်သမားများ)တွင် "ငါတို့က မိဘမျိုးရိုးကတယ်လို့ လုပ်လာတာ၊ အခုမှ ရောက်လာတာမဟုတ်ဘူး"ဟု အခြားသူများ၏ အထက်က ဖြစ်သောမာန်၊

၈။ ဟီန သဒိသမာန် = "ငါတို့လဲ မိဘမျိုးရိုးကလာတဲ့ အိမ်ပေါက်ကျွန်(အလုပ်သမား)ဘဲ၊ ဘာထူးလို့လဲ" ဟု တန်းတူထား၍ ဖြစ်သောမာန်၊

၉။ ဟီန ဟီနမာန် = “ဝမ်းရေးကြောင့် လုပ်ရတာပါ၊ မိဘမျိုးရိုးက လာတာတော့ မဟုတ်ပါဘူး”ဟု
အောက်၌ ဖြစ်သောမာန်။ (ဝိဘင်း၊ ပါ၊ ၃၅၉။ ၄-၄၆၉)

**ထမ္ဘ၏ လက္ခဏာဒိ စတုက္က**

စိတ္တဿ ဥဒ္ဓုမာတဘာဝ လက္ခဏော = စိတ်၏ ကြွတက်သော လက္ခဏာရှိ၏။
အပ္ပတိဿယဝုတ္တိရသော = မနှိမ်ချသော ဖြစ်ခြင်းလျှင် ကိစ္စရှိ၏။
အမဒ္ဒဝတာ ပစ္စုပဋ္ဌာနော = မနူးညံ့သောအဖြစ်လျှင် ဉာဏ်အားထင်လာ၏။

**မာန ကျရန်၊ လောကဓံနှင့်၊ အနိစ္စတရား၊ ဆင်ခြင်ပွားလော့။**

**၃၂-၃၃ အတွက် ဝါရင်းမျိုး အဓိဋ္ဌာန်။** ။အခြားသူတို့က မရိုသေ မကိုင်းရှိုင်းနိုင်ကြမည့် နေရာဝယ် ငါတို့သည် ရိုသေကိုင်းရှိုင်းကြမည်။ အခြားသူများ အထင်ကြီးကြမည့် နေရာဝယ် ငါတို့သည် အထင်မကြီးပဲ နှိမ်ချမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤသို့သောစိတ်မျိုးကို ဖြစ်စေမည်။ ခက်ထန်ခြင်း, မောက်မာခြင်းတို့ကို မခက်ထန်ခြင်း, မမောက်မာခြင်းတို့ဖြင့် ရှောင်လွှဲနေပါမည်။ ဂါရဝ, နိဝါတတရားဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ ခက်ထန်,မောက်မာခြင်း ကိလေသာမီးကို ရိုသေခြင်း, နှိမ်ချခြင်းရေစင်ဖြင့် ငြိမ်းစေမည်။

## ၃၄။ ဒေါ၀စဿတာ = ဆိုဆုံးမခက်ခြင်း

မမှားသင့်တာ မမှားအောင်၊ မှန်ရာကိုရောက်အောင် ပြောဆိုဆုံးမတာကို မနာခံပဲ မိဘဆရာတို့၏ စကားကို နားမထောင်ဘဲ မိမိထင်ရာကို ပြုလုပ်ခြင်းကို ဆိုသည်။

**ဆုံးမ မရ ရှင်ဆန္န။** ။ဖွားဖက်တော် ဆန္နမထေရ်သည် ဝိနည်းသိက္ခာပုဒ်နှင့် မညီညွတ်သည်ကို မြင်၍ အခြား ရဟန်းများက ဆုံးမလျှင် အမြဲတမ်း ခံ၍ပြော၏။ ထို့ကြောင့် သိက္ခာပုဒ်ပင် ပညတ်ခဲ့ရ၏။ သည့်အတွက်ကြောင့် ဘုရားရှင်သက်တော် ထင်ရှားရှိစဉ် တရားမရခဲ့။ ပရိနိဗ္ဗာန်စံပြီးမှ သံဃာများက ဘာမှမပြောတော့ဘဲ ဗြဟ္မဒဏ်ထားခါမှ မာန်ကျ၍ တရားရသွား၏။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။သူတပါးတို့ ဆိုဆုံးမခက်သည့် နေရာဝယ် ငါတို့သည် ဆိုဆုံးမလွယ်ကူစေမည်။ ကိလေသာပါးအောင် ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ ပြောဆိုခက်သည့်လမ်းဆိုးကို ပြောဆိုလွယ်သည့် လမ်းကောင်းဖြင့် ရှောင်လွှဲနေမည်။ ပြောဆိုလွယ်မှုဖြင့် အဆင့်အတန်းကို မြင့်စေမည်။ ပြောဆိုခက်မှုကိလေသာမီးကို ပြောဆိုလွယ်မှုရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၃၅။ ပါပမိတ္တာတာ = မိတ်ဆွေယုတ်နှင့် ပေါင်းသင်းခြင်း

သဒ္ဓါ, သီလ, သုတ, ပညာကင်းပြီး ဝန်တိုခြင်းရှိသူများကို မိတ်ဆွေယုတ်ဟု ဆို၏။ ထိုပုဂ္ဂိုလ်များနှင့် ပေါင်းသင်းဆက်ဆံခြင်းကို ဆိုလိုသည်။

ဆောင်။ သဒ္ဓါ, သီလ၊ သုတ ကင်းကွာ၊
ဝန်တို ဉာဏ်ကင်း၊ မိတ်ဖျင်း ရှောင်ပါ။

အကိတ္တိရသေ့။ ။သိကြားမင်းက အကိတ္တိရသေ့ကို ကြည်ညိုလွန်းလို့ ဆုပေးသောအခါ ရှင်ရသေ့က… “လူမိုက်ကို မမြင်ရပါလို၏။ မကြားရ ပါလို၏။ မပေါင်းသင်းရပါလို၏။ စကားမပြောရ ပါလို၏။ လူမိုက်ကို မနှစ်သက်ရပါလို၏”ဟု ဆုတောင်းခဲ့လေ၏။ (အကိတ္တိဇာတ်၊ ၄-၄၊ ၂၄၀)

### လူဆိုး လူကောင်း ကြည့်၍ပေါင်း

သားပုပ် ငါးပုပ်၊ ဖက်နှင့်ထုပ်က၊ သားပုပ်လည်း နံ၊ ဖက်လည်း နံ၏။ စပါယ်မြတ်လေး၊ ဖက်နှင့်ထွေးက၊ ဖက်လည်း နံ့မွှေး၊ ပန်းနံ့ မွှေး၏။

လူဆိုး လူယုတ်၊ ပေါင်းသင်းလုပ်က၊ ပေါင်းသူလည်း ယုတ်၊ ဝန်းကျင်ယုတ်၏။ လူတော် လူကောင်း၊ ရွေး၍ ပေါင်းက၊ ပေါင်းသူလည်း ကောင်း၊ ဝန်းကျင်ကောင်း၏။ (အမည်မသိ စာဆို)

(သုခပတ္ထနာသုတ်၊ တိကနိပါတ်၊ ဣတိဝုတ်)

**ဝါရငါးမျိုး အဓိဋ္ဌာန်။** ။အခြားသူများ ပါပမိတ္တ-မိတ်ဆွေယုတ်နှင့် ပေါင်းသင်းကြသည့် နေရာဝယ် ငါတို့သည် ကလျာဏမိတ္တ-မိတ်ဆွေကောင်းကို ပေါင်းသင်းမှီဝဲမည်။ ကိလေသာခေါင်းပါးအောင် ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ မိတ်ဆွေယုတ်ကို မိတ်ဆွေကောင်းဖြင့် ရှောင်လွှဲနေပါမည်။ မိတ်ဆွေကောင်းဖြင့် အဆင့်အတန်းကို မြင့်စေမည်။ မိတ်ဆွေယုတ်ပေါင်းခြင်း ကိလေသာမီးကို မိတ်ဆွေကောင်းပေါင်းခြင်း ရေစင်ဖြင့် ငြိမ်းစေမည်။

## ၃၆။ ပမာဒ = ကုသိုလ်ရေး၌ မေ့လျော့ခြင်း

ဒုစရိုက်တရား၌ လိုက်စားနေသူ၊ အာရုံငါးပါး၌ ပျော်မွေ့နေသူ၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ဖို့ရန် မေ့လျော့နေသူကို ဆိုလိုသည်။

လောက၌ ပစ္စည်းဥစ္စာ မေ့ကျန်ခဲ့လျှင် ထိုပစ္စည်းဆုံးရှုံးသကဲ့သို့ ကောင်းမှုကုသိုလ်ရေး၌ မေ့လျော့လျှင် ဘဝအတွက် ဆုံးရှုံးတတ်၏။ သတိသည် လောကီလောကုတ္တရာ နှစ်ဖြာကြီးပွားရေးအတွက် အလွန်အရေးကြီးသော တရားဖြစ်သည်။

**အမေ့တရား သုံးမျိုး**

၁။ ဒုစရိုက်သုံးပါး၌ ပြုလုပ် ပြောဆို ကြံစည်နေသူများကို အမေ့ကြီးမေ့သူ။
၂။ ကာမဂုဏ်အာရုံတွေဘက်ကို စိတ်ရောက်နေသူများက အလတ်စားမေ့သူ။
၃။ ကုသိုလ်ကို မပြုတခါ, ပြုတခါဖြင့်၊ ပြုလုပ်ပြန်လျှင်လည်း ရိုသေစွာမလုပ်လျှင် အငယ်စားမေ့သူ။

(ဝိဘင်းပါဠိတော်၊ ၃၆၃။)

မှတ်ချက်။ ။လုပ်ပြီးသော အကုသိုလ်တရားများကိုတော့ မေ့နိုင်အောင် ကြိုးစားရမည်။

**သိကြားမင်းကြီးလည်း မေ့။** ။ဥယျာဉ်တော်သို့ ထွက်လာစဉ် တံခါးပေါက်အရောက်၌ ပြဿနာတစ်ခုပေါ်လာ၍ မမေ့ခင် ဘုရားထံလာ၍ "အရှင်ဘုရား အကျဉ်းအားဖြင့် ဘယ်လောက်ကျင့်လျှင် တဏှာကုန်ရာနိဗ္ဗာန်သို့ အာရုံ ပြု၍ လွန်မြောက်သောစိတ်ရှိသူ ဖြစ်နိုင်ပါသနည်း"ဟုမေး၏။ ဘုရားထံမှ အဖြေရပြီး သာခုခေါ် ပြန်သွား၏။ ရှင်မောဂ္ဂလာန် ကြား၍ သိကြားမင်းကြီး တကယ် နားလည်-မလည်သိရန် နောက်မှ လိုက်သွား၏။ သိကြားမင်းကြီး ဝေဇယန္တာပြာသာဒ်၌ နတ်သမီးများနှင့် ပျော်ကာ စည်းစိမ်ခံစားနေသည်ကို တွေ့ရ၏။ သူနာခဲ့သောတရားကို တရားကို မေးသောအခါ မေ့နေ သဖြင့် မဖြေနိုင်။ ရှင်မောဂ္ဂလာန်က ဝေဇယန္တာပြာသာဒ်ကြီးပါ ခြေမနှင့်လှုပ်ကာ ထိတ်လန့်စေပြီး တဏှာကုန်ကြောင်း တရားများဟောကာ ပြန်ကြွလာ၏။ (တဏှာသင်္ခယသုတ်၊ မ၊၁၊၃၁၈။ ဋ္ဌ၊၁၉၆။)

**ဥဒေါင်းမင်း။** ။ဥဒေါင်းမင်းရွတ်နေကျ "ဥဒေတယံ"ဂါထာကို ရွတ်ဖို့ မေ့သွားသဖြင့် မုဆိုး၏ ညွတ်ကွင်းမိခဲ့ရ၏။
**သုဝဏ္ဏသာမ။** ။သုဝဏ္ဏသျှံ သတို့သားသည် မေတ္တာပွားရန် သတိတစ်ချက်လွတ်သဖြင့် ဆိပ်လူးမြားထိခဲ့၏။

**မမေ့လျော့ခြင်းသည် မသေကြောင်းတရား။** ။ကြမ်းတမ်းလှသော အသောကမင်းကြီးသည် နိဂြောဓသာမဏေနှင့် တွေ့၍ "အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ = မမေ့လျော့ခြင်းသည် မသေခြင်း၏ အကြောင်းတရားဖြစ်၏။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတရားဖြစ်၏"ဟူသော ဂါထာကို နာရ၍ တရားရပြီး ကျက်သရေရှိသော သီရိဓမ္မာသောကမင်းကြီးဟု အမည်ပြောင်းခေါ်ခဲ့ကြ၏။

ပုဂံပြည် အနော်ရထာမင်းသည်လည်း အရည်းကြီးရဟန်းများကို ကိုးကွယ်နေရာမှ ရှင်အရဟံခေါ် ရှင်ဓမ္မဒဿီ မထေရ်ထံမှ အထက်ပါဂါထာကို နာကြားရပြီး မိစ္ဆာအယူများစွန့်၍ သာသနာပြုမင်းကြီးတစ်ပါး ဖြစ်လာ၏။

ကံပင်ရှိသော်လည်း ဝီရိယကူရမည်။ ဉာဏ်ပင်ရှိသော်လည်း သတိမူရမည်။

(ကျည်းကန်ရှင်ကြီး ဆုံးမစာမှ)

**ပမာဒေါ၏ လက္ခဏာဒိ စတုက္က**

ပဉ္စသု ကာမဂုဏေသု စိတ္တဝေါသဂ္ဂ-လက္ခဏော = ငါးပါးသောကာမဂုဏ်တို့၌ စိတ်ကိုလွှတ်ခြင်း လက္ခဏာရှိ၏။
ဝေါသဂ္ဂါနုပ္ပဒါန-ရသော = ကာမဂုဏ်ငါးပါးတို့၌ လွတ်ပြီးသောစိတ်ကို အားထပ်ဆင့်ပေးခြင်း ကိစ္စရှိ၏။

သတိဝိပ္ပဝါသ-ပစ္စုပဋ္ဌာနော = သတိ၏ လွတ်ကင်းခြင်းလျှင် ဉာဏ်အားထင်လာ၏။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။အခြားသူများ မေ့လျော့နေကြသည့်အရာဝယ် ငါတို့သည် မမေ့မလျော့ အပ္ပမာဒ တရားနှင့် ပြည့်စုံစေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ မေ့လျော့မှု-ပမာဒကို မမေ့လျော့မှု အပ္ပမာဒဖြင့် ရှောင်လွှဲနေမည်။ မမေ့မလျော့ခြင်းဖြင့် အဆင့်အတန်း ကို တက်စေမည်။ မေ့လျော့မှုကိလေသာမီးကို မမေ့မလျော့-အပ္ပမာဒရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၃၇။ အဿဒ္ဓိယ = သဒ္ဓါတရားမရှိခြင်း

ရတနာသုံးပါး ဂုဏ်တော်များနှင့် ကံနှင့်ကံ၏အကျိုးတရားများ၌ မယုံကြည်ခြင်းကို အဿဒ္ဓိယဟု ခေါ်၏။ ဤတရားမှ ကင်းဝေးပြီး စစ်မှန်သော ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ဖို့ရန် စာပေသင်ယူခြင်း၊ တရားနာခြင်း၊ တရားဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ တရားအားထုတ်ခြင်း စသည်တို့ ပြုသင့်၏။

**တရားနာရကျိုး ၅-ပါး။** ။သူတော်တရား၊ နာယူငြားက၊ မကြားစဖူး၊ ကြားရ ထူး၏။ ကြားဖူးပြီးပြန်၊ ထပ်မံ၍ ရှင်း၊ လွတ်ကင်း ယုံမှား၊ ဖြောင့်သား အယူ၊ စိတ်ကြည်ဖြူသည်၊ ငါးဆူရမြဲ အကျိုးတည်း။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။အခြားသူများ သဒ္ဓါကင်းမဲ့သည့် နေရာဝယ် ငါတို့သည် သဒ္ဓါတရားကို ပြည့်စုံစေ မည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ မယုံကြည်မှုကို ယုံကြည် မှုဖြင့် ရှောင်လွှဲနေမည်။ ယုံကြည်မှုဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ မယုံကြည်မှု ကိလေသာမီး ကို ယုံကြည်မှုရေစင်ဖြင့် ငြိမ်းစေမည်။

## ၃၈။ အဟိရိက = အကုသိုလ်မှ မရှက်ခြင်း၊

### အဟိရိကံ၏ လက္ခဏာဒိ စတုက္က

န ဟိရီယတီတိ အဟိရိကော = မကောင်းမှုဒုစရိုက်မှ မရှက်တတ်, မစက်ဆုပ်သောကြောင့် အဟိရိကမည်၏။

အဟိရိကဿ ဘာဝေါ အဟိရိကံ = ဒုစရိုက်တို့မှ မရှက်တတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ မရှက်ခြင်းကြိယာသည် အဟိရိကံ မည်၏။

ကာယဒုစ္စရိတာဒီဟိ အဇိဂုစ္ဆန-လက္ခဏံ, အလဇ္ဇ-လက္ခဏံ ဝါ = ကာယဒုစရိုက်စသည်တို့မှ မစက်ဆုတ် ခြင်း လက္ခဏာရှိ၏။ တနည်း- မရှက်ခြင်းလက္ခဏာရှိ၏။

အလဇ္ဇာကာရေန ပါပါနံ ကရဏရသာ= မရှက်သောအခြင်းအရာအားဖြင့် မကောင်းမှုကို ပြုခြင်းကိစ္စရှိ၏။

အသဃကော်ာစနုပဋ္ဌာနံ= မကောင်းမှုမှ မတွန့်ဆုတ်သောတရားဟု ဉာဏ်အားထင်လာ၏။
အတ္တအဂါရဝ-ပဒဋ္ဌာနံ = မိမိကိုယ်ကိုယ် မလေးစားခြင်းလျှင် နီးသောအကြောင်းရှိ၏။

## ၃၉။ အနောတ္တပ္ပ = အကုသိုလ်မှ မကြောက်ခြင်း၊

အကုသိုလ်ဒုစရိုက်များကို ပြုလုပ်ပြောဆိုရခြင်းမှ မကြောက်းခြင်းကို "အဟိရိက"ဟု ခေါ်ပြီး၊ မကြောက်ခြင်းကို "အနောတ္တပ္ပ"ဟု ခေါ်သည်။

ရှက်ခြင်းနှင့် ကြောက်ခြင်းသည် အဓိပ္ပါယ်ကွဲ၏။ သန့်ရှင်းသောသူသည် မစင်အညစ်အကြေးများ မလူးစေချင်သကဲ့သို့ ယုတ်ညံ့သော အကုသိုလ်တရားများ မဖြစ်စေလိုခြင်းသည် ရှက်ခြင်း'ဟိရီ'မည်၏။ မီးထိလျှင် ပူမည်ကို ကြောက်သကဲ့သို့ အကုသိုလ်၏အကျိုးကို ကြောက်ခြင်းသည် 'ဩတ္တပ္ပ'မည်၏။

တနည်း..."မကောင်းမှုဆိုတာ လူမိုက်များ, အမျိုးညံ့များသာ လုပ်ကြ၏။ ငါလို အကျင့်သီလရှိသူ, အသက်ကြီးသူ, အမျိုးမြတ်သူများက မလုပ်ကြ"စသည်ဖြင့် ဆင်ခြင်၍ ရှောင်ကြဉ်လျှင် ရှက်ခြင်း-ဟိရီ။ "သူများတွေ ကဲ့ရဲ့ကြလိမ်မယ်"ဟု ဆင်ခြင်ပြီးရှောင်လျှင် ကြောက်ခြင်း-ဩတ္တပ္ပ မည်၏။

ဤတရား ၂-ပါး သည် လူနှင့် တိရစ္ဆာန်ကွဲအောင်, လူသားအချင်းချင်း ရှုပ်ထွေးမှုမရှိအောင် လောကကို စောင့်ရှောက်တတ်သောကြောင့် **လောကပါလ** တရားနှစ်ပါးဟု ခေါ်၏။

(မဟာအဿပုရသုတ်၊ မ၊ ဋ္ဌ၊ ၃၊ ၂၁၃။)

တနည်း... ရှက်ကြောက်မှုနှင့် ပြည့်စုံသည့် ငြိမ်သက်သော စိတ်နှလုံးရှိကြသည့် သူတော်ကောင်းများ ကျင့်သုံးအပ်သောတရားဖြစ်၍ **ဒေဝဓမ္မ**-ဟုလည်း ခေါ်၏။

**ဒေဝဓမ္မဇာတ်**။ ။သူကြွယ်တစ်ယောက် ဇနီးသေ၍ ရဟန်းပြု။ ပစ္စည်းဥစ္စာများပြီး ကိုယ်ပိုင်စတိုးခန်းများဖြင့် သိမ်းထား။ အခြားရဟန်းများမြင်၍ ဘုရားထံခေါ်သွား၊ ရောင့်ရဲတင်းတိမ်ရန် တရားဟော၍ အပေါ်ရုံချွတ်ကာ သင်းပိုင်ဖြင့်သာ ပရိသတ်အလည်၌ ရပ်နေ၏။

အတိတ်။ ။ဗာရာဏသီဘုရင်၏ မိဖုရားကြီးသည် သားနှစ်ယောက်ဖွားပြီးနောက် သေသွား၏၊ နောက်မိဖုရားငယ်မှ သားတစ်ယောက်ဖွား၊ ထိုသားကို ထီးနန်းပေးလို၍ သားကြီးများ ဟိမဝန္တာဖက် ထွက်သွားရန်ပြော၊ ညီငယ်ပါ လိုက်လာခဲ့၏။ လမ်းတွင် ရေအိုင်တွေ့၍ ညီငယ်ကို ရေခတ်ရန်ပြောသဖြင့် ဆင်းခတ်ရာ ဘီလူးကဖမ်းပြီး ဒေဝဓမ္မကို မေးရာ မသိ၍ ဆက်ဖမ်းထား၊ နောက်ညီလတ်သွားလည်း မသိ၍ ဖမ်းထား၊ သူကိုယ်တိုင်သွားမှ ဒေဝဓမ္မကို ဖြေနိုင်၍ ညီနှစ်ယောက်လုံး လွှတ်ပေးခဲ့၏။ (ဒေဝဓမ္မဇာတ်၊ ဧကနိပါတ်၊ ဋ္ဌပ၊ ၁၄၅။ ဗဟုဘဏ္ဍိကဝတ္ထု၊ ဓမ္မပဒ၊ ဒဏ္ဍဝဂ်။)

### အနောတ္တပ္ပ၏ လက္ခဏာဒိ စတုက္က

န ဩတ္တပ္ပတီတိ အနောတ္တပ္ပံ = မကောင်းမှုဒုစရိုက်မှ မကြောက်တတ်, မထိတ်လန့်တတ်သောကြောင့် အနောတ္တပ္ပ မည်၏။

အသာရဇ္ဇနလက္ခဏံ အနုတ္တာသနလက္ခဏံ ဝါ = မရွံ့ရှာခြင်းလက္ခဏာ၊ တနည်း မထိတ်လန့်ခြင်း လက္ခဏာ ရှိ၏။

အနုတ္တာသနာကာရေန ပါပါနံ ကရဏာရသာ = မထိတ်လန့်သောအခြင်းအရာအားဖြင့် မကောင်းမှုကို
ပြုခြင်း ကိစ္စရှိ၏။
ပရအဂါရဝ-ပဒဋ္ဌာနာ = သူတပါးကို မလေးစားခြင်းလျှင် ဉာဏ်အားထင်လာ၏။

**အဟိရိကနှင့် အနောတ္တပ္ပ အထူး။** ။ အကုသိုလ် ဒုစရိုက် ပြုရမှာကို မရှက်ခြင်း, မစက်ဆုပ်ခြင်းသည် အဟိရိက။ အကုသိုလ်ဒုစရိုက်၏ မျက်မှောက် သံသရာ အပြစ်ကို မကြောက်ရွံ့ခြင်းသည် အနောတ္တပ္ပ။

အဟိရိကသည် မိမိကိုယ်ကို မလေးစားခြင်း ဖြစ်ပြီး၊ အနောတ္တပ္ပသည် သူတပါး, ပတ်ဝန်းကျင်ကို မလေးစားခြင်း ဖြစ်၏။

**(၃၈-၃၉) ဝါရင်းပါး အဓိဋ္ဌာန်။** ။အခြားသူများ အကုသိုလ်မှ မရှက်,မကြောက်ကြသည့် နေရာဝယ် ငါတို့သည် ရှက်ကြောက်ခြင်းကို ဖြစ်စေမည်။ ကိလေသာပါးစေသော အကျင့်ကို ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ မရှက်-မကြောက်ခြင်းကို ရှက်ကြောက်ခြင်းဖြင့် လမ်းလွှဲနေမည်။ ရှက်ကြောက်ခြင်းဖြင့် အဆင့် အတန်းကို မြင့်တက်စေမည်။ မရှက်မကြောက်ခြင်း ကိလေသာမီးကို ရှက်ကြောက်ခြင်းရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၄၀။ အပ္ပဿုတ = အကြားအမြင်နည်းခြင်း

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်များနှင့် ပတ်သက်၍ တစ်ဂါထာမျှ လောက်ကိုပင် မကြားဖူးခြင်း၊ တရားဓမ္မ အကြားအမြင်နည်းခြင်းကို (ဝါ) မရှိခြင်းကို ဆိုလိုသည်။ ထိုသိထားသော တရားများသည်လည်း ကျင့်မှ အကျိုးရှိ၏။ မကျင့်လျှင် အကျိုးမရှိ။

(အပ္ပန္တိစ ထောကန္တိ န ဂဟေတဗ္ဗံ။ "အပ္ပဿုတာ"တိ နိဿုတာ, သုတဝိရဟိတာ ဝုစ္စန္တိ။ ဗဟု သုတ-မေတေသန္တိ ဗဟုဿုတာ၊ တထာဂတဘာသိတံ ဧကမ္ပိ ဂါထံ ယာထာဝတော ဉတွာ အနုရူပပဋိပန္နာမေတံ အဓိဝစနံ။ မူဋ္ဌ၁။ နှာ-၁၉၃။)

ဆောင်။ မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်းဉာဏ်ကြီးသည်။
တဂါထာမျှ၊ ကြားနာရ၊ ကျင့်က ကျိုးများသည်။
တတ်သိများငြား၊ မကျင့်ပွား၊ ကျိုးကား မရှိပြီ။ (မဟာစည်ဆရာတော်)

**ဗဟုသုတ လိုအပ်လှ။** ။မုဆိုးတစ်ယောက် သမင်နှစ်ကောင်ရောင်းရန် မြို့လာ၊ မြို့သားလူလည်နှင့် တွေ့၍ ဈေးမေး သဖြင့် အငယ် ၁-ကျပ်၊ အကြီး ၂-ကျပ်ဟု ပြော၊ ထို့ကြောင့် ၁-ကျပ်ပေး၍ အငယ်ကို ဝယ်သွား၏။ အတန်ငယ် သွားပြီးမှ မုဆိုးထံပြန်လာပြီး 'သမင်ကြီးကို ဝယ်မည်၊ စောစောက တစ်ကျပ်ပေးပြီးဖြစ်၍ ဒီသမင်ငယ်ကို တန်ဘိုး ၁-ကျပ်ထား လျှင် စုစုပေါင်း ၂-ကျပ်ဖြစ်သဖြင့် သမင်ကြီးကို ပေးပါဟု ပြော၏။ မုဆိုလည်း မှန်သည်ထင်၍ သမင်ကြီးကို ပေးလိုက် ၏။

**လူလယ်ကျသည့် ရှင်ဥပနန္ဒ။** ။ရဟန်းနှစ်ပါး ပိတ်သက်န်းနှစ်ထည်, ကမ္ဗလာသက်န်းတစ်ထည်အတွက် အငြင်း ပွားနေတုန်း ရှင်ဥပနန္ဒရောက်လာရာ ဆုံးဖြတ်ပေးရန် ပြောသဖြင့် ပိတ်သင်္ကန်းတစ်ထည်စီ ပေးလိုက်ပြီး၊ သူက ကမ္ဗလာ သင်္ကန်းကို ယူသွား၏။

**မြေခွေးနှင့် ဖျံနှစ်ကောင်။** ။ဖျံနှစ်ကောင် ငါးကြင်းကို အမြီးနှင့်ခေါင်းပိုင်း အဝေမတည့်ဖြစ်နေစဉ် မြေခွေးရောက် လာပြီး ဝေပေးရာ ခေါင်းနှင့်အမြီးကို တစ်ကောင်စီ ဝေပေးလိုက်ပြီး, သူက အလယ်ပိုင်းကို ယူသွား၏။

**ကျင့်မှ အကျိုးရှိ။** ။သာဝတ္ထိမြို့သား သူငယ်ချင်းနှစ်ယောက် ရဟန်းဝတ်၊ တစ်ပါးတောထွက် တရားအားထုတ်ပြီး ရဟန္တာဖြစ်သွား။ ကျန်တစ်ပါးမှာ စာချဆရာတော်ဖြစ်။ ရဟန္တာ၏တပည့်များ တောမှ ဘုရားထံသွားသောအခါ ဘုရားနှင့် ရဟန္တာကြီးများကို ကန်တော့ပြီးလျှင် ထိုစာချဆရာတော်ကို ကန်တော့ရန် မှာလိုက်။ စာမသင်ဘဲ တော၌နေလျက် ဤမျှတပည့်များစွာ ရှိသည်ကို သံသယဖြစ်။ တနေ့ ရဟန္တာကိုယ်တိုင် လာသောအခါ စာချဆရာတော်က ပြဿနာ မေးဦးမည်ဟု ကြံ၏။ အပြစ်ဖြစ်မည်စိုး၍ ဘုရားကိုယ်တိုင် ကြွလာပြီး ပထမဈာန်မှစ၍ အရဟတ္တမဂ်အထိ စာချ ဆရာတော်ကို မေး၏.. မဖြေနိုင်။ တောရကျောင်းဆရာတော်က မေးတိုင်း ဖြေနိုင်၏။ ဖြေတိုင်းလည်း သာဓုခေါ်၏။ စာချဆရာတော်၏ တပည့်များကလည်း သူတို့ဆရာကို မချီးမွမ်းရကောင်းလားဟု သိပ်မကျေနပ်ကြ။ ထို့ကြောင့် မြတ်စွာဘုရားက-

> "နွားကျောင်းသားသည် နွားကျောင်းခသာရပြီး နွားနို့အရသာကို မသုံးဆောင်ရသကဲ့သို့၊ များစွာသိသော်လည်း မကျင့်ခဲ့လျှင် ကိလေသာငြိမ်းမှုကို မရ။ အနည်းငယ်ပင် သိသော်လည်း တရားနှင့်အညီကျင့်ခဲ့လျှင် ကိလေသာ ငြိမ်းနိုင်၏" (ဒွေသဟာယကဝတ္ထု၊ ဓမ္မပဒ၊ ဌ-၁၊ ၉၉။)

**သတိထားစရာ။** ။ပိဋကတ် ခေါင်ထိ၊ ရှင်ကပိလျှင်၊ ငီစိသို့သာ၊ လားလေပါရှင့်။ တဏှာ, ဒိဋ္ဌိ၊ မာန ငြိက၊ တိပိဋကာ၊ ကျမ်းသုံးဖြာလည်း၊ သင်ပါဆောင်ကျိုး၊ မရှိနိုးဘူး၊ (မဃဒေဝ၊ ပိုဒ်ရေ-၄၃၆။)

**ဝါရငါးမျိုး အဓိဋ္ဌာန်။** ။အခြားသူတို့ အကြားအမြင် မဲ့ကြသည့်နေရာဝယ် ငါတို့သည် အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံစေမည်။ ကိလေသာပါးစေသည့် အကျင့်ကို ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ အကြားအမြင်နည်းခြင်းကို အကြားအမြင်များခြင်းဖြင့် ရှောင်လွှဲနေမည်။ အကြားအမြင်များခြင်းဖြင့် အဆင့်အတန်းကို မြင့်စေမည်။ အပ္ပသုတ ကိလေသာမီးကို ဗဟုသုတရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၄၁။ ကောသဇ္ဇ = ပျင်းရိခြင်း

လောကီ,လောကုတ္တရာ နှစ်ဖြာကြီးပွားမှု၌ လုံ့လဝီရိယကင်း ပျင်းရိခြင်းကို ဆိုလိုသည်။

**ဝီရိယ**။ ။ကိစ္စတစ်ခု ပေါ်ပေါက်လာလျှင် မကြောက်မရွံ့ စွန့်စွန့်စားစား အားထုတ်မှုကို "ဝီရိယ"ဟု ခေါ်၏။ ထိုဝီရိယသည် ရှေးရှေးဘဝက အထုံပါလာသော "**ဇာတိဝီရိယ**"၊ နောက်မှဖြစ်ပေါ်လာသော "**ပဝတ္တိဝီရိယ**"ဟု နှစ်မျိုးရှိ၏။ ရှေးဘဝက အထုံပါသော ဝီရိယမျိုးမရှိလျှင် နောက်မှဖြစ်သော ဝီရိယမျိုး ရှိအောင် ကြိုးစားအားထုတ်ရမည်။

**ဆင်ခြင်ပုံ ၅-မျိုး**

၁။ ဝီရိယရှိလျှင် ရမည့်အကျိုး
၂။ မရှိလျှင် ဖြစ်လေရာဘဝ အောက်ကျ နောက်ကျ ဖြစ်ရမည့်အပြစ်
၃။ ငါတို့အမျိုးသည် အထက်ကျသော အမျိုးတည်း၊ ငါတို့ကျမှ အောက်မကျထိုက်ဟု အမျိုးကို ဆင်ခြင်ခြင်း
၄။ ပျင်းရိသူကို ရှောင်ခြင်း
၅။ ဇွဲရှိသူကို ပေါင်းဖော်ခြင်း

ဆောင်။ အကျိုး-အပြစ်၊ နှစ်မျိုးစစ်လျက်၊ ဆိုးညစ် ရိပျင်း-သူကို ကွင်း၍၊ ထန်ပြင်း လုံ့လ၊ ရှိသူ ခမူ၊ ဝီရိယ ကေန်တိုးမည်တည်း။ (ရတနာ့ဂုဏ်ရည်၊ ၂၀၈။)

**လောကကြီးပွားကြောင်း သမ္ပဒါတရား ၄-ပါး**

၁။ ဥဋ္ဌာနသမ္ပဒါ = ထကြွလုံ့လနှင့် ပြည့်စုံခြင်း၊
၂။ အာရက္ခသမ္ပဒါ = ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပြည့်စုံခြင်း၊
၃။ သမဇီဝိတာ = မျှတစွာ သုံးစွဲခြင်း၊
၄။ ကလျာဏမိတ္တတာ = မိတ်ဆွေကောင်းနှင့် ပြည့်စုံခြင်း၊
ဆောင်။ ထကြွ, သိမ်းဆည်း၊ မျှသုံးစွဲ၊ ပေါင်းမြဲမိတ်ဆွေကောင်း။
ဤလေးပါးဟာ၊ လောကီမှာ၊ မှန်စွာကြီးပွားကြောင်း။ (ဒီဃဇာဏုသုတ်၊ အံ၊ ၃၊ ပါ၊ ၁၀၇။)

## မဃဒေဝလင်္ကာမှ ကံနှင့်စပ်၍ သိမှတ်ဖွယ်များ

၁။ ကံဟု မူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။

၂။ ဥစ္စာ, ဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ လူတို့ထံ၌၊ ဉာဏ်-ဝီရိယ၊ ပယောဂတည်း။

၃။ ကာလ, ဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကို ယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲ ရာလည်း၊ ကြမ္မာအကြောင်း၊ မရိုးကောင်းဟု၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏။

၄။ လုံ့လ မထူ၊ ဉာဏ်မကူဘဲ၊ အယူတစောင်း၊ ကံတကြောင်းမျှ၊ မကောင်းလည်း ကံ၊ ကောင်းလည်းကံ ဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။

၅။ ပညာဉာဏ်ဖြင့်၊ သင့်-မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွာ့တည့်။ တံငါလက်တွင်း၊ ရောက်လျှင်း တုံငြား၊ သုံးကောင်ငါးကို၊ မှတ်သားဝမ်းထဲ၊ နာယူစွဲလော။

၆။ ကံမွဲ ဉာဏ်နှံ့၊ မလုံ့ မလ၊ နတ် မ,မဘူး၊ အလသမျိုး၊ အကျိုးယွင်းယို၊ အလိုလျော့ရည်း၊ မကျော့ ကျဉ်းနှင့်၊ ကိုယ်လည်း လုံ့လ၊ နတ်လည်း မ,၍၊ တောင့်တကြံရာ၊ မြန်မကြာလျှင်၊ လွယ်ကာ ကိစ္စ၊ ပြီးနိုင်ကြ၏။

**နတ်လည်း ပျင်းလို့မရ။** ။တာဝတိံသာနတ်တို့ကို တိုက်ခိုက်ရန်လာသော အသုရာတို့အား ပြန်လည်တိုက်ခိုက်ရန် မိမိ၏သားဖြစ်သူ သုဝီရအား စေခိုင်းရာ သားက "ကောင်းပါပြီ"ဟု ဝန်ခံပြီး မေ့နေ၏။ ထို့ကြောင့် သိကြားမင်းကြီးက "လုံ့လဝီရိယမရှိပဲ ချမ်းသာရနိုင်တဲ့ နေရာရှိလျှင် အဲဒီမှာ သွားနေ၊ ငါ့ကိုလည်း လာခေါ်လှည့်"ဟု ပြောဆိုဆုံးမ၏။
(သုဝီရသုတ်၊ သံ၊ ၁၊ ၂၁၈)

**ဘုရားလောင်း ရှဥ့်။** ။ဘုရားလောင်းရှဥ့်ဖြစ်စဉ်က လေကြီးမိုးကြီးကျပြီး အသိုက်ကလေး ပင်လယ်ထဲ ပြုတ်ကျ၏။ အသိုက်ထဲမှာ သားလေးများပါသွား၍ ကယ်တင်ရန် အမြီးလေးနဲ့ ရေကိုဆွတ်ပြီး ကုန်းပေါ်သို့ခါ၏။ ၇-ရက်ပြည့်သော အခါ သိကြားမင်းသိ၍ ရောက်လာပြီး "ဘယ်လိုလုပ်ပြီး ဒီပင်လယ်ရေက ကုန်နိုင်မှာတုန်း"ဟု မေးသောအခါ "ဟေ့... မင်းလို ဝီရိယမရှိတဲ့ကောင် သွား...။ ငါ့နား မလာနဲ့။ မင်းနဲ့ စကားပြောဖို့ အချိန်မရှိဘူး"ဟု ပြောခါ ဆက်လုပ်နေ၏။ နောက်မှ သိကြားမင်းက သူ့သားတွေကို ပင်လယ်ထဲက ဆယ်ပေးလိုက်၏။ (လက္ခဏသုတ်၊ ဒီ၊ဋ္ဌ၊၃၊နှာ- ၁၀၂။)

**ဝါရငါးမျိုး အဓိဋ္ဌာန်။** ။အခြားသူတို့ ကုသိုလ်ရေးနှင့်စပ်၍ ပျင်းရိကြမည့်နေရာဝယ် ငါတို့သည် မပျင်း မရိ ဝီရိယဖြင့် အားထုတ်ကုန်အံ့ဟု ကိလေသာပါးစေမည့် အကျင့်ကို ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ ပျင်းမှုကို ထက်သန်သည့်ဝီရိယဖြင့် ရှောင်လွှဲမည်။ ဝီရိယဖြင့် အဆင့်အတန်းကို မြင့်စေမည်။ ပျင်းခြင်းကိလေသာမီးကို ဝီရိယရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၄၂။ မုဋ္ဌသသစ္စ = သတိလွတ်ခြင်း

ကုသိုလ်လုပ်ငန်းများ၌ သတိလွတ်ခြင်းကို မုဋ္ဌဿစ္စ-ဟု ခေါ်၏။ ထို့ကြောင့် မိမိအရွယ်, စည်းစိမ် ဥစ္စာ, ကျန်းမာရေးတို့ကို ဆင်ခြင်မိလျက် အခွင့်ကောင်း အချိန်ကောင်းတုန်းတွင် အခွင့်အရေးကို မဆုံးရှုံး စေဘဲ ကုသိုလ်တရားကို အားထုတ်သင့်၏။

မှတ်ချက်။ သတိလွတ်ခြင်း မုဋ္ဌဿစ္စနှင့် မေ့လျော့ခြင်း ပမာဒသည် အနက်အဓိပ္ပါယ် တူ၏။

**ဝါရင်းမျိုး အဓိဋ္ဌာန်။** ။အခြားသူတို့ ကုသိုလ်ရေး၌ မေ့လျော့နေကြမည့် နေရာဝယ် ငါတို့သည် အရာရာ သတိကို ထင်စေမည်ဟု ကိလေသာပါးစေသည့် အကျင့်ကို ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ မေ့လျော့ခြင်း မုဋ္ဌဿတိကို မမေ့လျော့ခြင်း ဥပဋ္ဌိတဿတိဖြင့် ရှောင်လွှဲနေမည်။ ထင်သောသတိဖြင့် အဆင့်အတန်းကို မြင့်စေမည်။ မုဋ္ဌဿတိ ကိလေသာမီးကို ဥပဋ္ဌိတဿတိရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၄၃။ ဒုပ္ပညတာ - ဝိပဿနာပညာ ကင်းမဲ့ခြင်း

ဝိပဿနာပညာ ကင်းမဲ့ခြင်းကို "ဒုပ္ပည"ဟု ခေါ်၏။ ဤနေရာ၌ ဈာန်သမာဓိလောက် ရသည်ကို ပင် ဝိပဿနာပညာဟု မခေါ်ရသေး။

(ပညာတိ စ ဣ၈ ဝိပဿနာပညာ ဝေဒိတဗ္ဗာ။ ဋ္ဌ၊ ၁၉၄။)

[ယောဂီသည် စင်ကြယ်သောသီလကို အခြေခံ၍ မိမိကမ္မဋ္ဌာန်းအာရုံကို မမေ့မပျောက်စေဘဲ ဖွဲတင်းတင်းဖြင့် သေချာစွာ အားထုတ်သောအခါ နောက်ယှက်မှု နီဝရဏများကင်းပြီး ရုပ်နာမ်နှစ်ရပ်ကို ဟုတ်တိုင်းမှန်စွာ ပိုင်းခြား သိလာ၏။ ထိုအခါ ငါကောင်, အတ္တကောင်, အသက်ကောင်ရှိ၏ ဟူသော ယုံမှားမှုများလည်း ကင်းပျောက်သဖြင့် အသိ အမြင်၏ စင်ကြယ်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။

၎င်းနောက် အကြောင်းရုပ်နာမ်ဖြစ်သော အကျိုးရုပ်နာမ်မျှသာ ရှိ၏ဟု သိသော ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ် လာ၏။ ထို့ကြောင့် သတ္တဝါများသည် အကြောင်းမရှိဘဲ အလိုလိုဖြစ်၏ဟူသော အဟေတုကဒိဋ္ဌိ၊ ဖန်ဆင်းရှင်တို့ကြောင့် ဖြစ်၏ဟူသော မမှန်ကန်သောအကြောင်း ဝိသမဟေတုဒိဋ္ဌိ တို့သည် ကင်းပျောက်သွားတော့၏။

ထို့နောက် ရုပ်နာမ်တို့၏ မမြဲပုံ, ဆင်းရဲပုံ, အစိုးမရပုံများကို ဆင်ခြင်သုံးသပ်သည့် သမ္မသနဉာဏ် ဖြစ်ပေါ်လာ ၏။ ဤဉာဏ်သည် ဝိပဿနာဉာဏ် ၁၀-ပါးတွင် ပထမဆုံးဉာဏ် ဖြစ်၏။]

**ဝါရင်းပါး အဓိဋ္ဌာန်။** ။အခြားသောသူတို့ ဝိပဿနာပညာ ကင်းမဲ့ကြမည့်နေရာဝယ် ငါတို့သည် ဝိပဿနာပညာဖြင့် ပြည့်စုံစေမည်ဟု ကိလေသာခေါင်းပါးစေမည့် အကျင့်ကို ကျင့်မည်။ ဤစိတ်မျိုးကို ဖြစ်စေမည်။ ဝိပဿနာပညာကင်းမဲ့မှုကို ဝိပဿနာပညာ ပြည့်စုံမှုဖြင့် ရှောင်လွှဲနေမည်။ ဝိပဿနာ ဉာဏ်ဖြင့် အဆင့်အတန်း တက်မည်။ ဝိပဿနာပညာမဲ့ခြင်း မောဟမီးကို ဝိပဿနာပညာရေစင်ဖြင့် ငြိမ်းသတ်မည်။

မှတ်ချက်။ ။ အသဒ္ဓိယမှ စ၍ ဒုပ္ပညတာ အထိ ဤ(၇)ပါးသော တရားတို့ကို အသဒ္ဓမ္မ-သူယုတ်တရားဟု ခေါ်၏။ ၎င်းတို့၏ ဆန့်ကျင်ဘက် သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, သတိ, ပညာ ဟူသော တရား (၇)ပါးတို့ကို သဒ္ဓမ္မ-သူတော်ကောင်းတရားဟု ခေါ်၏။

## ၄၄။ သန္ဒိဋ္ဌိ ပရာမာသီ = အယူသည်းခြင်း၊
## အာဓာနဂ္ဂါဟီ = မြဲမြံစွာ ဆုပ်ကိုင်ထားခြင်း၊
## ဒုပ္ပဋိနိဿဂ္ဂီ = စွန့်လွှတ်နိုင်ခဲခြင်း၊

မှားယွင်းသော မိမိ၏အယူကို မြဲမြံစွာ စွဲကိုင်ထားခြင်းကို ခေါ်သည်။ ထိုအယူမှားကို ဘုရားစသော သူတော်ကောင်းများက ကြောင်း-ကျိုးပြ၍ပင် ဆုံးမသော်လည်း မစွန့်လွှတ်နိုင်။ ထို့ကြောင့် မဂ်ဖိုလ်ကို တားဆီးနိုင်သဖြင့် သီးခြားထုတ်၍ ဟောထားခြင်းဖြစ်သည်။

### အယူသည်းခြင်း ၂-မျိုး

လောကဘက်က အယူသည်းခြင်းနှင့် ဓမ္မဘက်က အယူသည်းခြင်းဟု ၂-မျိုးရှိ၏။ လောကဘက်က အယူသည်းခြင်းမှာကား မဂ်ဖိုလ်၏ အန္တရာယ်မဖြစ်။ ဥပမာ... ကမ္ဘာမြေတည်ရှိမှု၊ နေလနက္ခတ်များ တည်ပုံ၊ ဟိမဝန္တာတောင် တည်ပုံများ ယနေ့ခေတ် သုတေသနပြုချက်များနှင့် မကိုက်ညီသောကြောင့် အယူသည်းမှုများလည်း ရှိ၏။ သို့သော် ၎င်းအယူသည်းခြင်းကား သီလသမာဓိ ကျင့်စဉ်များနှင့် မသက်ဆိုင်၍ မဂ်ဖိုလ်အန္တရာယ် မဖြစ်နိုင်။

သို့သော် ဓမ္မနှင့်စပ်၍ ကျင့်စဉ်အလွဲအမှားများကို အမှန်ထင်ပြီး မစွန့်လွှတ်နိုင်အောင် အယူသည်းနေလျှင် အရိယာမဂ်၏ အန္တရာယ်ဖြစ်၏။ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိမျိုး၊ အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ဟူသော အယူမှားမျိုးကို ဆိုလိုသည်။

**သုနက္ခတ္တရဟန်း။** ။ သူသည် ဘုရား၏နောက်လိုက် ရဟန်းတစ်ပါးဖြစ်ပြီး ဈာန်ကိုပါ ရထားပြီးဖြစ်၏။ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရပြီး ဒိဗ္ဗသောတအဘိညာဉ်ကို ဘုရားက မသင်ပေးသောကြောင့် ဘုရားအပေါ် ရန်ငြိုးထား၏။ ၎င်းနောက် ကောရခတ္တိယဟူသော တက္ကတွန်း၏ တပည့်သွားခံ၏။ နောက်ပိုင်း ဘုရားထံပြန်လာသော်လည်း ဘုရားအပေါ် မယုံကြည်မှု အယူသည်းနေသဖြင့် တရားမရဘဲ နောက်တော့ လူထွက်သွား၏။ (ဒီ၊ ပါ၊ ၃၊ နှာ-၁။)

**သာတိရဟန်း။** ။သူသည် ဘုရားဟောသော ဇာတ်တော်များကို နားထောင်၍ “စိတ်ဝိညာဉ်သည် တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းသွားနေ၏။ ထိုစိတ်ဝိညာဏ်သည် မပျက်မစီး အမြဲတည်နေ၏”ဟု မှတ်ယူထား၏။ ဤသည်ကို ဘုရားက ခေါ်၍ ရှင်းပြသော်လည်း သူ့အစွဲကို မစွန့်နိုင်သဖြင့် မဂ်တားဖိုလ်တား ဖြစ်သွား၍ တရားထူး မရတော့ပေ။

(မဟာတဏှာသင်္ခယသုတ်၊ မူ-ပဏ်၊၃၂၃)

**အယူသည်းသော သိဋ္ဌည်းဆရာကြီး။** ။ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလာန်တို့သည် ရှင်အဿဇိမထေရ်ထံမှ တရားနာပြီး သောတာပန်ဖြစ်သွား၏။ သူတို့ ဆရာကြီးကိုလည်း ဘုရားထံသွားဖို့ ခေါ်သောအခါ "လောကမှာ ပညာရှိနှင့် ပညာမဲ့ ဘယ်သူက များသလဲ"ဟု မေး၏။ "ပညာမဲ့က များပါတယ်"ဟု ဖြေသောအခါ "အေး..ဟုတ်တယ်။ ပညာရှိ လူနည်းစုက ဂေါတမဆီ သွားပြီး၊ ပညာမဲ့ လူများစုက ငါ့ဆီ လာကြလိမ့်မယ်။ စိုးရိမ်စရာ မရှိပါဘူး။ မင်းတို့သာ သွားကြ ပါ"ဟု ပြောပြီး နေရစ်ခဲ့၏။

**ခေတ်သစ် ပရမတ်ဆရာများ။** ။"ဖျော်ရည်လည်း အာပေါခေတ်ပဲ၊ အရက်လည်း အာပေါခေတ်ပဲ၊ အာပေါခေတ်ချင်း အတူတူ ဘာလို့ မအပ်ရမှာလဲ"ဟု ဖျော်ရည်နှင့်အရက်ကို ထပ်တူပြုလေသတတ်။

ဘူးသီး, ခရမ်းသီးလည်း ခေတ်လေးပါးဘဲ၊ ကြက်တွေ ဘဲတွေလည်း ခေတ်လေးပါးဘဲ။ ဘူးသီး ခရမ်းသီးသာ လှီးရဲပြီး ကြက်တွေ ဘဲတွေကို မလှီးရဲသေးဘူးဆိုရင် ခေတ်သဘော မပေါက်သေးလို့ ပညတ်အစွဲအလန်း ရှိနေသေး တယ်...ဟု ဆိုသတတ်။

## ဆရာမှားက ကြောက်စရာ

နဖူးစွန်းနှင့်၊ ဒူးပွန်းခံကာ၊ ကိုးကွယ်ပါလည်း၊ ဆရာလွဲက၊ ငရဲအပါယ်၊ အမြစ်တွယ်၊ ဝဋ်နွယ်ရှည်လျားရာ။

(လယ်တီဆရာတော်)

## ဝါရင်းမျိုး အချုပ်

(က) အခြားသူများ အယူသည်းနေကြသော်လည်း ငါတို့သည် အယူသည်းခြင်းမှ ကင်းစေမည်။ (သလ္လေခဝါရ)

(ခ) အခြားသူများ အယူသည်းကြသော်လည်း ငါတို့သည် အယူသည်းခြင်းကို မပြုကုန်အံ့ဟု စိတ်ကို ဖြစ်စေမည်။ (စိတ္တုပ္ပါဒဝါရ)

(ဂ) အယူသည်းခြင်းကို ပြန်လည်စွန့်လွှတ်ခြင်းဖြင့် ရှောင်လွှဲနေပါမည်။ (ပရိက္ကမနဝါရ)

(ဃ) အယူမသည်းခြင်းဖြင့် အဆင့်အတန်းကို မြင့်တက်စေမည်။ (ဥပရိဘာဂဝါရ)

(င) အယူသည်းမှုကို ပြန်လည်စွန့်လွှတ်မှုဖြင့် ငြိမ်းသတ်မည်။ (ပရိနိဗ္ဗာနဝါရ)

ဢဢဢဢ❁ဇဇဇဇ

## ဘုရားရှင်၏ နိဂုံးမှာတမ်းစကား

**၁။ ချစ်သား စုန္ဒ... တပည့်သာဝကတို့၏ အကျိုးစီးပွားကို ရှာမှီးလိုလားလျက် အစဉ်သနားခြင်း ရှိသော သင်တို့ဆရာ ငါဘုရားသည် သနားခြင်းကို အစွဲပြု၍ ပြုသင့်ပြုထိုက်သော တာဝန်ကို သင်တို့ အတွက် ငါဘုရား ပြုလုပ်ပြီးပြီ။**

(ဤစကားရပ်ဖြင့် အထက်ပါနည်းတို့ဖြင့် ငါဘုရားသည် သင်တို့အား သနားသောအားဖြင့် ဟောပြပြီးပေပြီ။ ဤမျှသည်သာ ငါဘုရားတာဝန်ဖြစ်၏။ ဤမှနောက်၌ ကျင့်ကြံအားထုတ်ဖို့ကိစ္စကား သင်တို့တာဝန်ဖြစ်၏-ဟု ပြ၏။)

**၂။ ချစ်သား စုန္ဒ… ဆိတ်ငြိမ်ရာအရပ်၌ တရားကို ရှုမှတ်ဆင်ခြင်ကြလော့။**

(ဆိတ်ငြိမ်ရာအရပ်သည် ကမ္မဋ္ဌာန်းအားလျော်သော နေရာကို ညွှန်ပြခြင်းဖြစ်ပြီး၊ ဘုရား၏ အမွေတော်ကိုလည်း အပ်နှင်းခြင်းဖြစ်ပေသည်။ ၎င်းနောက် သမထ, ဝိပဿနာတရားတို့ကို ရှုမှတ်ပွားများကြလော့ဟု တိုက်တွန်းစကားကို ပြ၏)

**၃။ သတိ မမေ့မလျော့ကြကုန်လင့်။**

**၄။ နောင်သောအခါကျမှ နောင်တ မဖြစ်ကြကုန်လင့်။**

(ဤစကားဖြင့် ရှေးအခါ အရွယ်ငယ်စဉ်, ကျန်းမာစဉ်, ၇-ပါးသော သပ္ပါယတို့ဖြင့် ပြည့်စုံစဉ်, ဘုရား သက်တော်ထင်ရှား ရှိစဉ်ခါ၌ တရားကို အားမထုတ်ပဲ အချိန်ရှိသရွေ့ စားလိုက် အိပ်လိုက် စကားပြောလိုက်ဖြင့် မေ့မေ့လျော့လျော့ နေကြပြီး နောင်ကာလ အိုသောအခါ, မကျန်းမာသောအခါ, ခေတ်ပျက်သောအခါ, ဘုရား ပရိနိဗ္ဗာန်စံသောအခါကာလ ရောက်ခါမှ နောင်တရပြီး 'တရား အားမထုတ်လိုက်ရလေခြင်း၊ အခွင့်အရေးတွေ ဆုံးရှုံးလိုက်လေခြင်း'ဟု သေခါနီးကာလမှာ ပူပန်သောက မဖြစ်ကြစေနဲ့"ဟု တိုက်တွန်းတော်မူသော စကား ပေတည်း။)

**၅။ ဤသည်ကား ငါဘုရားတို့၏ အဆုံးအမတော်ပေတည်း။**

(အထက်ပါ စကားရပ်သည် ဘုရားရှင်တိုင်း၏ အဆုံးအမ ဩဝါဒပေတည်း။)

သလ္လေခသုတ်ပြီး၏။